# အိပ်မက်မက်တမ်း

ကြယ်ရှိလင်းစင်



ချစ်သူကို ချစ်တယ်လို့
အိပ်မက်ဆန်ဆန် ရင်ဖွင့်ချင်တဲ့
ကောင်လေးကောင်မလေးများအတွက် . . .

Tech & Love Story of 2012

## ဒို့တာဝန် အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး ----- ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ----- ဒို့အရေး
- ☐ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ----- ဒို့အရေး

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☐ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ☐ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ☐ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ☐ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☐ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☐ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☐ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☐ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တောင်ဖြူညိုဝ စီစဉ်သည်။


★ စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၀၂၁၁၀၁၂ ,

★ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၁၀၁၂

★ ထုတ်ဝေသူ - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)

★ ပုံနှိပ်သူ - ဒေါ်စိန်စိန် (ကျော်စည်အော့ဖ်ဆက်)

★ ပုံနှိပ်ခြင်း - ၂၀၁၂၊ မေလ၊ (ပထမအကြိမ်)

★ မျက်နှာဖုံးဒီဇိုင်း - ကျော်ကိုလတ်

(ပညာရှင်စာအုပ်တိုက်)

★ အုပ်ရေ - ၁၀၀၀ အုပ်

★ တန်ဖိုး - ၁၅၀၀ ကျပ်

CIP

ကြယ်ငါးလင်းစင် ရွှေထု

ဒီဗ်မက်မက်တင်။ ကြယ်ငါးလင်းစင်၊ ရန်ကုန်။

ပန်းဝေဝေဝေစာပေ၊ ၂၀၁၂။

၁၉၀ - စာ။ ၁၂ × ၁၇.၅ စင်တီ။

ဒီဗ်မက်မက်တင်။

# အိပ်မက်မက်တမ်း

ကြယ်ရှိုလင်းစစ်

# Chapter (1)

## အိပ်မက်မက်တမ်း

"ဟေး...သူငယ်ချင်း..အိပ်မက်မက်ဖူးလား"

အိပ်မက်မက်တမ်းကိုရောသိလား...

ဒါဟာ သင့်အိပ်မက်ဆီ အရောက်သွားနိုင်မယ့်ဂိမ်းပါ။

Level အားလုံးကို ဖြတ်ကျော်ပြီး Secret Level ကို သင် ရောက်ရှိလာမယ် ဆိုရင်...

ကျွန်ုပ်က သင့်ကို မေးပါလိမ့်မယ်

"ကျွန်ုပ်ရဲ့ အိပ်မက်ကမ္ဘာဆီ သင်လာနိုင်မလား?"

သင်က "Yes"လို့ပြောခဲ့ရင်...

သင့်အတွက် သင်၏ညှိဖျင်းမှုများအားလုံး အတွက် သေချာ သော စကားတစ်လုံးထွက်ပေါ်လာပြီ ဖြစ်ပါတယ်။

Game Over.

အိပ်မက်မက်တမ်းကစားကြရအောင်ပါ။

"Yes"လို့ပြောခဲ့မယ် ဆိုရင်ပေါ့။

“'**Yes**' လို့ပြောလိုက်ရင်တော့
သင်…ဆိုတဲ့လူပျောက်ဆုံးသွားပါလိမ့်မယ်”

"ဟေး...ရွက်ဝါ"

စာသင်ခန်းထဲသို့ အသက်မဲ့ ကျောက်ရုပ်တစ်ရုပ်လို လေးဖင့်ဖင့်ဝင်လာသောရွက်ဝါကိုကြည့်ကာ မေသော်စိတ်တွေ လည်းလေးလံသွားသည်။

"ရွက်ဝါ...နင်နေကောင်းသွားပြီလား..ရော့ဒီမှာ..စာတွေ ငါကူးပေးထားတယ်"

ရွက်ဝါမျက်နှာသည် ကျောက်ဆစ်ရုပ်ကဲ့သို့ဖြူဖွေးမာ တောင့်နေသလိုရှိနေပြီး မျက်နှာပြင်မှာဖွေးဖွေးဖြူဆွတ်လျက်ရှိ သည်။

"မေသော်...ငါ..ငါ..လေ..နေ..မကောင်းလို့ကျောင်း ပျက်တာမဟုတ်ပါဘူး"

"ငါသိပါတယ်..ငါ နင့်အိမ်ကိုဖုန်းဆက်မေးခဲ့တယ်... နင်အခန်းထဲက မထွက်တာသုံးရက်ရှိပြီတဲ့၊ နင်ဘာလုပ်နေတာလဲရှက်ဝါရယ်... အန်တီတို့ နင့်ကြောင့် သိပ်စိတ်ဆင်းရဲနေကြတယ်"

"ဆောရီး...မေသော်..ငါ နင့်ကိုရော အမေတို့ကိုရော အား..နာ..တယ်"

"ငါကမလိုပါဘူး ကိုယ့်မိဘကိုတော့ ဂရုစိုက်ပေါ့ဟာ ဒါနဲ့ ဒီတစ်ခါ လည်းကြည်လင်ပဲ အဆင့်တစ်ပေါ့"

"ငါ အဲဒါတွေ စိတ်မဝင်စားဘူး မေသော်"

"ဘာ"

"ငါနင့်ကိုအားနာတယ်မေသော်ငါအခုစိတ်ဝင်စားတာ တစ်ခုထဲရှိတယ်"

"ဘာ နင်အဖေ နဲ့ အမေ နေကောင်းကြရဲ့လားဟင်... ဘာ တွေများ ဖြစ်ကြလို့လဲဟယ်...မြန်မြန်ပြောစမ်းပါ ရှက်ဝါရဲ"

မေသော်စိတ်တွေသည် ပူလောင်ကာ အစိုးမရဖြစ်နေသည်။ အရင်ကအချစ်နှင့် ပတ်သတ်လျှင် သစ်ရွက်လှုပ်လျှင်

တောင် နီးနီးခစ်ခစ်ရယ်တတ်သည့် ရွက်ဝါကသူ၏ မင်းသား လေးကြည်လင်အား စိတ်မဝင်စားတော့ပါတဲ့။ ပြီးတော့ သူမ ကြည့်ရတာ စိတ်နှင့်လူ ကပ်သည့်ပုံမရ။ သိချင်စိတ်က ပြင်းပြလှ သည်ဖြစ်သော်ငြား ရွက်ဝါကတော့ ခပ်ဆိတ်ဆိတ်ပုံစံဖြင့် အဖေး ကိုဖေးနေသည်။

"ဟဲ့ ရွက်ဝါ ငါမေးနေတာ ဖြေဦးလေ"

သူမ လှမ်းပုတ်လိုက်မှ...မျက်တောင်တွေကို ပုတ်ခတ် ပုတ် ခတ်လုပ်ရင်းရွက်ဝါ ဆက်ပြောသည်။

"ငါ့ အမေ နဲ့ အဖေ နေကောင်းပါတယ်..ဒါပေမယ့် ငါ.. ငါသိပ်ထူးဆန်းတာပဲဟာ..အဲဒါကိုပဲ ငါစိတ်ဝင်စားနိုင်တော့ တယ်"

"ရွက်ဝါ...နင်လူကို လူလိုနားလည်အောင်ပြောစမ်း။ မြန်မြန်ပြောစမ်း။"

မေသော်အသံတွေသည် နားမလည်မှု၊ သိချင်မှု၊ စိုးရိမ် ပူပန်မှုများဖြင့် ပူလောင်ပြင်းပြရသလောက် ရွက်ဝါမျက်ဝန်းနှင့် နှုတ်ခမ်းများကတော့ ရေခဲများအိုင်ဖွဲ့နေကြသလို အေးစက် တောင့်တင်းနေကြ သည်။

"ဟဲ့...ငါ..မေးနေတယ်လေ ရွှက်ဝါနုနု"

မေသော်သီးမခံနိုင်တော့။ ဝုန်းခနဲထရပ်ကာ အသံကို မြှင့်အော်လိုက်တော့ တစ်တန်းလုံး၏ မျက်လုံးတွေက မေသော့် ဆီဗိုင်းခနဲကျ ရောက်လာကြသည်။ ရွှက်ဝါကမူ သူမမျက်နှာဖြူ စုပ်စုပ်နှင့် လိုက်ဖက်သောသွေးမဲ့နှုတ်ခမ်းကို တွန့်ကွေးကွေးပြုံး ရင်း...

"အဲဒါက ထူးဆန်းတယ် မေသော်၊ သိပ်ထူးဆန်းတဲ့ ဂိမ်း တစ်ခု"

"ဘာ...ဂိမ်း"

"နင်သုံးရက်ဆက်တိုက် ကျောင်းပျက်ပြီး အခန်းထဲ အောင်းနေတာ ဂိမ်းကြောင့်... နင့်လိုဆယ်တန်းကျောင်းသူက သုံးရက်တိတိ အခန်းအောင်းဂိမ်းဆော့တယ်? ဟ.ဟ...အံ့သြ စရာပဲဟေ့ ဘာအတွက်လဲဟင်...သိစမ်းပါရစေ...မယ်မင်းကြီး မရယ်"

"ဟုတ်ပါတယ် ၊နင်သိရင် ဒီလိုပြောမယ်ဆိုတာ ငါသိ တယ်။ ဒီနေရာမှာနင်နဲ့ဒီလိုစကားပြောနေရတာကိုက ငါ့အ တွက်အချိန်ကုန်ပါတယ်"

မေသော်သည် ရွက်ဝါတုန့်ပြန်လိုက်သော စကားကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားရပါသည်။

"နင့်ကျောင်းစာ နင့်ဘဝတက်လမ်းထက် နင့်အတွက် ဂိမ်းကပို အရေးကြီးတယ်ပေါ့ . . . ဟား .ဟား နင်ရှုံးနေတာ အဲဒီတော့ အဲဒီလောက်ကို နင့်အတွက်ကောင်းနေတဲ့ဂိမ်းကဘာဂိမ်းလဲ"

ရွက်ဝါက သူမလက်ထဲမှ စာရွက်အပိုင်းအစအချို့ကို လက်ဖြင့် ခပ်ဖွဖွလုံးချေရင်း လေသံမျှသောအသံဖြင့်ဆိုလိုက်သည်။

"အိုပ်မက်ဂိမ်း"

"တော်တော့ . . . အဓိပ္ပါယ်မရှိတဲ့ နင့်စကားတွေတော်တော့ ရွက်ဝါ"

"ငါ...ငါ...အိမ်ပြန်တော့မယ် ...မေသော်"

"ဟဲ့.ခုလေးတင် ကျောင်းတက်ခေါင်းလောင်းထိုးတာလေ"

"ဒါပေမဲ့ . . . ငါပြန်မှဖြစ်မှာ ဂိမ်းပြန်ဆော့ရမယ် နင် . . . ငါပြောခဲ့တာတွေ မေ့လိုက်နော်"

မေသော်သည် ရွက်ဝါ၏ ထူးဆန်း၍ မှန်းဆရခက်သော မျက်နှာကို နားမလည်သလို ငေးကာ...

"အိုကလေ... ဝါမေ့ပစ်လိုက်မှာပါ ဒါနဲ့ နင်ဘာကိုမေ့နိုင်းတာလဲဟင်"

ပြောခဲ့သည့်စကားတွေကများပြားလွန်းသဖြင့် ရွက်ဝါ ဘာကို မေ့ပစ်စေချင်သလဲမှန်းဆမရ။ ဒီမေးခွန်းကြားတော့ ရွက်ဝါမျက်ခုံးတွေ တွန့်ရှုံ့သွားပြီး ဒေါသမထွက်စဖူးလေသံဖြင့်

"ဂိမ်းအကြောင်းမေ့ပစ်လိုက်"

ဟု ခပ်ဆတ်ဆတ်ဆိုသည်။

ထို့နောက် အံဆွဲထဲထည့်လျက်စ သူမကျောပိုးအိတ်ကို ဆတ်ခနဲ ဆောင့်ဆွဲထုတ်ပြီး လွယ်ပိုးလိုက်သည်။

"နင် မသွားနဲ့နော် ရွက်ဝါ နင်မသွားရဘူး ဒီနေ့ပါနင် ကျောင်းပျက်ရင် စာတွေလိုက်နိုင်မှာ မဟုတ်ဘူးဟဲ့"

မေသော်အော်ဟစ်လိုက်သောအသံသည် ပထမ အကြိမ်ထက်ပင် ပိုမိုကျယ်လောင်သွားသည်။ ထုံးစံအတိုင်း ကွက်ကြည့်ကွက်ကြည့်အကြည့်များက သူတို့နှစ်ယောက်စလုံး

ဆိုစုပြုံကျလာသည်။ ရွှက်ဝါမှာမူကား မေသော်အသံကို လုံးလုံး မကြားသည့် အလားကြောင်တောင်တောင် မျက်ဝန်းများဖြင့် သာစုးစိုက်ကြည့်ရင်း...

"ငါ...အိပ်မက်မက်တမ်း ကစားရမယ်"

ဟု အိပ်ပျော်နေသူတစ်ဦးလိုယောင်ယမ်းဆိုလိုက်၏။ သည် လောက်တားနေတာကို ဒင်းကမိုက်တွင်း နက်ချင်တုန်း။ မေသော့်စိတ်ထဲတွင် ထောင်းခနဲဖြစ်သွားရာ ကျောမိုင်းလှည့် ထွက်ဆဲ ရွှက်ဝါ ကျောပြင် အားလက်ညှိုးဝေါက်ဝေါက်ထိုး၍...

"နင်က ငပျင်းပဲ ရွှက်ဝါ နင် ငါ့ အကြောင်းကောင်း ကောင်းသိစေရမယ်"

ဟု အားရပါးရ ကြုံးဝါးလိုက်သည်။

ရွှက်ဝါကတော့ တိုးဖွဖွစကားတစ်ခွန်းဆိုသည်။ သိပ် တိုးလွန်းသဖြင့်မကြားရ။ပြီးသည်နှင့် သူမအခန်းထဲမှ ထွက်သွား သည်။ မေသော်တစ်ယောက် ဒေါသဖြစ်လွန်းသဖြင့် ဖားဖိုကြီး တစ်ကောင်လို နှိမ့်လိုက်မြင့်လိုက်ဖြစ်နေသောရင်ကို အတော် ထိန်းချုပ် ကာနံ့ ပေါ်တွင် ထိုင်ချလိုက်ရသည်။ သည်မိန်းမရွှက်ဝါ။ သူငယ်တန်း မှစလို့ယခု ဆယ်တန်း အထိ မေသော်အပေါ်တွင်

ယခုကဲ့သို့ မဆက်ဆံဖူးပါ။သူမဘာတွေမှားယွင်းသွားခဲ့သလဲ။ ဘာကြောင့်များပြော ခဲ့သော အကြောင်းတွေကို မေ့ပစ်ရမှာလဲ။ ဘာကြောင့်များ အရှုံးတစ်ယောက်လို သုံးရက်တိတိကျောင်း တောင်မတက်နိုင်ဘဲ ဂိမ်းဆော့နေရသလဲ။ ရွက်ဝါမေးသော မေးခွန်းများဖြင့် မေသော်ကမ္ဘာသည် ယောက်ယက်ခက်ခဲ့ရပြီ။ မိနစ်အနည်းငယ်ကြာလျှင် ဆယ်တန်းကျောင်းသူတစ်ဦး ဂိတ် တံခါးဝမှထွက်သွားကြောင်း အတန်းပိုင် ဆရာမ ဒေါ်ဝေဝေဦး ဆီတိုင်စာရောက်လာသည်။ အတန်းခေါင်းဆောင် မေသော် ထက် ကတော့ တောက် တခေါက်ခေါက်။

ထိုအချိန်တွင် အိမ်သို့ပြန်ရောက်နေပြီဖြစ်သော ရွက်ဝါ မှာ ကွန်ပြူတာ Screen ကိုစိတ်လှုပ်ရှားစွာဖွင့်လိုက်ပြီး ဂိမ်းမှမ အောင်မြင်သေးသော အဆင့်အားဆက်လက်ကစားရင်း Level အဆင့်များ အားလုံးဖြတ်ကျော်အောင်နိုင်သွားခဲ့ပြီဖြစ်သည်။ တလျှပ်လျှပ်တုန်နေသောရင်ဖြင့် ရွက်ဝါသည် ကိုယ့်ကိုကိုယ် အောင်နိုင်သူ တစ်ဦးလို အူလှိုက်သည်းလှိုက် ခံစားသွားရသည်။ ဒီ Level ပြီးလျှင် အမျှော် လင့်ကြီး မျှော်လင့်ခဲ့ရသော Secret Level ရောက်ပြီ။...

ဖုံတစ်လုံးလို တုန်ယင်မြည်ဟီးနေသော နှလုံးသားကို ဖိရင်း Secret Level သို့ သူမဝင်လိုက်လျှင်...

ဟေးသူငယ်ချင်း...

အိပ်မက်မက်ဖူးလား...

အိပ်မက်မက်တမ်းကိုရော သိလား...

ဒါဟာ သင့်အိပ်မက်ဆီ အရောက်သွားမယ့် အိပ်မက်ဂိမ်းပါ Levelအားလုံးကို ကျော်ဖြတ်ပြီး Secret Level ကိုသင်ရောက်ရှိလာ မယ်ဆိုရင် ... ကျွန်ုပ်က သင့်ကိုမေးရပါလိမ့်မယ်။

"ကျွန်ုပ်ရဲ့အိပ်မက်ကမ္ဘာဆီ သင်လာနိုင်မလား"

"Yes or No ?"

ရှက်ဝါသည် ဖန်သားပြင်ပေါ်မှ စကားလုံးများကို ဇောချွေးများပြန်ကာ ဖတ်နေရင်း မောက်စ်ကိုင်ထားသောလက်မှ Cursor ကို Yes or No တစ်ခုခုရွေးချယ်ရန် ရွှေ့လိုက်သည်။ ဒါခုဆိုလျှင် ရှက်ဝါသည် အိပ်မက်ဂိမ်း၏ Secret Level အတွက် အရေးအပါဆုံး ရွေးချယ်မှုတစ်ခုလုပ်ခဲ့ပြီးပြီ။

သူမရွေးချယ်လိုက်သည်ကား ...။

Yes . . .

အဲသည်နောက်ပိုင်း. . . သူမပျောက်ဆုံးသွားခဲ့လေသည်။

# Chapter (2)

## ရွက်ဝါမျောက်ဆုံးခြင်း

ဒုတိယစာသင်ချိန်ဆိုသော်ငြား မေသော်တို့၏ ဒသမတန်း(က) တစ်ခုလုံးမှာ မျောက်ရှုံနှင့်တူနေသည်။ တပေါးပေါးတဟီးဟီး ခေါ်သံ ရယ်သံ၊ ထမင်းနိုးစားသော ဂလုံးဂလွမ်းချိုင့်သံ၊ နိုးနိုးခစ်ခစ် အတင်းတုတ်သံ၊ စုံသမှသိပ်စုံ။ ဘောလုံးကွင်းမှ ပရိတ် သတ်သံလောက်နီးနီး အားပါးတရကျွှာပျက်နေသည်။ ဆရာမမလာသေးခင်ငါးမိနစ်၊ ဆယ်မိနစ်လောက်လေးကို မျောက်ခြောက် လို့မဆုံးနိုင်တော့။

မေသော်တစ်ယောက်လည်း စားပွဲထဲထိုးထည့်ထား သော ထမင်းချိုင့်ကိုဖွင့်စားကာ ဘေးဘီဝဲယာသို့ မျက်လုံးဝေ့ ရင်း ပါးစပ်ထဲသို့ ထမင်းတစ်လုပ်သွင်းထည့်လိုက်သည်။ "ဂလု" အောင်မလေး ခိုးစားရ၍ထင့်။ ထမင်းနှင့်သော်ပြား အရသာ အတော်ရှိနေသည်။ အိမ်က "ကြက်သားဟင်း" တစ်မျိုးထဲထည့် ပေးလိုက်၍ အာသာ မပြေလှ။ ခါတိုင်းများဆို "ရွှက်ဝါ" ထမင်းဗူး ထဲက အရွက်ကြော်လေးနှင့် တုပ်လိုက်ရလျှင် အားပါး...လျှာရွှန်း ပြန်သွားရော။

ခုတော့ မိန်းမကကျောင်းမလာတာ နှစ်ရက်ရှိပြီ။ ဘေးခုံ တွင် လူမရှိဘဲ ထမင်းခိုးစားရသည်မှာ ပို၍အရသာမကောင်းသလို ခံစားရသည်။ အရင်နေ့တွေက မေသော်စားလျှင် ရွှက်ဝါကကွယ် ပေး၊ ရွှက်ဝါစားလျှင် မေသော်ကကွယ်ပေးဖြင့် အတော်အလုပ် ဖြစ်ခဲ့ကြသည်။ ခုတော့ တစ်ယောက်တည်း ခိုးစားရသဖြင့် မကြုံ စဖူး "ဂလု" ဟုပင် နင်သွားရသည်။ ဩော်...စိတ်ရယ်မလုံပုံ။

"ဟွဲ ဟွဲ..မေသော်...မေသော်"

နောက်နံ့က ဝတ်ရည်က မေသော်၏ကျောကုန်းကို ပေတံနှင့် လှမ်းတို့ရင်းလှမ်းခေါ်သည်။ ထမင်းတစ်လုပ်ကို ကမန်းကတန်းမြိုချရင်း သူမနောက်သို့ လှည့်လိုက်ပြီး...

"ဘာလဲဟ"

"ညက ဂျိမ်းစ်ဘွန်းမင်းသား ဒယ်နီရက်ခရေ့ချ်ကား ကြည့်တာအရမ်းမိုက်တယ်ဟသိလား"

ထမင်းလုပ်တန်းလန်းနှင့် မေသော်၏ ကိုယ်သည် ဝတ်ရည်ရှိရာ နောက်ဘက်သို့ လုံးလုံးလျားလျား လှည့်သွားပြီး..

"ဟယ်...ငါ့ကို ငှားပါလား"

"မရှိတော့ဘူးဟ ခွေဆိုင်ကငှားတာ"

ဝတ်ရည်၏ ဘုတိုအဖြေကြောင့် မေသော်ပါးစပ် ပွစိပွစိ ဖြစ်သွားရသည်။

"အယ်...ဒါပေမယ့် ငါနင့်ကိုဇာတ်လမ်းတော့ ပြန်ပြောနိုင်ပါတယ်...ဒါပေမယ့် နင်ဘယ်သူ့မှ ပြန်မပြောရဘူးနော်"

သူ့ဇာတ်လမ်းက ရွှေထွက်နေလို့လားဟု ကျိန်ဆဲမိလိုက်သည်။

"အင်း...ဆိုပါဦး"

အဲသည်တော့မှ မယ်မင်းကြီးဟာ ဇာတ်ကြောင်းကိုဖွင့်ဟ မြွက်ကြားသည်။

"မင်းသားကပေ့ါ အိမ်ပြန်လာတာ သူ့မိန်းမဟို ... မံမီ မင်းသမီး"

"ရေချယ်ဝီးဇ်ပေ့ါ"

စထဲက ထောက်ပေးနေရပြီ။

"အဲ့ဒီ ရောဂ်ဝီးနဲ့"

"ဟွဲ့...ရောဂ်မဟုတ်ဘူး...ရေချယ်ရ်ဝီးဇ်ရောဂ်က နင့်အဘိုးအမေရိကန်သမွှတ"

"ဩော်...အေး...ငါသိပါတယ် အဲ့ဒီမှာပေ့ါဟယ် အဲ့ဒီသူ့မိန်းမရောဂ်ဆီကို ဂျိမ်းစဘွန်းကပြန်လာတာ ..."

ပြင်ပေးလို့တော့ ရမှာမဟုတ်ဘူး။ လွှတ်ပေးထားလိုက်သည်။ ဘေးနားဝန်းကျင်က တစ်ယောက်စနစ်ယောက်စက လည်းဟုတ်နိုးနိုးဖြင့် လာနားထောင်ကြသည်။ အင်း...ပွဲကတော့ စပြီ။ သူ့အရပ်နဲ့ သူ့ဇာတ်ဟုတ်လို့။

"အဲဒါ သူ့မိန်းမဆီပြန်လာတာ..အဲ...သမီးနှစ်ယောက်လည်းရှိတယ်ဟ။ ဘာတဲ့ တစ်ယောက်က စန္ဒီမြင့်လွင်နာမည်ပဲ"

"ဒီဒီပေါ့ ဒီဒီ..."

သူကကိုယ့်ကိုပြောပြနေရပါသည် ဆိုမှ ကြည့်ပြီးပြီပေါ့ ပြောလို့လည်းမကောင်း။ ခေါင်းသာခါရင်းမသိဟန်ဆောင်လိုက်ရသည်။ မိန်းမက ဒါလည်းမရပ်။

"အေး...အဲဒီလို အိမ်ပြန်လာတဲ့အချိန်မှာ ထူးဆန်းတာတွေ ဖြစ်တော့တာပဲပေါ့ သူတို့အိမ် သူတို့မိသားစုကြားထဲကို ကြောက်စရာတွေဝင်လာတယ် အဲ..အဲဒီမှာ နောက်မင်းသမီးတစ်လက်ပေါ်လာတယ် ဟဲ...ဟဲ ဟဲ...ဒီတစ်ခါတော့ ငါနာမည်သေချာမှတ်ထား တာ မေသော်ရေဘာတဲ့"

မထောက်ပေးလို့ကတော့ ဇာတ်ကားက ကိုးရီးယားကားထက်ရှည်သွားနိုင်သည်။ ပါးစပ်က ထောက်ပေးဖို့ပြင်လိုက်စဉ်...

"မပြောနဲ့"

ပါးစပ်သို့ အဖတ်လိုက်ကပ်လာသောလက်ကြီး။ ထွီ..နံလိုက်တာ။

"နင် ငါးပိရည်နဲ့ ထမင်းစားပြီး လက်မဆေးဘူး"

"ဟဲဟဲ ... မေသော်ကလည်းဟာ ... ဒီတစ်ခါ မင်းသမီး နာမည်တော့ ငါတကယ်သိလို့ပါဟ"

"ကွာ ... ကွာ ... ဆက်ပြော"

"ဟဲဟဲ ... အဲဒီမင်းသမီး နာမည်က နာအိုးမီး ဝက်"

မေသော်ပါးစပ်ယင်ကောင်ဝင်မတတ်ဟောင်း လောင်း ပွင့်သွားသည်။ သည်မင်းသမီးနာမည်ကတကယ့်ကို "သစ်" လွန်း နေသည်။ ဟိုကကြားလျှင် ဘောင်းဘီနှင့် မျက်ရည်သုတ် သွားနိုင် သည်။ (သူတို့က ထဘီမှ မဝတ်တာ)

"နာအိုးမီးဝပ်စ်ပါဝတ်ရည်ရယ် ..နင် ... ဆက်မပြောရင် ဘယ်လောက်ပေးရမလဲဟင်"

စိတ်ကအတော်ကို ကုန်နေပြီ။ ဘေးက ဝိုင်းဝန်းနား ထောင် နေကြသည့် အုပ်စုတွေကတော့ စိတ်ကုန်ဟန်မတူ။ အေးပေါ့လေ သူတို့လည်း ဖရီးရိုက်စရာမရှိတော့ သူများလေ ကြောလာမြော ကြည့် ကြတာ ပေါ့။

"ဩော် ... အေး ... ငါက Pig နဲ့ ဝက်နဲ့ မှားသွားလို့ပါ .. နင်က သာနားမထောင်ချင်တာ ဟိုမှာငါ့ပရိသတ်တွေက စောင့် နေပြီ ..ပရိသတ်ကြီး ...မင် ... ဂ ... လာ ... ပါ .."

လုပ်လိုက်သေးသည်။ R ဇာနည်ပုံစံ။

"အဲ ... အဲဒီမှာ ဂျိမ်းစဘွန်း မင်းသားရဲ့သမီးစန္ဒီမြင့်လွင်က...အဲလေ...ဒီးဒီးက သူတို့အိမ်ရှေ့ကိုက်ခင်းထဲမှာကြောက်စရာလူစိမ်းတစ်ယောက်ကိုမြင်တယ်လို့ပြောတယ် .. မင်းသားနဲ့ သူ့မိန်းမတို့ကလည်း ဒီအိမ်မှာအရင်အိမ်ရှင်မိသားစုဟာ အက်စီးဒင့်တစ်ခုခုဖြစ်ခဲ့တာ သိသွားတယ် အရင်အိမ်ရှင်ပိတာဆိုတဲ့လူက သူ့မိန်းမနဲ့ သူ့ကလေးတွေက နှစ်လုံးပြူးကြီးနဲ့ပစ်သတ်ခဲ့တယ်တဲ့ အဲဒီမှာ သူတို့ထင်လိုက်တာက...လူသတ်သမားပီတာတော့ သူ့မိသားစုဆီ ဦးတည်လာနေပြီလို့...အဲဒီမှာ စောစောကနားအိုမီးဝက်..."

"ဝက်စ်နော် ... အင်္ဂလိပ်အသံ ... တံတွေးစင်အောင်ထွက် လို့ရတယ် အမေရိကားက မင်းသမီးလာ တရားစွဲအောင်တော့မလုပ်နဲ့"

မေသော်ဝင်ဟောက်ခြင်းဖြစ်သည်။

"အေးဟေ့ ... နင့်ရဲ့ပါးစပ်ပုတ်ကြီးသာ ခဏပိတ်ထားဒီမှာဇာတ်ကကောင်းနေပြီ"

"အဲဒီမှာ ...လူသတ်သမားပီတာကိုမင်းသားကရှာနိုင်ပါ့မလား လူသတ်သမားကပဲ မင်းသားရဲ့ဇနီးနဲ့ သမီးလေးတွေကို သတ်လိုက်မလား အရမ်းရင်ခုန်ရတာပေါ့ အဲ့ဒီကြားထဲကိုစောစောက ဝက်ကဝင်လာ ..."

တောင်ရောက်မြောက်ရောက် ဗီဒီယိုကားကအခုမှလမ်း ကြောင်းမှန်ပေါ်ရောက်သလိုလို။ အားလုံး၏ မျက်ဝန်းတွေက ဝတ်ရည်၏ လေကြောတွင်မြောနေပြီ။

"အဲ ...သူကလည်း မင်းသားကို ဝိုင်းကူညီပေးတာပေါ့ဟာ အဲဒီမှာ လူသတ်သမားကိုမင်းသားက ရှာတွေ့သွားတယ်"

"ဟယ် ...ဘူလေးလဲဟင် ..."

ဘယ်သူလွှတ်လိုက်သော နောက်တောက်တောက် အသံမှန်းမသိ။ ဝတ်ရည်ကတော့ အပင်မြင့်ဟူသည် လေတိုက်ခြင်းကို လုံး လုံးမမှုပါ ဟူသော ပုံစံဖြင့် ဆက်ပြောသည်။

"အဲဒီမှာ လူသတ်သမားက ဘယ်သူဖြစ်နေလဲသိကြလား သိကြလား...သိကြလား"

နှစ်လုံးကွက်ပေးသည့် ဘိုးတော်ပမာ ...ရှာလပတ်ရမ်းလိုက်မေးနေသော ဝတ်ရည်ကိုကြည့်ကာ ရယ်ချင်စိတ်ကိုမနည်း

မြှုသိပ်ထားရသည်။ ဝတ်ရည်က သူမ၏မျက်နှာကိုအကဲရှင် မင်းသမီး စတိုင်...ရိုလိုက်ပြီး...

"တရားခံကတော့..."

"ဂေါ်ဇီလာ"

"ဟီးဟီးဟီး"

ရော်...ဖောက်ကြပြန်ပြီ။ ဟိုတစ်ယောက်ခမျာ...ခုထိကို နန့်နန့် တက်ပြောချင်သည့်ဟာ မပြောနိုင်သေး။

"လူသတ်သမားက မင်းသားပဲဟေ့"

ပြောမယ့်ပြောတော့လည်း ရုတ်တရက်ကြီးဖြစ်သည်။

"သူ့မိန်းမနဲ့ ကလေးတွေက လွန်ခဲ့တဲ့ငါးနှစ်ကထဲက လူသတ်သမားတစ်ယောက်ရဲ့အသတ်ခံရလို့သေတာ ..ကျည်ဆန်က သူ့ခေါင်းကိုထိပြီး ဂေါက်ကြောင်သွားတာ . . . အဲ့ဒါကြောင့် ကြောင် သွားတဲ့ ဂေါက်နဲ့ သူ့အိမ်စုတ်ကို အိမ်ကောင်းကြီးထင်.. သေသွားတဲ့ သူ့မိန်းမနဲ့ကလေးတွေကိုတကယ်ရှိတယ်ထင်နေ.. မြင်နေတာ..အဲဒီအမှုကြောင့် သူလည်း ကိုယ့်မိသားစုကိုယ်ပြန် သတ်တဲ့ လူသတ်သမားအဖြစ်စွပ်စွဲခံရပြီး စိတ်ရောဂါကုဆေးရုံ လည်း တက်ရတာ...ဟောဟဲ...ဟောဟဲ..."

ပြောမယ့်ပြောတော့လည်း အဲဒီလိုလွှတ်ပြောတာဖြစ်သည်။ အဖျက်အမှောင့်ဒဏ်တွေမခံနိုင်၍ အမောဆို့တာတောင် အနားမယူနိုင် ...အဆက်မပြတ် တော်ကီလွှတ်နေသည်။

"အဲဒီမှာ မင်းသားက သူ့ကိုယ်သူ လူသတ်သမားမဟုတ်ဘူး ဆိုတာ သက်သေပြဖို့အတိတ်ကိုပြန်မှတ်မိအောင်လုပ်တယ် တကယ်ကျမင်းသားရဲ့မိသားစုကိုသတ်တဲ့ လူသတ်သမားက သတ်သတ်ရှိတယ် သူကစောစောက ဝက်မင်းသမီးရဲ့ယောက်ျား ဟောင်း သူကကြေးစားနဲ့ ဝက်မင်းသမီးကို သတ်ခိုင်းခဲ့တယ် ကြေးစားကမင်းသားတို့ မိသားစုကိုလူမှားသတ်မိတာနောက်ဆုံးကျ ဝက်မင်းသမီးရဲ့ယောက်ျားဟောင်းက သူ့လူသတ်သမားကိုသူပြန်သတ်ရတယ် လူသတ်သမားလိုက်သတ်ခံရတဲ့ဝက်မင်းသမီးနဲ့ မင်းသားလည်း လွှတ်တယ်အားလုံး အိုကေသွားတယ် နောက်ဆုံးတော့ မင်းသားက သူ့ကိုယ်သူပြန်သိသွားတယ် ..ဒါပဲပြီးပြီ"

ဟင် ..ပြီးမယ့်ပြီးတော့လည်း ...အနောက်ကစက်တပ်မော် တော် ဘုတ်လိုက်သလို တဘွတ်ဘွတ်နဲ့ကို ပြောတာ။ သူပြောတာ သူ ပဲနားလည်မည်။ စောစောက အဟုတ်ထင်ကာ

နားထောင်သူတွေလည်း မဲ့ကာရွဲ့ကာအားပါးတရဆဲကာ ဆူကာ ထသွားကြသည်။ စတိတ်ရှိုးများသာဆို ပြောင်းဖူးရိုးကိုက်ရမှာ သေချာသည်။ မိရွှေဝတ်တို့က တော့ခံကြဦးပေါ့ ဒန်တာန်တန် ပုံစံဖြင့်။

မေသော်ကတော့ ဒီအကွက်တွေကို ရိုးနေပြီ။ ဝတ်ရည် တို့ ကစိတ်ရှိလျှင် ကိုးရိုးယားစီးရီးလောက်နီးနီး ဆွဲဆန့်ပြော မည်ဖြစ် သော်လည်း အာရုံများမရတော့လျှင် ...

"ဟိုးရှေးရှေးတုန်းက ...ပြီးပါပြီ"

လူစားမျိုး ဖြစ်သည်။

သည်ဇာတ်ကားကို မေသော်ကြည့်ဖူးပါသည်။

ဇာတ်ကားနာမည်က 'Dream House' အိပ်မက်ဆိုးမှ လွန်မြောက်သွားသော မင်းသားက သူ့ကိုယ်တွေ့ဖြစ်သော 'Dream House ' ဟူသော စာအုပ်ထုတ်ရင်း ဇာတ်သိမ်းသွား သည်။

"ဒါနဲ့...မေသော်...စောစောက ဇာတ်ကားငါပြောတာ အာရုံမရဖြစ်သွားတာ အကြောင်းရှိတယ်ဟ"

မိန်းမကတော့စားဦးမည့်ပုံပင်။

"ငါလေ ညက ... အိပ်မက်မက်တယ် မေသော်ရယ် ... အပြင် မှာစားမေးပွဲလည်း ဖြေစရာမရှိဘဲစာမေးပွဲဖြေရတဲ့ အိပ်မက်တွေ ချည်းလိုမ့်မက်တာ ငါ့ကိုကယ်ပါဦး"

မေသော် ... စဉ်းစားသွားရသည်။

"နင့် အပြင်ဘဝမှာ တစ်ခုခုကနင့်ကို Testလုပ်နေ လို့ပေါ့ နင်အဲဒီအတွက်စိတ်ပူနေလို့ပေါ့ များသောအားဖြင့် အဲဒီလိုအိပ် မက်ထဲမှာဆို စာမေးပွဲက Question တွေကို ငါတို့မဖြေနိုင်ဘူး ဖြေမယ် ဆိုတော့လည်းဘောပင်ကမှင်မထွက်တာ ခဲတံကျိုးတာ တစ်ခုခုဖြစ်မယ် ဒါ့အပြင်အချိန်မလောက်လို့ အဖြေလွှာပါ အသိမ်းခံရဦးမယ် ဒါမှမဟုတ် စာမေးပွဲကိုနောက်ကျရောက်တာ တို့ မမှီလိုက်တာတို့ မက်မယ် အဲဒီအချက်တွေပါရင်သေချာပြီ"

"ဘာလဲဟင်"

ဆရာတင်သောလေသံဖြင့် မေးသောဝတ်ရည်ကို မေ သော်က ...

"အဲဒါနင့်ရဲ့ကိုယ့်ကိုကိုယ်ယုံကြည်မှုနဲ့ သက်ဆိုင်နေ တယ်"

"နင့်ကိုယ်နင် အဆိုးဆုံးလို့ နင်ထင်နေတယ် တခြားလူ တွေ နဲ့ ယှဉ်တွေးပြီး အဆင့်ကောင်းကောင်း မရနိုင်ဘူးလို့ နင် ထင်နေ တယ် စာမေးပွဲအိပ်မက်ဆိုးတွေဟာ စိန်ခေါ်မှုအတွက် မပြင်ဆင် ထားတဲ့ ကိုယ့် ရဲ့စိတ်မလုံခြုံမှုကို ပြတာဟ"

"အင်း...ဖြစ်နိုင်တယ် အခုလိုပြန်စဉ်းစားကြည့်တော့မှ မနေ့က ငါအဲဒီလို ကိုယ့်ကိုကိုယ် တွေးမိပြီးစိတ်ပျက်ခဲ့တယ်"

"အဲဒါပဲပေါ့ ဒါမျိုးမမက်ချင်ရင် ကိုယ့်မှာရှိတဲ့ ကြောက်ရွံ့- မှုနဲ့ စိုးရိမ်မှုတို့ရောပြင်ဆင်စရာရှိတာပြင်ဆင်ထား နောက်လစာ မေးပွဲ အတွက်ခုထဲက အဲဒီလိုကြောက်မနေနဲ့လေ စာကိုသေချာ ကျက်ထားလိုက်ပေါ့ဒါဆိုအဲ့ဒီလိုအိပ်မက်မျိုးဘယ်တော့မှ မမက် တော့ဘူး"

"အံမယ်...နင်က တယ်သိပါလား"

"ဒီလိုပါပဲ ငါကအိပ်မက်တွေအကြောင်းစိတ်ဝင်စားလို့ လေ့ လာထားတာ"

"ငါကတော့ အိပ်မက်ဆိုရင် ပျော်ချမ်းတယ် အကောင်း ကိုမရှိတာ"

"ဟားဟား . . . အကောင်းတွေကျ နင်မမှတ်မိလို့နေမှာ ပေါ့ဟဲ့အောင်မယ် . . . အိပ်မက်တွေကမက်တက်ရင် ကိုယ့်အိပ်မက်ကိုလည်း ကိုယ်ပြန်ချုပ်ထိန်းနိုင်တယ်နော် . . ကိုယ်လိုချင်တာလုပ်နိုင်တယ်"

"တော်စမ်းပါ . . နင့်ရဲ့လေတွေ"

"တကယ်ပြောတာ ဝတ်ရည်ရ"

"Lucid Dream ဆိုတာရှိတယ် လူကိုကောင်းကျိုးပေးတဲ့ အိပ်မက်ပေါ့ တစ်သက်မှာတစ်ခါလောက်တော့ လူတိုင်းမက်ဖူးကြတာချည်းပဲ အဲဒီ Lucid အခြေအနေမှာ အိပ်မက်မက်တဲ့လူကကိုယ့် ကိုကိုယ် ယုံကြည်မှုလည်း ပိုရှိလာတယ် . . ဥပမာ - လူရှေ့ပေါ့ဖို့တို့၊ ပြဿနာဖြေရှင်းနိုင်ဖို့အားကစားတစ်ခုခု ထူးချွန်ဖို့ . . . ဆိုတာတွေကို Lucid Dream နဲ့ကျင့်နိုင်တယ်"

"တော်စမ်းပါ . . . မေသော်ရယ် . . . နင်လည်း စာမကြည့်ဘဲ ဘာတွေဖတ်လာလဲမသိဘူး အတော်အားနေတယ်ဟုတ်လား နင့်အမေဆီ ဖုန်းဆက်တိုင်ရမလား"

"အဟီး . . . ဝတ်ရည်ကလည်းဟာ . . ."

မေသော် မျက်နှာချိုသွေးလိုက်ရသည်။

"ဒါနဲ့ နင်ရွက်ဝါ သတင်း သိပြီးပြီးလား"

"ဘာကိုလဲ"

"မအိမ်ချစ် လုံးဝပျောက်သွားပြီ"

"ဘာ"

မေသော် ရုတ်တရက်ကြောင်သွားသည်။ ပြီးမှ ဝတ်ရည်ကို လျှာတစ်လစ်ထုတ်ပြလိုက်ပြီး…

"ဟဲ့ ..အရူးမ ..ငါ့လာ အရူးမလုပ်နဲ့ …ဒီနေ့ April Fool မဟုတ်ဘူး"

"ဟဲ့ ..မိန်းမ ငါတကယ်ပြောနေတာ ခုလေးတင် ငါ့အမေနဲ့ ဆရာမ အဲ့ဒီလိုပြောနေတာကြားတယ် ဒီနေ့လည်းအဲဒီအကြောင်း ပြောကိုပြောမှာ နင်မယုံရင်စောင့်ကြည့်"

ဝတ်ရည်စကားကြောင့် မေသော်တစ်ယောက် ကြောင်အသွားသည်။ ဝတ်ရည်အမေက မေသော်တို့ကျောင်းမှ ဆရာမတစ်ဦးဖြစ်သည်။ ရွက်ဝါပျောက်သွားပြီလား၊ မဖြစ်နိုင်လိုက်တာ၊ ရွက်ဝါအကြောင်း သူမကောင်းကောင်းသိသည်။ ဟိုသည်သွားတတ်သည့် လူစားမျိုးမဟုတ်။ ကျောင်းပြီး၊ ကျူရှင်ပြီးသည်နှင့် မေသော်တို့နှင့် တောင် မုန့်လိုက်မစားဘဲအိမ်ကိုသာတန်းပြန်

လွှန်းသဖြင့် တစ်အုပ်စုလုံး၏ "မအိမ်ချစ်" ဟု နာမည်ပြောင်ပေး ခြင်းခံရသူ။

အဲသလိုလူက အကောင်လိုက်ကြီး ပျောက်သွားသတဲ့လား။ ဒါပေမယ့် ပြီးခဲ့သော ရက်အနည်းငယ်ကတော့ သူမနဲ့ မေသော်က တောက်ကဆက်ဖြစ်ဖူးသည်။

စောစောက ထမင်းစိုးစားတဲ့ အချိန်တွေလို မေသော့် အတွက်အချိန်တွေသည် ပျော်စရာမကောင်းတော့ . . သူငယ်တန်းမှ ဆယ်တန်းအထိကိုယ်ဘေးတွင် တောက်လျှောက်ထိုင်ခဲ့ ချစ်ခင်ခဲ့သော အချစ်ဆုံးသူငယ်ချင်း "ပျောက်ဆုံးသွားခြင်း" သည် မေသော်အတွက် မယုံနိုင်စရာကောင်းနေသလို နာကျင်စရာလည်းကောင်းနေသည်။

ရှုက်ဝါဘာကြောင့် ပျောက်သွားခဲ့တာလဲ။ ပြန်ပေးဆွဲ ခံရသည် လား။ တံတွေးကိုတစ်ချက်မြိုလိုက်ပြီး ဝတ်ရည်အား...

"အဲတော့ ဘာတွေထပ်ကြားထားလဲ ဆက်ပြောဦးလေ ဟာ"

မေသော့်အသံသည် စောစောကလို မကြည်ရွှင်တော့ ဘဲ ငိုလုလု ဘက်ပင်ကူးနေပြီ။ ဝတ်ရည်က စာနာသလိုကြည့်ရင်း

"စခန်းမှာ အမှုဖွင့်ထားတယ်တော့ ကြားတာပဲဆက်ရှာနေ တုန်းပဲတဲ့ ငါကတော့သူပျောက်သွားတာ ပြန်ပေးဆွဲတယ်လို့ မထင်ဘူး"

"နင်က ဘာလို့ထင်လဲ ဝတ်ရည်"

မေသော် မျက်ဝန်းတွေ အရောင်လဲ့ပြာကာ ဝတ်ရည်အား စိုက်ငေးလျက်သားဖြင့် ဝတ်ရည်ကဆက်လက်၍ ...

"သူစိုးရာလိုက်သွားတာ ကြည်လင်လည်း ကျောင်းမတက်ဘူး သူတို့အတူတူ ပျောက်နေကြတယ်"

"မ...ဖြစ်...နိုင်...ဘူး.."

အသံနှင့်အတူ မေသော် ဝုန်းဆိုထရပ် လိုက်သည်။

"ဟုတ်တယ် ... မေသော် ... နင်သိချင်မှသိမယ် သူတို့နှစ်ယောက်က..."

ဝတ်ရည်၏ နှုတ်ခမ်းတွေကို မေသော် ဆက်လက်မကြည့်ဖြစ်။ စကားတစ်ခွန်းသာ သေချာအောင် ထပ်မံဆိုလိုက်သည်။

"ရှက်ဝါက အဲဒီလို လုပ်မယ့်လူမဟုတ်ဘူး.."

"ဘုန်း...ဘုန်း...ဘုန်း"

စားပွဲနှင့် ကြိမ်လုံးရိုက်သံက ကမ္ဘာပျက်မတက်ပွက်လောရိုက်နေသောအတန်းကိုမီးကိုရေဖြင့်ငြိမ်းလိုက်သည့်နှယ် ရှဲကနဲ တိတ်ဆိတ် သွားစေသည်။ ဆရာမလာပြီ။

"ဒီနေ့ တပည့်တို့ကို ဆရာမ အသိပေးစရာတစ်ခုရှိတယ်"

မပြောပါနဲ့။ ဆက်မပြောပါနဲ့တော့။ မေသော်နားတွေကို ပိတ်ထားလိုက်ချင်သည်။

"တပည့်တို့ရဲ့ သူငယ်ချင်းရွှက်ဝါနဲ့ မနေ့ညနေက ပျောက်သွားတယ်"

ဟိုနား ဒီနားက ကျွတ်စီကျွတ်စီ အသံတချို့လျှံကျလာသည်။

ပြီးတော့ တီချယ်က ဘာဆက်ပြောသလဲ . . . မေသော်ကြား တစ်ချက်မကြားတစ်ချက်ရယ် . . .။ သေချာသည်က ရွှက်ဝါသည် ကျောင်းသုံးရက်ပျက်ပြီး မနေ့ကကျောင်းလာခဲ့သည်။ သို့သော် ကျောင်းမှထွက်ပြေးကာပျောက်သွားခဲ့သည်။

ဒုတိယအချိန်ကစလို့အသက်ဝိညာဉ်ကင်းမဲ့သွားသော မေသော်သည် ဘယ်သူနှင့်မျှစကားမပြောနိုင်တော့ဘဲ တစ္ဆေတစ် ကောင်လိုအသက်မဲ့လမ်းလျှောက်ရင်းအိမ်ပြန်ခဲ့သည်။

ဝတ်ရည်သာမက တခြားလူတွေပြောသည့် နိုးရာလိုက်ပြေးကြောင်းစကားတွေကို သေတောင်ယုံမည်မဟုတ်ပါ။ သို့သော်သူမ ဘယ်ပျောက်သွားမှန်း မသိ၍လည်း ဝေခွဲမရတော့ဖြစ်မိသည် အမှန်။ ရွှက်ဝါနှင့်မေသော်သည် သူငယ်တန်းကတည်းက အိမ်နီးချင်းကျောင်းသွားဖော် တိုးတိုးဖော်များဖြစ်ကြသည်မှာ ယခု ၁၆ နှစ်သမီးအထိ။ ယခုကျတာလျှောက်လုံးရှိခဲ့သော ငယ်သူငယ်ချင်း အရင်းကနိုးရာလိုက်သွား သည်ဟူသောသတင်းစကားများနှင့် ရုတ်တရက်ကြီး ပျောက်သွားသည်မှာ မယုံနိုင်စရာကောင်းလှသည်။ ဪ…ဒါကြောင့် မနေ့ကရွှက်ဝါမေမေက မေသော့်ကိုခြံရှေ့က မောင်းထုတ်ခဲ့တာဖြစ်မည်။ ရွှက်ဝါတို့မိဘနှစ်ပါး ကမေသော်ကို ဘာကြောင့်မှန်းမသိ၊ သိပ်ကြည့်မရကြပါ။ သူတို့သမီး ရွှက်ဝါစာသိပ်မတော်ခြင်းမှာ မေသော်ကြောင့်ဟု အမြဲဆူပူလေ့ရှိကြောင်း ရွှက်ဝါပြောပြခဲ့ဖူးသည်။

သေချာတာကတော့ ရွှက်ဝါနနကို မေသော်ထက်က ဘယ်တုန်းကမှ မည်သည့်အခါကမှ တမင်တကာ ဖျက်ဆီးခြင်းတော့ မရှိခဲ့။ အဲ . . . တစ်ခုပဲ။ ကြည်လင်ပေါ်မလာခင်ချိန်လေး အထိ ဆိုပါတော့။ ကြည်လင်နှင့် ရွှက်ဝါချစ်သူဖြစ်သွားချိန်က မေသော် သိလျက်သားနှင့် ဆိတ်ဆိတ်သာနေခဲ့သည်။ တကယ့်သူငယ်ချင်းကောင်းဖြစ်လျှင် ယခုလိုအရွယ်မျိုးတွင် ရည်းစားမထားသင့်သေးကြောင်း တား မြစ်သင့်မှန်း မေသော်သိပါသည်။ သို့သော် ရည်းစားမွန်ချိန်တွင် သူငယ်ချင်းစကားက နှမ်းစေ့ခန့်မျှပင်မတိုးမှန်း မိန်းကလေးသူငယ် ချင်းအချင်းချင်း တားမြစ်ဖူးသူတိုင်းသိကြသည်။ ထို့ကြောင့် ထိုကိစ္စကို မေသော်လည်း မတားခဲ့။ ဒီလောက်လိုက်လျောပေးလျက်နှင့် များတောင် ခုများတော့....။

ထို့နောက် အိမ်အပြန်လမ်းတွင် မေသော်သည် ရွှက်ဝါနှင့် ပတ်သက်သမျှ အကြောင်းခြင်းရာများအားလုံးကို ဖင်တပြန်ခေါင်းတပြန် စဉ်းစားပြီး တစုံတခုကို ပြင်းပြင်းပြပြသတိရမိသွားတော့သည်။ ရွှက်ဝါက မေ့ထားနိုင်းသော အကြောင်းအရာတချို့ အိမ်ပြန်ရောက်သည်နှင့် ဝတ်ရည်ဆီဖုန်းခေါ်ခဲ့လေသည်။

"ဟဲလို"

ဝတ်ရည်ဖုန်းထူးသံကြားသည်နှင့်...

"ငါအခု နင့် အကူအညီလိုနေတယ်...ဝတ်ရည်"

"မေသော်ထက်ရယ်...ဘာပြဿနာရှာဦးမှာလဲဟယ်. နင့်လည်းဒုက္ခ"

"ဩော် .. ဝတ်ရည်ရယ် ... ငါတို့မှ ရွက်ဝါကိစ္စမပူရင် ဘယ်သူကပူပေးပါ့မလဲရွက်ဝါအနီးကပ်ပေါင်းတာဆိုလို့နင်ရယ် ငါရယ်ပဲ ရှိတာလေ .. အဲဒါတောင် နင်ကရှောင်ချင်သေးလား"

"ဟုတ်ပါပြီ..နင်က အများအကျိုးဆောင်ရတာ အတော်ဝါသနာပါတယ်နော် . မနက်ဖြန်တံမြက်စည်းလှည်းမယ့် အဖွဲ့ထဲ ငါ့ကိုမထည့်ရင် နင်ပြောတာကူပေးမယ် ဟဲဟဲ"

"လာခဲ့"

ခပ်နာနာလေးဆဲ ရေးလိုက်ရသည်။ မေသော်က ဒုတိယအတန်း ခေါင်းဆောင်ဖြစ်ကာ အခန်း၏ဝေယျာဝစ္စပိုင်း များကို တာဝန်ယူရသည်။ ထို့ကြောင့်ဝတ်ရည်လို အချောင်ခို သမားများက မေသော်အားအားလျှင်အားသလို အပေးအယူ လုပ်မှုကိုလည်း သည်းခံရပါသည်။ အခုလည်း ...ကိုယ်ဘက်က တစ်ထစ်လျှော့ရမည်။

"အေးအေးကောင်းပြီ ...နင်မပါစေရဘူး"

ဟဲဟဲ။ ... နောက်တစ်ခေါက်မှသွင်းမှာဟု စိတ်ထဲက လျှောင်ရယ်ရင်းကျိတ်ပြောရသည်။

"အဲဒီတော့ ငါဘာကူရမလဲ"

"နင် ...နင့်အမေဆီက ရှက်ဝါသတင်းတွေစုံစမ်းပေး ဟာ အထူးသဖြင့် သူ့မိဘဆီကတဆင့် ကျောင်းကသိရတဲ့အပိုင်း တွေပေါ့"

"OK . . .OK အဲဒါပဲ နင်သိချင်လား"

"အင်း...ဘိုင့်နော်ဖမသော်"

"ဘိုင် ဝတ်ရည်"

ဖုန်းခွက် ကိုယ်ဆီချခါနီး...

"ခဏ...ဝတ်ရည်"

"ဘာလဲဟာ..."

ဝတ်ရည်အသံက စိတ်ပျက်သလို လေးနွဲ့ပျင်းတွဲ့နေပြီ။

"ဟိုလေ..."

"အင်း...ဘာဟိုလဲ"

"ဟိုဟာ ..."

"အင်း ...ပြောလေမသော်ရာ စိတ်မရှည်တော့ဘူး"

"ဟို . . နှင်စုံစမ်းရင် တစ်ခုပဲသေချာစုံစမ်းပေး . . ဂိမ်း တစ်ခုကြောင့် များလား လို့"

"အန် ...ဘယ်လို"

"ဩော် ....ဂိမ်းတစ်ခုကြောင့်များ သူပျောက်သွားခဲ့တာ လားလို့"

ဝတ်ရည်၏အသက်ရှုသံပြင်းပြင်းအား ဖုန်းခွက်ကိုနား ဖြင့် ကပ်ကာ နားထောင်ရင်းမသော်စိတ်တို့လည်း လှုပ်ခတ်နေ မိသည်။ ထိုဂိမ်း ကိုဝတ်ရည်သိနေပါသည်လား။

ငါးစက္ကန့် ...ခန့်မျှ သူတို့ တိတ်ဆိတ်သွားပြီးမှ ...

"ဝါးဟားဟား"

ဝတ်ရည်၏ဝါးလုံးကွဲရယ်သံက ဖုန်းထဲတွင်ပင်အတော် ကျယ်လောင်နေသည်။ မသော်သိလိုက်ပြီ။ ဒါရယ်စရာကြီးပါ ဟု လှောင်ပြောင်သည့်သဘောစုတော့ မသော်ဝင်္ဂလည်ပါပြီ။ သူမလည်း ရှက်ဝါကိုလှောင်ခဲ့ဖူးသည်။ သက်ပြင်းသာချရင်း လက်ထဲကဖုန်းခွက်ကို စိတ်ဓာတ်ကျဆင်းစွာချလိုက်မိသည်။

ဒီကမ္ဘာလောကကြီးထဲရှိလူအားလုံးတွင် မေသော်ပြောသည်ကို ယုံကြည်သူတစ်ဦးတစ်လေ ....အမှန်တကယ်လိုအပ်နေပါသည်။ စိတ်ထဲကသေချာလွန်းရပါလျက် အများလက်မခံသည့် ခံစားချက်မျိုး မေသော်တွင်အိုင်ဖွဲ့နေသည်။ သို့သော်...လက်ကတော့မလျှော့။ ရွှက်ဝါရေ . .နင်ရှိတဲ့အရပ်ကို ငါလည်းလိုက်ခဲ့မှာပါ။ နင်ကအိမ်မက်ထဲမှာရှိခဲ့ရင် ငါကအိပ်မက်မက်ပစ်လိုက်မှာဖြစ်ပြီး နင်က ဂိမ်းတစ်ခုထဲရောက်နေရင်လည်း ငါကပါဝင်ကစားပေးမယ့်သူဖြစ်လာမှာပါ... ငါကနင့် သူငယ်ချင်းပဲမဟုတ်လား။

ထိုနေ့က ဝတ်ရည်ဖုန်းမချခင် နောက်ဆုံးသတင်းပေးသွားခဲ့သည်။ ကြည်လင်စက သူ့ကျောင်းပျက်မည့် အကြောင်းခွင့်ကြိုတိုင်ခဲ့သည်တဲ့။ သည်လိုဆိုတော့ ရွှက်ဝါ၏မကောင်းသတင်းကိုရပ်တန့်ပေးနိုင်ပြီဖြစ်သည်။

ရွက်ဝါပျောက်ဆုံးသည့် တတိယနေ့။

မေသော် ယနေ့ကျောင်းလာရသည်မှာ စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းလွန်းလှသည်။ ကျောင်းသို့ရောက်သည်နှင့် သူမကိုကြည့်ကာအုပ်စုဖွဲ့ အတင်းတုတ်နေသော မိန်းကလေးများကိုတိုင်အကွယ်မှာ၊ အခန်းထောင့်မှာ၊ ကန်တင်းမှာ…စသည့်နေရာများတွင် ဆက်တိုက်ဆိုသလိုမြင်တွေ့နေရပြီး ၎င်းတို့၏မျက်နှာအနေအထားကိုကြည့်ရုံနှင့် မေသော်ထက်တို့ဘယ်လောက်သုံး စားမရဖြစ်နေကြောင်း သေချာနေသည်။ ကျွတ်(စ်) … အလကား ဆန်ကုန်မြေလေးတွေပါ ဟုစိတ်ထဲမှာ တွေးရင်း…ကိုယ်ခံ့ဆီသို့သာ တည့်တည့်လာကာစားပွဲအောက်သို့ ကျောပိုးအိတ်ကိုထိုးထည့် လိုက်သည်။

"နင်ကဘာလို့အဲဒီလိုလုပ်တာလဲမေသော်ခုတော့နင်ကွဲပြီ"

"ဘာကိုလဲဝတ်ရည်ရ"

"သူများတွေရှေ့မှာအကြီး အကျယ်ရန်ဖြစ်ခဲ့ကြတာ လေနင်တို့ အဲဒီလိုမဖြစ်သင့်ဘူးနော် .. အခုတော့သူများပြော စရာဖြစ်ကုန်ပြီ"

"ဩော် ... သူတို့တွေ ငါနဲ့ရွှက်ဝါရန်ဖြစ်တဲ့ အကြောင်း ပြောနေကြတာလား"

"အေးပေါ့ဟဲ့... ရွှက်ဝါပျောက်တဲ့နေ့က နင်နဲ့အော်ကြီး ဟစ် ကျယ်ဖြစ်ခဲ့တာတစ်တန်းလုံးအသိပဲလေ..ပြီးတော့နင်က"

မေသော်ခပ်မဲ့မဲ့တစ်ချက်ပြုံးလိုက်ပြီး ...

"ရပါတယ်..ဆက်ပြောပါဝတ်ရည်..ငါက...ဘာဖြစ်လဲ"

ဝတ်ရည်မျက်နှာတွင် အားနာဟန်အနည်းငယ်ဖြတ် ပြေးသွားကာ ...

"နင်က...ရွှက်ဝါကိုငါ့အကြောင်းကောင်းကောင်းသိရ မယ်လို့ လက်ညှိုးထိုးကြိမ်းခဲ့တာကို၊ အဲဒီလိုပြောပြီး ရွှက်ဝါ ပျောက်သွားတော့ နင့်ခေါင်းကျပြီပေါ့"

"လူပဲဒေါ်သဖြစ်တုန်းတော့ကြိမ်းချင်ကြိမ်းမယ် ကျိန်စာတိုက်ချင်တိုက်မယ် ဒါပေမယ့်အဲဒါကဒေါသပဲလေ တကယ့်စိတ်ရင်းမှ မဟုတ်တာ အဲဒါကိုဆရာမတွေကနားလည်လို့ အခုထိင့်ါကိုဘာမှ မမေးကြတာ ပေါ့ မဟုတ်ဘူးလားဝတ်ရည်"

"ငါ့အထင်တော့နင် အစစ်ခံရမှာပါမေသော် ဒီသတင်းက ဒီနေ့မနက်မှထွက်တာမဟုတ်လား အားလုံးကအဲဒီအကြောင်းကိုမေးနေကြတာ ဘယ်သူကများနင့်ကို ချောက်တွန်းလိုက်လဲမသိဘူး တကယ်ဆိုမနေ့ကအထိ နင်နဲ့ရှက်ဝါ ရန်ဖြစ်ခဲ့တာမေ့နေကြတာ"

"ဘယ်သူကမှချောက်တွန်းတာ မဟုတ်ပါဘူးဝတ်ရည်ရယ် တစ်ချိန်ချိန်သူတို့ ဒါကိုသတိရသွားမယ်ဆိုတာ ငါမျှော်လင့်ပြီးသားပါ"

မေသော်မျက်နှာသည်…မိုးဦးရာသီလိုအုံ့မှိုင်းညှိုးဆိုင်းနေသည်။

"နင်နဲ့ရှက်ဝါဘာလို့အဲဒီလိုဖြစ်ခဲ့တာလဲမေသော်"

ဝတ်ရည်ကမေးနေပြီ။ အဲဒီမေးခွန်းကိုမေသော်တို့ ရန်ဖြစ်သည့် နေ့ကလူတိုင်းမေးခဲ့ကြပြီး မေသော်ကလူတိုင်းကို အဖြေမပေးခဲ့ချေ။ပြောလည်း နားလည်မည်မှမဟုတ်တာ။ အဆုံးစွန်ပေါက်ကွဲနေသည့် လူနှစ်ဦး၏ ပေါက်ကွဲခြင်း အကြောင်းရင်းကိုအဆုံးစွန်သိချင်ကြခြင်းကလူတွေ၏သဘာဝ ဖြစ်ကောင်းဖြစ်မည်။ သူတို့သိလိုသော အဖြေကိုမရရှိနိုင်သော အခါထိုထူးဆန်းသော ရန်ပွဲကိုလူတိုင်းစိတ်ထဲတွင် တေးမှတ် ထားကြလိမ့်မည်။ အခုတော့ အကွက်ဆိုက်ပြီ။ ရွက်ဝါပျောက် သွားသည့်အတွက် ကျန်ရစ်သူ မေသော်ကတရားခံဖြစ်တော့ မည်။ တရားခံမဖြစ်ချင်လျှင်ရန် ဖြစ်ရသည့် အကြောင်းရင်းကို ဖော်ရမည်။ အမြဲမခွဲတတွဲတွဲဖြင့် သိပ်ချစ်လှပါသည် ဟူသော သူငယ်ချင်းနှစ်ဦး၏ရန်ပွဲဖြစ်ပွားရခြင်း... အကြောင်းရင်းကို... ဖော်ထုတ်ရတော့မည်လား။

မေသော်ကတော့မဖော်ထုတ်... မဖွင့်ဟချင်ပါ။

"နင်အဲဒီလို ပါးစပ်ပိတ်နေ လူတွေကနင့်ကိုမိန်းမယုတ် ကြီး အဖြစ်ပြောလေပဲ မိသော်ရယ် မသိရင်နင်ကပဲ ရွက်ဝါ ပျောက် အောင်လုပ် သလိုဖြစ်နေပြီ အမှန်ကိုမြင်စမ်းပါဟာ"

ဝတ်ရည်၏ ဖြောင်းဖြစကားကို ကြားတစ်ချက်မကြား တစ်ချက်ရယ်နှင့် အတန်းထဲမှ ထထွက်လာခဲ့သည်။ သေချာသည်ကတော့ . . . မမသော်တို့နှစ်ယောက်ကြားက ရန်ဖြစ်ရခြင်း အကြောင်းအရင်းကို ဘယ်သောအခါမှဖွင့်ပြောလိမ့်မည်မဟုတ်ပါ။

"သမီးမေသော် တီရှယ်တို့ကြည်လင်ခ ဆီသေချာအောင် ဖုန်းဆက်ခဲ့ကြတယ် ကြည်လင်က အိမ်မှာဖျားနေခဲ့တာ ခွင့်လည်းကြိုတိုင်ခဲ့တယ် အဲသည်တော့ အားလုံးထင်သလို မဟုတ်ဘူး၊ တစ်ခုပဲဘာကြောင့် ရှက်ဝါနဲ့ရန်ဖြစ်ခဲ့ရတာလဲ အမှန်အတိုင်းဖြေစေချင် တယ် သမီးရယ်"

လေသံအေးအေးလေးဖြင့် တရားချနေသော ရှေ့ဆီမှ အတန်းပိုင်ဆရာမဒေါ်ဝေဝေဦးကိုကြည့်ကာ မေသော်ပြုံးလိုက်သည်။ မေသော်၏ အပြုံးကိုမြင်လျှင်ဆရာမမျက်နှာ ကွက်ကနဲ ပျက် သွားပြီး။

"ဝုန်း"

စားပွဲကိုကြိမ်လုံးဖြင့် ခပ်ပြင်းပြင်းတစ်ချက်ရိုက်လိုက်၏။ ပြီး...

"အေး...နင်မပြောရင်ပြောတဲ့လူကိုရှာရမယ်ဟေ့ မိုက်လုံးကြီးတဲ့ တပည့်...တစ်လလောက်ကျောင်းနားချင်တာလား..ဟင် ဖမသော်ထက်"

ပြင်းထန်စူးရှသောအသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။မေသော်သည် မျောက်တစ်ခါချော့တစ်လှည့်ဖြင့် ပင်ပန်းနေသော ဒေါ်ဝေဝေဦးအား စိတ်မသက်မသာသလို တစ်ချက်ကြည့်ကာ...

"သမီးကိုကျောင်းနားချင်ရင်လည်းကျောင်းနားလိုက်ပါ ဟီချယ် အဲဒီအကြောင်းကိုတော့ သမီးဘယ်တော့မှ ပြောမှာမဟုတ်ဘူး"

"ဗုန်း ..."

"မေသော်ထက်"

စားပွဲနှင့်ကြိမ်လုံးရိုက်ခတ်သံ။ အဲဒီနောက် ခပ်ဆိုးဆိုးတပည့်အမည် အားအော်ဟစ်လိုက်သံသည် ဒသမတန်းတစ်ဆောင်လုံးကိုဟိန်းထွက်သွားတော့သည်။

"သမီးမေသော် . . . သမီးကဆယ်တန်း(A)ရဲ့ အတော်ဆုံး ကျောင်းသားထဲမှာ ထိပ်တန်းတစ်ယောက်နော်"

"ထိပ်ဆုံးမဟုတ်ပါဘူး တီချယ်ရယ် ဒုတိယပါ"

မေသော် ကိုးလို့ကန့်လန့် ဖြေတော့...တီချယ် ပိုဒေါသထွက်သွားပြီး...

"သမီးနဲ့ ရွက်ဝါဟာ အဆင့်ကြောင့်တော့ ရန်ဖြစ်မယ့်လူတွေမဟုတ်ဘူး..."

ဟုတ်သည်။ မေသော်က အဆင့်သုံး သို့မဟုတ် နှစ်ရချိန်တွင် ရွက်ဝါက (၅၃) သို့မဟုတ် (၅၂) ရသည့်အချိန် မဟုတ်လား။

"ပြီးတော့ ရွက်ဝါနဲ့သမီးဟာ သူငယ်တန်းကနေအခုထိ တစ်ခါမှရန်ဖြစ်လေ့မရှိတဲ့ အကြောင်းကိုလည်း သမီးတို့ရဲ့ငယ်ငယ် တုန်းက အတန်းပိုင်ဆရာမတွေကိုမေးလို့ သိပြီးပြီးအခု တီချယ်တို့ သိဖို့လိုတာ တစ်ခုဘဲကျန်တော့တယ် သမီးမေသော် အဲ့ဒါသမီးတို့ ရန်ဖြစ်ရတဲ့ အကြောင်းရင်းပဲ ရွက်ဝါမပျောက်ခင်က ထူးခြားတာဆိုလို အဲဒါပဲဖြစ်ခဲ့တယ်လေ။ ဒါကြောင့် အဲ့ဒီအကြောင်းကိုဖော်ထုတ်ရမယ့်တာဝန် တီချယ်တို့မှာရှိတယ် ကိုယ့်သူငယ်ချင်းကို မကာယ်ချင်ဘူးလား သမီးရယ်ဟင် "

တီချယ့်အမေးက မေသော့်နှလုံးသားကို ဆွဲနှုတ်ပစ်လိုက် သလိုကျင်ကနဲဖြစ်သွား၏။ တီချယ်မျက်ဝန်းတွေဆီ သူမ ငေးကြည့်ရင်း…

"ကယ်ချင်တာပေါ့ တီချယ်ရယ် ဒါပေမယ့် မပြောတာက မှသူ့ကိုပိုကယ်တာပါ ပြောလိုက်ရင် … အဓိပ္ပါယ်မဲ့တယ်ပဲ ပြောကြမှာ"

ဒေါ်ဝေဝေဦးမျက်ခုံးများ အထက်သို့မြောက်တက်သွားပြီး။

"ကောင်းပြီ … မေသော် … တီချယ်သမီးကိုနားလည်ပါတယ်သမီးတို့အရွယ်ကကိုယ့်အတွေး…ကိုယ့်အကြံကသာအမှန်လို့ထင်တဲ့အရွယ်မဟုတ်လား . . အကယ်၍သမီးအတွေး . . သမီးအကြံကအမှန်မဟုတ်ခဲ့ဘဲ ကိုယ်သူငယ်ချင်းကိုပါ မထင်မှတ်ဘဲ အသက်သေဆေစခဲ့မယ်ဆိုရင် …"

"တီ…ချယ်"

မေသော်စူးခနဲ အော်ပစ်လိုက်ခြင်းဖြစ်သည်။

"အေး . . သမီး မခံစားနိုင်ဘူးမဟုတ်လား တီချယ်သိပါတယ် လူတိုင်းအခုအပြင်မှာ ပြောနေတာကဘာလဲသိလား

မေသော် . . . မေသော်ထက်က ရွက်ဝါနုနုလှနေတာမနာလိုလို့ ရွက်ဝါပျောက် သွားတာကိုဖုံးကွယ်ပေးတာ ပြီးတော့ မေသော် ထက် က ရွက်ဝါနုနု ကို...''

''တော်ပါတော့ တီချယ်ရယ် တော်ပါတော့''

မေသော်ရင်တွေ လှိုင်းလုံးကြီးများ အဆက်မပြတ်ရိုက် ခတ်သောကမ်းပါးလို...အခြေမဲ့လှပါပြီ။

''ဒီမှာ ...သမီး...ရွက်ဝါအခုဘယ်ရောက်ပြီး ဘာဖြစ်နေ လဲ ဆိုတာဘယ်သူမှမသိနိုင်ဘူးလေ . . အကယ်၍များ သမီး သူငယ်ချင်း က ရောင်းစားခံရမယ်၊ မတရားကျင့်ခံနေရမယ် အသတ်ခံရမယ်ဆိုတဲ့ အခြေအနေတွေကို သမီးကြိုစဉ်းစား ကြည့်ပါဦး..အဲဒါဆို ဘယ်လိုလုပ်ကြမလဲမေသော်ရယ် ...သမီး ပါးစပ်က ဒီစကားလုံးလေးတွေက ကတိစကားဖြစ်နိုင်သလို ရွက်ဝါနုနုရဲ့အသက်ကို လက်မတင်လေးကယ်နိုင်တဲ့ စကားလုံး လည်း ဖြစ်နိုင်တယ်လေ''

တီချယ့် ...စကားလုံးတွေက မေသော် ကြိုတင်စဉ်းစား ပြီး သားတွေပါ။ ဒါနှင့်များတောင် စိတ်လှုပ်ရှားမှုကတားမရ၊ သူမ၏ခေါင်းမာမှုကြောင့် ရွက်ဝါသေသွားနိုင်သည်လား။

တီချယ်နှင့် မေသော်ကြားတွင် ကွဲပြားသောအမြင်တွေ ရှိနေနိုင်သော်လည်း ရွက်ဝါနုနုအပေါ်တွင် တူညီ သော စိတ်နှလုံးသား တော့ရှိထားသည်။ သည်တော့ လိုရင်းကိုပြောချမှဖြစ်တော့မည်။

"သမီးပြောပြလိုက်ရင် ... တီချယ်ဘယ်သူ့ကိုမှ ပြန်မပြောရဘူး ဒါကို ကတိပေးနိုင်မလား"

တီချယ့်မျက်လုံးများထောင့်ကပ်သွားသည်။ တစ်ခုခုကို အသည်းအသန်တွေးနေပုံမျိုး။ တီချယ်ဒေါ်ဝေဝေဦးကို လေးစားရသည်က အဲသည့်အချက်တွေပါသည်။ တီချယ်ကတပည့်တွေကို ကလေးတွေလိုမဆက်ဆံ။ တကယ့်လူကြီးတွေလို တန်ဖိုးထား ဆက်ဆံခြင်းဖြစ်သည်။ အခုလည်းမေသော့်လိုကလေးတစ်ယောက်အတွက် ပေးရမည့်ကတိကိုတီချယ်အလေးအနက်ထားစဉ်းစားနေပြီ။

အတန်ကြာမှ...

"ကောင်းပြီ တီချယ်ကတိတည်စေရမယ်"

မေသော်နှင့်တီချယ်သည်ဖြတ်ဆို အကြည့်ချင်းဆုံသွားကြသည်။ မေသော်ဝန်ခံစကားပြောသည်။

"သမီးတို့ရန်ဖြစ်ခဲ့တာကိမ်းတစ်ခုကြောင့်ပါတီချယ်"

"သူအဲဒီကိမ်းကြောင့်ပျောက်သွားတာဖြစ်မှာ"

"ဟင်..."

တီချယ်... တအံ့တသြဖြစ်နေပုံရသည်။

ထို့နောက်တော့...မေသော်ထက်တစ်လ...ကျောင်းနားခံရပါသည်။ ဆရာမအားလိမ်လည်ထွက်ဆိုမှု ဟူသောခေါင်းစဉ်ဖြင့် ကျောင်းဝင်းထဲမှာ အထုတ်ခံခဲ့ရခြင်းဖြစ်သည်။ အခုတော့ အတန်းထဲတွင် အတော်ဆုံးကျောင်းသူသည် စာရိတ္တချို့တဲ့မှုပြစ် ချက်ဖြင့် ခပ်ဆိုးဆိုးကျောင်းသူဖြစ်ခဲ့ပြီ။

ဘုရားပန်းရောလဲဖို့သတိရကြရဲ့လားမသိ။

ဒီနေ့...စုံညီကျောင်းသား Meeting ရှိတာသတိရကြပါ့မ လား။

မေမြတ်မွန် အဖေဆုံးတာကူကြေး ကောက်ပေးကြရဲ့လား။

လာမယ့်အပတ်ဆို အသန့်ရှင်းဆုံးဆုရွေးတော့မှာ။ ပြီး တော့ကြက်ခိုးတွေရှင်းပြီးကြပြီလား မသိ။

အရေးကြီးဆုံးက ရွက်ဝါကိုရောပြန်တွေ့ကြပြီလား . . . ငါ့ခဏကျောင်းသွားရင် ကောင်းမလား။

လူကသာအိမ်မှာရှိနေသော်လည်း မေသော့်စိတ်တွေ က ကျောင်းဝန်းထဲမှာသာ ကျန်ရစ်နေပါသည်။ ဒုအတန်းခေါင်း ဆောင် တာဝန်ကိုဘယ်သူ့ကိုမှမလွှဲခဲ့ရ။ စောစောကတွေးပူနေ သော ကိစ္စ များ အဆင်ပြေပါ့မလားဟုတွေ စိတ်ပူမိနေသည်။ တီချယ်ကတော့ ယာယီခေါင်းဆောင်တစ်ယောက်ထားမှာပဲ။ သို့သော်ထိုတစ်ယောက်ကမေသော့်လောက်တော့တာဝန်တွေ ကိုအသေးစိတ် လောလောဆယ်သိရှိဦးမှာမဟုတ်။ ထို့ပြင်စိတ် အပူဆုံးကရွက်ဝါ။ ရွက်ဝါကိုတစ်ဦးဦး ကယ်တင်မှဖြစ်မည်။ ထို့ကြောင့် အတန်းကို သံယောဇဉ်မပြတ်စွာ ကျောင်းရှေ့သို့ မေသော်ရောက်ခဲ့သည်။ ဂိတ်ပေါက် အစောင့်ဦးလေးကြီးက မေသော် ကိုဂရုဏာ သက်စဖွယ်ကြည့်၏။ ကျောင်းနားခံထားရ သော ကျောင်းသူကို ဝင်းတံခါးဖွင့် ပေး၍ မဖြစ်။

"တီချယ်ဒေါ်ခေဝေဦးနှင့်တွေ့ချင်လို့ပါရှင်"

"စကားစောင့်ကလေးမ"

တီချယ်ကတော့မေသော်စကားကိုမယုံကြည်ခဲ့ပါ။ ဂိမ်းတစ်ခုကြောင့်ရှက်ဝါ ပျောက်ဆုံးခဲ့သည်ဟူသော မေသော့်စကားကို တီချယ်မယုံခဲ့။ သို့သော်ဂိတ်ဝအထိထွက် လာပြီမေသော်ကိုတွေ့သည်။

တီချယ်မျက်နှာကခပ်နွမ်းနွမ်းရယ်။ အင်းပေါ့ . . . တတော်သော တပည့်တစ်ယောက်ကို ကျောင်းနားထားရခြင်းကိုတီချယ့်လည်းဘယ်စိတ်ကောင်းလိမ့်မလဲ။

"သမီး Duty List တွေရေးလာခဲ့တယ်တီချယ်။ တီချယ်ယာယီခန့် လိုက်တဲ့ဒုခေါင်းဆောင်အဆင်ပြေအောင်ပါ"

"ဒီမှာပါ"

မေသော်အသင့်ယူလာသောစာရွက်လေးကို ဂိတ်သံတိုင်များကြားမှ တီချယ်လက်ထဲ ထိုးထည့်ပေးလိုက်တော့ . . . တီချယ်က မေသော်ကိုခပ်လေးလေးကြည့်ရင်း . . .

"ဘာလို့တီချယ်ကိုလိမ်ရတာလဲမေသော်ရယ် အခုဆိုရင် ရှက်ဝါပျောက်တာသုံးရက်ရှိပြီ ခုထိသမီးစိတ်ကို မပြောင်းနိုင်သေးတာလား"

မေမေသော်ပြုံးသည်။ သို့သော် အင်မတန်အားတင်းထား ရသောအပြုံး။

"သမီးလူတွေကိုဘာလို့အဲဒီအကြောင်းမပြောခဲ့တာလဲ သိလားတီချယ်...တီချယ်ထင်သလိုသမီးတို့နှစ်ယောက်ကြားက ကတိကြောင့် မဟုတ်ပါဘူး"

"ဒါဆိုဘာလို့အဲဒီလောက်မိုက်ရတာလဲသမီးရယ်"

ရင်ထဲမကောင်းဟန် တီချယ်ညည်းသည်။

"သမီးပြောတာကိုဘယ်သူကမှယုံမှာမဟုတ်လို့ပါ တီချယ် သူဂိမ်းထဲတကယ်ရောက်သွားတာ သူ့ကိုကယ်ပေးပါ တီချယ်"

အတိတ်လေးလံသူတွေအတွက်

'အရိပ်'တွေပြေးနေတဲ့မြို့ရှိတယ်

မျက်ရည်မကောစေရဘူး။

အဖော်သာရှိမယ်ဆိုရင်

အိပ်မက်တွေ 'က'ကြပါစို့။

ပြောသိကလွှဲ၍ဘာကိုဆက်ပြောရမှန်းမေသော်မသိ။

"နင်မနက်ဖြန်ကျောင်းပြန်တက်တော့"

"သြော် . . . အင်း . . . သတင်းကောင်းပေးလို့နောက်မှ နင့်ကိုမုန့်ဝယ်ကျွေးမယ်ဝတ်ရည်။ ဒါနဲ့ . . . ကြာပါတယ်။ နင်အခုမေ ဆီက ရွက်ဝါအကြောင်း ဘာကြားသေးလဲဟင် ငါမေးခိုင်းထား တာလေ နင်သတိရသေးရဲ့လား။"

"သြော် . . . ဂိမ်းဆိုတာလား"

"အင်း"

"ဟုတ်တယ်မေသော်ရ သူပျောက်မသွားခင်ဂိမ်းတစ်ခု ကို ထမင်းလွှတ်ကို အသေအကြေဆော့ခဲ့တယ် လို့သူ့မိဘတွေ လည်းပြောတယ်တဲ့ ဒါပေမယ့်အဲဒီဂိမ်းကိုသူ့ကွန်ပြူတာမှာလုံးဝ မတွေ့ဘူး Uninstall လုပ်သွားတာလားတော့မသိဘူးနောက်နင့် စကားမှန်တယ် သိလားမေသော် . . နင့်ကိုငါလုံးဝလေးစား သွားတဲ့ အချက်ပေါ့ နင်နဲ့ရွက်ဝါကြားမှာ လျှို့ဝှက်ချက်ရှိသလို ရွက်ဝါမိဘတွေနဲ့ ဆရာမ တွေကြားမှာလည်း လျှို့ဝှက်ချက်ရှိ တယ်ဟ အဲဒီဂိမ်းပဲ အဲဒီလျှို့ဝှက် ချက်တွေက ပြီးခဲ့တဲ့နေ့က

"ကလင်...ကလင်"

"ဟဲလို"

"အေး...ဝတ်ရည်ပြောလေ"

"နင်ကျောင်းပြန်တက်လို့ရတော့မယ်ဟဲ့သိလား"

"ဘာ"

မေသော်ရင်တွေ လှိုက်ကနည်းတုန်ခါသွားသည်မှာ ငလျင်အသေးစားလေးလို။

"ဟုတ်တယ်မေသော်ရ ဆရာမဒေါ်ဝေဝေဦးကနင့်အတွက် ထောက်ခံ ပေးခဲ့တယ်တဲ့ နင်ကအဲဒီလိုကလေးမျိုး မဟုတ်ဘူးဆိုတာကိုပေါ့"

"ဩော်"

# Chapter (3)
## အိပ်မက်ဝိုင်းကိုရှာဖွေခြင်း

ရွက်ဝါ… ဘာကြောင့်… ပျောက်ဆုံးသွားတာလဲ။

ဘာကြောင့်လဲ။ ဘာကြောင့်လဲ။

ရွက်ဝါမရှိသောဘောနံ့သည် မေသော်၏ စာသင်သားဘဝကို အလွန်အမင်း အထီးကျန်စေပါသည်။ တီးတိုးဖော်၊ တိုင်ပင်ဖော်၊ စာကျက်ဖော်ရွက်ဝါပျောက်ဆုံးသွားခြင်းသည် မေသော်၏ကိုယ်တစ်ခြမ်းပျောက်ကွယ်သွားသလိုခံစားရ၏။ ကမ္ဘာလောကကြီးဟာ ဘာတွေမှားသွားပြီလဲ ဟုခပ်နှမ်းနှမ်း ကွေးမိသည်။

ဆက်တိုက်ဆို သလိုပေါ်ကုန်တာ..နင်က ဒေါ်ဝေဝေဦးကိုရွက်ဝါကဂိမ်းကြောင့် ပျောက်တယ်လို့ပြောတုန်းက တစ်ကျောင်းလုံးပွက်လောရိုက်ပြီး နင့်ကိုလည်းဖုံးကွယ်မှုနဲ့ ကျောင်းနားပစ်ခဲ့တယ်နော် နင့်ကို ကျောင်းနား ပြီးတဲ့နောက်မှ . . . နောက်ထပ်လျှို့ဝှက်ချက်တစ်ခု ထပ်ပေါ်တယ်"

"အဲဒါဘာလဲဝတ်ရည်"

မေသော်စိတ်လှုပ်ရှား မေးလိုက်ရသော်ငြား အဖြေကိုမှန်း ဆသိနေသလိုဖြင့် နှစ်နှစ်မြိုက်မြိုက်ပြုံးဖြစ်သည်။

"တကယ်တော့ ရွက်ဝါမပျောက်ခင်လေးမှာ သူ့မိဘတွေအတွက် စာတစ်စောင်ထားသွားခဲ့တယ်တဲ့စာကတော့တိုတိုလေးပဲ"

"အင်း...ဆက်ပြောလေဝတ်ရည်"

ဝတ်ရည်ကစဉ်းစားဟန်ဖြင့်ခေတ္တငြိမ်ပြီးမှ ဆက်ဆို၏။

"*သမီးဂိမ်း ဆက်ဆော့ လိုက်ဦးမယ်*"တဲ့။

ရွက်ဝါဟာဂိမ်းကစားရင်း ပျောက်သွားတာပါဟု မေသော် ပြောတိုင်း ဝါးခနဲရယ်မောတတ်သည့် လူတွေကို အခု ကျခွင့်လွှတ်တတ်လာခဲ့ပြီ။ မေသော်ဟူသော သူမသည်သာ ရွက်ဝါနှင့်ပြောသမျှကို မျက်စိမှိတ်ယုံကြည်ပေးသည့် တစ်ဦးတည်းသောသူဖြစ်ကြောင်း ရွက်ဝါသိသွားပါရဲ့လား။ ရွက်ဝါ ပျောက်ဆုံးသည့် ငါးရက်မြောက်နေ့ တွင်တော့ ရွက်ဝါအိမ်သို့ ဆရာမခေါင်းဆောင်၍ တစ်တန်းလုံးသတင်းမေးသွားခဲ့ကြသည်။

" စိတ်မကောင်းပါဘူး အန်တီ "

မေသော်ထိုစကားကို ရွက်ဝါအမေရှေ့တွင် ကျိုးနွံစွာ ပြောတော့ အန်တီကြီးက မျက်ရည်အဝေ့သားဖြင့် မျက်ဝန်းချင်းဆိုင် ကြည့်သည်။

"ဪ...သမီးသိပ်ပြောတဲ့မေသော်ထက် ထင်တယ်"

"ဟုတ်ကဲ့"

မေသော်တို့သူငယ်ချင်းနှစ်ဦးသည် ဆယ်နှစ်တာပေါင်းခဲ့ကြသော်ငြား တစ်ယောက်အိမ်တစ်ယောက် လည်ပတ်ခြင်း

မရှိခဲ့။ ရွက်ဝါကျောင်းမလာသည့် တစ်ရက်ကမှ ဒီအိမ်ကို မေသော် စရောက်ဖူးခြင်းဖြစ်သည်။ အဲ့ဒီနေ့ကရွက်ဝါမေမေက အိမ်ထဲ တောင်အဝင်မခံမောင်းထုတ်ခဲ့သည်။ မေသော်တို့သည် ငယ်သူငယ်ချင်းအရင်းကြီးတွေဖြစ်သော်ငြား မိဘများကိုသိပ် မမြင်ဖူးခဲ့ကြ။ မေသော်ကလည်း ရွက်ဝါ တစ်ယောက်သာသိပြီး ရွက်ဝါနန္ဒ၏မိဘတွေကဘယ်သူအလုပ်သည်ဘယ်မှာနေသည်၊ တစ်ခါမျှမမေးဘူး။ ရွက်ဝါ၏ မေသော့်အပေါ် သဘောထားက လည်း ထိုအတိုင်း မျှသာ။

"အခုလိုလာမေးတာ ကျေးဇူးတင်ပါတယ် သမီးရယ် .. ဟိုတစ်နေ့ကအတွက်တော့ တောင်းပန်ပါတယ် .. သမီးလေးကို တော့ ခုထိရှာလို့ မတွေ့သေးပါဘူး"

"ရွက်ဝါကို ပြန်တွေ့မှာပါ အန်တီ သမီးအဲဒီလိုယုံပါ တယ်"

အန်တီကြီးကစိတ်ဖိစီးနေသော သူမမျက်နှာကိုတစ် ချက်ပြင် လိုက်ရင်း....

**"သမီးလေးက ဒီကသမီးမေသော်တို့ရော ဘာပြောခဲ့ လဲဟင် အားလုံးကသူရေးခဲ့တဲ့စာနဲ့ပတ်သတ်ပြီး လိုက်ရှာခဲ့ပေ**

မယ့် ဘယ်လိုအစ အနမှုရှာမတွေ့ခဲ့ ကြပါဘူးကွယ် အဟင့် . . .
အဟင့်"

မေသော်သည် သက်ပြင်းသာအဆမတန်ချရင်း ရှက်ဝါ
အခန်းဟူသော အခန်းနေရာကိုသာ စိုက်ကြည့်နေမိသည်။
ပါးစပ်ကမူ . . .

"သမီးကိုပြောခဲ့တာတော့ အန်တီလဲကြားနင့်မှာပါ သူ
ကာပဲ"

"ရတယ်...ဆက်မပြောနဲ့ ဆက်မပြောနဲ့တော့ အဲဒီကြိုပ်
မွှေတဲ့ ကစားနည်းအကြောင်းပြောရတာ ရင်နာလွန်းလို့"

"အဟင့် . . .အဟင့် . . .အောင်မလေး ဖေကြီးရဲ့အဲဒီက
မေသော်ထက်ကိုမြင်မှ သမီးကိုပိုသတိရတာ.. သူကသူ့သူငယ်
ချင်းတင် အရူးလုပ်ခဲ့တာ မဟုတ်ဘူး ကျွန်မတို့ပါ အရူးလုပ်ခဲ့တာ
..ဟီးဟီးဟီ"

ဩော်..မိဘတွေကတောင်ရှက်ဝါ...အရူးလုပ်သည်ဟု
ထင်သည်လေ။

"တော်ပါတော့ မိန်းမရယ်"

"မတော်နိုင်ဘူး..ဒါနဲ့သမီးမေသော်...ရှက်ဝါလေးက သမီး ကို ဘာမှမမှာခဲ့ဘူးလားဟင်.."

မေသော်ခေါင်းတွေကို အားနာလွန်းစွာခါရမ်းလိုက်ရသည်။ သို့သော်ခေါင်းထဲတွင် တစ်စုံတစ်ခုကိုသတိရမိသလို ဖြစ်သွားသည်။

နင်ငါ့အကြောင်းကောင်းကောင်းသိရမယ်ဟု မေသော်ကြိမ်းဝါးခဲ့စဉ်ကရှက်ဝါပြောခဲ့သော အေးသက်သက်လေသံ။ တိုးတိတ်လွန်းသည် ဟုဆိုနိုင်သော်လည်း ဘာမှန်းတော့ ကွဲပြားသည်။

"ငါနင့်ကို message ပို့လိုက်မယ်" တဲ့။

ဘုရား....ဘုရား...သိပ်ဟုတ်တာပေါ့။

မေသော်ဖုန်းထဲက message တွေမဖတ်ဖြစ်တာ ရှက်ဝါနှင့် စကားများသည့်နေ့ကတည်းကပင်။ အဲဒီနေ့နောက်ပိုင်းများတွင်လည်း ကျောင်းနားစံခဲ့ရသည်ကတစ်ကြောင်း၊ စိတ်ညစ်နေသည်က တစ်ကြောင်းကြောင့် ဖုန်းကိုအားပင် မသွင်းဘဲပစ်ထားမိတာကြာချေပြီ။ ယခုမှ...Message အသစ်ရောက်မရောက် ဝင်ကြည့်ရ သည်။

ဟုတ်ပါသည်။ Inbox ထဲတွင် စာသစ်တစောင်။

ဘုရားရေ...ထင်တဲ့အတိုင်း...ရှက်ဝါဆီက။

ဒိတ်(နေ့စွဲ) ကိုကြည့်လိုက်တော့ မေသော်နှင့် စကားများသည့်နေ့။ မေသော်နှင့်ရန်ဖြစ်ကာ ကျောင်းမှထွက်ပြေးပြီးနောက် အိမ်အ ပြန်လမ်းတွင် Message ရိုက်ရင်း အိမ်ပြန်ခဲ့ပုံ ရသည်။ ဪ သူငယ်ချင်း ရယ်...နင်ငါ့ကို စာတိုလေး ပေးဖို့တော့ သတိရခဲ့တယ်နော်။ Messageကတော့တိုတိုလေးသာ။ သို့သော် နှလုံးသားများ လှုပ်ခတ်ရပါသည်။

*"ငါ့အတွက် စိတ်ပူပေးတာတွေ တွေ့ရတော့ နင်ဟာငါ့ရဲ့ တကယ့် သူငယ် ချင်းလို့ ခံစားရပါတယ် မေသော်ရယ်.. ငါဒီနေ့ နင့်ကို အော်မိသလိုဖြစ်သွားတာလည်း ဆောရီးပါဟာ ...နော်.. ငါ...ပုံမှန်မဟုတ်လို့ နင်ပဲ ခွင့်လွှတ်ပေးပါ.. မနက်ဖြန်ကျရင် ငါနင့်ကိုပြန်ချော့ပါ့မယ်..(မုန့်ဈေးတန်းက နင်ကြိုက်တဲ့ ချောကလက်နဲ့)"*

ရှက်ဝါစာတိုလေးကို ဖတ်ပြီးနောက် မေသော်သည် မျက်နှာကို လက်ဖဝါးများနှင့် အုပ်ကာငိုချလိုက်ပါသည်။

ဘယ်လိုဖြစ်ရတာလဲ။ မနက်ဖြန်ကျရင် ငါနင့်ကိုပြန်ချော့ပါ့မယ် ဆိုတဲ့သူကတစ်သက်တာ ပျောက်သွားသလို။ ဘာက မှားခဲ့သည်လဲ။ သည်စာတိုလေးကို ဖတ်ကြည့်ရုံနှင့်တင် ရွက်ဝါသည် အိမ်ကတမင် တကာထွက်ခွာရန် ကြံစည်ခဲ့ခြင်းမဟုတ်ကြောင်းပေါ်လွင်နေသည်။ ဖြစ်ရလေ။ ဖြစ်မှဖြစ်ရလေ။ ဘယ်သူကဘာကြောင့် ဘယ်လိုသဘောမျိုးနှင့် ရွက်ဝါကိုမြူဆွယ်ခဲ့သည်လဲ။ လုံးဝခွင့်မလွှတ်နိုင်။ ယနေ့မှစကာ ရွက်ဝါပြောခဲ့သောဂိမ်းအား ရှာဖွေရန် သူမဆုံးဖြတ်လိုက်သည်။ ကျားဖမ်းချင်လျှင် ကျားဂူထဲဝင်ရမည်။ ဂိမ်းရှာဖို့ဆိုလျှင် ဂိမ်းကစားရမည်။ မေသော်...ထိုဂိမ်းကိုဆော့ဖို့ ဆုံးဖြတ်လိုက်သည်။ သို့သော်ဂိမ်းကို ဘယ်ကရှာရမည်နည်း။

နောက်တစ်နေ့နံနက် ကျောင်းတက်ချိန်။

"ဟဲ့ . . .မေသော် . . .နင့် အင်္ဂလိပ်စာစာအုပ် ငှားစမ်းပါ"

"အေးအေး . . .ခဏ"

အင်္ဂလိပ်စာစာအုပ် လွယ်အိတ်ထဲရှာသော်လည်း မတွေ့။ ဘယ်များပျောက်သွားသလဲ။ ရုတ်တရက်စဉ်းစားမရ နောက်ဆုံးမှသိသွားသည်။ ရွက်ဝါနှင့်စကားများသည့်နေ့က ဈေးနှင့်အတွက် ငါစာတွေကူးပေးထားတယ်ဟုဆိုကာ ရွက်ဝါဆီ ထိုးပေးခဲ့သောစာအုပ်။ ယခုဘယ်ရောက်သွားသနည်း။ ဝေခွဲမရ

သဖြင့် ဘေးကရှက်ဝါအံဆွဲကိုကြည့်မှ . . .အမှောင်မဲဆုံး ချောင် ထောင့်တစ်နေရာတွင် ပုန်းခိုနေဟန်တူသော စာအုပ်လေးကို လှမ်းမြင်လိုက်ရသည်။ ဝမ်းသာအားရဖြင့် လှမ်းယူလိုက်လျှင် . . .

"ဂလောက်"

စာအုပ်ကြားထဲမှ CD တစ်ချပ် ထွက်ကျလာခြင်းဖြစ် သည်။

CD ပေါ်မှမြန်မာစာလုံးအချို့တွေ့၍ဖတ်ကြည့်လိုက်ရာ

"အိပ်မက်ဂိမ်း"

ဒီနေ့ အောင်မြင်တာတွေဟာ

မနေ့က အိပ်မက်ကလာတာပါ။

## Chapter (4)
## အိပ်မက်ဂိမ်း

အခုတော့ Dream Game ဟူသော ရွက်ဝါအားပျောက်ကွယ်စေခဲ့သည့် ဂိမ်းကိုမေသော်ဆော့နေပြီ။ ဂိမ်းက ဖွက်ထားသော ပစ္စည်းလေးများအား တစ်ခုစီလိုက်ရှာရသည့် ဂိမ်းအသွားက ရိုးရိုး ရှင်းရှင်းလေးသာ။ Hidden object and puzzle game သဘောမျိုးလည်းဖြစ်သည်။

ဟိုးရှေးရှေးတုန်းက အိပ်မက်အင်ပါယာကြီးမှာ အိပ်မက်ကောင်လေး (Dream Boy) ဆိုတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူဟာအိပ်မက်များများမက်ခြင်းဖြင့် သူ့အင်ပါ

ယာကို ပိုမိုရဲ့တွင်နိုင်မယ်လို့ ယုံကြည် သူဖြစ်တယ်။ တစ်နေ့မှာ တော့ Dream Boy ဟာသူ့အိပ်မက်ကမ္ဘာမှသည် တခြားကမ္ဘာ မှခေါ်သံတစ်ခု ကြား လိုက်ရတယ်။ ဟေး ... သူငယ်ချင်း ... အိပ် မက်မက်ဖူးလား‌တဲ့။ အဲဒီမှာ Dream Boy ဟာ ဒီဘက်ကမ္ဘာက Player တွေကို အိပ်မက်ဆက် မက်ဖူးအောင်၊ အိပ်မက်ဆိုတာ ဘာလဲသိအောင် သူ့ကမ္ဘာဆီခေါ် သွားခဲ့တော့တယ်။

ထိုစာသားကဂိမ်းအဝင် Intro တွင် ထိုးသော ဇာတ်လမ်း (Story) အခန်းဖြစ်သည်။

ဂိမ်းမှာ Real Time Strategy ဂိမ်းမျိုးဖြစ်ပြီး မိမိအိပ်မက် ပန်းတိုင်ကိုကာကွယ်ရန် ဖိစီးမှု (Stress) ဖျားနာမှု (Ill) စသော ရန်သူများဝင်ရောက်လာလျှင် Management ဖြေစည်းရိုးများ၊ Patient ဆေးကာများဖြင့် ရန်သူများအိမ်တွင်းမဝင်ရန် တားဆီးနိုင်ရမည်ဖြစ် ပြီး ရန်သူများကိုသတ်နိုင်လေ ... အိပ်မက်ပန်းတိုင်ကို မြန်မြန်သွား နိုင်လေဖြစ်သည်။ အကယ်၍ ရန်သူ၏ စားခြင်းကို မြန်မြန်ခံရပါက မိမိ၏ အိပ်မက်ပန်းတိုင်ကို မရောက်ရှိသည့် အပြင်လက်ရှိရောက် ရှိရာအိပ်မက် အိမ်ယာပါ ပျက်စီးသွားမည် ဖြစ်ပြီး ရှုံးနိမ့်မည်ဖြစ် သည်။

Dream Game ကိုသေချာလေ့လာကြည့်လျှင် နိုင်ရခက်ခဲသော Action Game မှန်းသိလာသည်။ ပေးထားသောအချိန် အတွင်းရန်သူများမိမိအိမ်ယာထဲ ထိုးမဝင်စေရန်အတွက် အစွမ်း ကုန်တားဆီးနိုင်ရသည်။

မေသော်သည် Level (1) မှ (3)အထိ အဆင်ပြေစွာကျော်ဖြတ် နိုင်သည်။ အရင်က ဂိမ်းဆိုလျှင် Plants& Zombies ကိုသာ ဆော့ဖူးခဲ့သော်လည်း ယခုတော့ကိုယ်ဆော့ဖူးသည့် ဒုတိယမြောက်ဂိမ်းရှိပြီဟုလည်း တွေးမိပြန်သည်။ ဒီခုစံအား အတိုင်းဆိုလျှင်တော့ မေသော်လည်းရှက်ဝါလိုသုံးရက်လောက်ဆော့ရမည့်ပုံပင်။ သည်ကြားထဲတွင်တော့ ဒီဂိမ်းအကြောင်းသူမစုံစမ်းရမည်။

ထို့နောက်ဆော့လျက်စ Laptop screen ကိုပိတ်လိုက်ပြီး ဝတ်ရည်ဆီဖုန်းခေါ်လိုက်သည်။

"ဟဲ့...ရှက်ဝါ သတင်းဘာထူးသေးလဲ"

"နီး...ဘာမှမထူးဘူး"

"နင့်အမေတို့ တစ်ခုခုတော့ သိမှာပါ"

"ဘာကိုလဲ...ဘာကိုသိရမှာလဲ"

"ဂိမ်းလေ"

"ဂိမ်း? ..ဪအေး..မေသော်..တစ်ခုတော့သူတို့ပြော နေကြတယ်"

"ဘာလဲ"

"အဲဒီဂိမ်းကို ရွှက်ဝါနုနုက အင်တာနက်ကနေ ယူခဲ့တာ တဲ့"

"ဪ..."

ဝတ်ရည်ဖုန်းချသွားသည်အထိ ဟန်းဖုန်းကိုကိုင်ရင်း မေသော် ငိုင်နေမိသည်။

"ဂုဏ်သိက္ခာကို

လွှင့်ပစ်လိုက်တဲ့အခါ....

လူပီသစွာ

ခြေတစ်လှမ်းဝေးသွားတယ်၊

နှလုံးသားကို

သတ်ပစ်လိုက်တဲ့အခါမှာတော့...

တိရစ္ဆာန်လုံးလုံး ဖြစ်သွားတော့တာပဲ

မေသော်ထက်"

*ကျောင်းတစ်နေ့*

မေသော်ကတော့ ရှက်ဝါလိုအခန်းအောင်းပြီး ဂိမ်းမဆော့ပါ။ အခုတော့ ဘာကြောင့်ဒီဂိမ်းကို စွဲလန်းရသလဲဟူသောအဖြေကို မေသော်အရိပ်အမြွတ်တော့သိခဲ့ပြီ။ ဂိမ်းက အဝင်မှာပင်ကိုယ်က ဘယ်လိုလူမျိုးဆိုသည့် Quiz မျိုးဖြေခိုင်းမည်။ ထိုသို့အားထုတ်ရာတွင် ဝင်လာသမျှရန်သူများကိုနှိမ်နင်းရသည့်အပိုင်းကစွဲလမ်းစရာကောင်းသလိုငွေကြေးနှင့်လုပ်မှုကိုBonusအဖြစ်ပေးထားပုံက လည်း ရှက်ဝါတို့ကိုမိန်းကလေးတွေကိုအရူးအမူးဖြစ်စေမည် မှာပင်။ တခါတရံ level တစ်ခုတက်လျှင်

ထိပ်တန်း Cosmetic တစ်ခု ရွေးချယ်ခွင့်ရမည်စသဖြင့်ပေါ့။ သို့သော် မေသော်လေ့လာရသလောက်ပြောရလျှင် Game အစတွင်ဖြေခဲ့ရသော Quiz ကို လိုက်၍ Game Plot လည်းပြောင်းလဲသွားသည်ဟု ထင်ရသည်။ ထိုအကြောင်းကို စဉ်းစားတည်နေရာတွင် Quiz (ပဟေဠိ) အမျိုးမျိုးဖြေရင်း မေသော်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ဂိမ်းဒီဇိုင်းရေးဆွဲသူသည် ရှက်ဝါ ဖြစ်စဉ်တစ်ခုလုံးအတွက်တာဝန်ရှိသူဖြစ်နိုင်သည်။ သို့သော် Dream Game မှာ နိုင်ငံခြားဂိမ်းကို ဒီမှာပြုပြင်ပြောင်းလဲထားသည့် ဂိမ်းနှင့်လည်းဆင်တူနေပြန်သည်။ ဟိုတစ်နေ့က ကွန်ပျူတာတက္ကသိုလ်မှ အစ်ကိုတစ်ယောက်ဆီမေးကြည့်တော့ ပြည်ပမှဂိမ်းများကို Source Code ရယူ၍ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ခဲ့သည်တဲ့။ သို့ဆိုလျှင် Dream Game လည်း ဒီထဲကတစ်ခုလား။ သို့သော် ဒီထက်နက် ရှိုင်းမှုများ ပါဝင်ပတ်သတ်မည်မှန်း မေသော်မှန်းဆပြီးသားဖြစ်သည်။

"မေသော်ထက် . . .နင်သွားပြီမေသော် နင်တော့ကွဲပြီ ဟောဟဲ ဟောဟဲ"

မေသော်ခုံဘေးတွင် အမောဖောက်နေသော ဝတ်ရည်ကိုကြည့်ရင်း

"ဘာဖြစ်လို့လဲ ဝတ်ရည် နင်ဘယ်က ပြေးလာတာလဲ"

"အဲဒါက အရေးမကြီးတော့ဘူး . . . အခုနင် ပြဿနာတက်နေပြီ"

"ဘာကိုလဲ"

"ဆယ်တန်း(B)ကနေ (F) အထိအခန်းတိုင်းရဲ့ခုတ်နံ့ရံပေါ်မှာ မေသော်ထက်က ရှက်ဝါနုနုရဲ့ရည်းစားကိုလိုချင်လို့ ရှက်ဝါကိုအပျောက်ရှင်းခဲ့တယ်လို့...မှုတ်ဆေးနဲ့ ရေးထားတယ်"

"ဘာ"

ဘုရားဘုရား။ ယနေ့ ကျောင်းသို့စောစောရောက်နေခဲ့သော်လည်း Dream Game အကြောင်းအတွေးနက်နေသဖြင့် ဘေး ဘီဝဲယာ သို့ပင် ဂရုမပြုနိုင်ခဲ့။ အခုတော့ . . .။

"ရေးတဲ့လူကို သမီးသိလား မေသော်"

ဒုတိယအကြိမ်မြောက် အစစ်ခံနေရပြန်ပြီဖြစ်သည်။

"သမီးသိရင် အဲဒီလူကိုသွားသတ်မှာပေါ့ တီချယ်"

ဆရာမများအခန်းထဲမှ ယိုင်တိယိုင်တိုင်ထွက်လာသောမေသော်အား အတန်းပေါင်းစုံမှ ကျောင်းသူကျောင်းသားများထွက်ကြည့်ကြလေသည်။

"ဟိုတလောက ပျောက်သွားတဲ့ရွက်ဝါနုနုရဲ့ရည်းစားကိုသူကလုတာတဲ့"

အတန်းတိုင်းတွင်အခြေအနေတွေက မငြိမ်သက်။

"ဟဲ့...သူတို့ကငယ်သူငယ်ချင်းတွေဆိုမျက်နှာပြောင်လိုက်တာဟယ်"

"ဟုတ်ပါ့ဟယ်...စာတော်သလောက် အရှက်နည်းတဲ့မိန်းမမျိုးပေါ့"

ခပ်လှမ်းလှမ်းဆီမှ ရိုက်ခတ်လာသော စကားသံမတိုးမကျယ်များက မေသော့်ရင်ဆီမြှားတွေလိုတဖိုင်းဖိုင်းစိုက်နေပြီးမျက်နှာတစ်ခုလုံးကိုလည်း ရေနွေးပူဖြင့်ပက်ခံရသလို ပူလောင်စေသည်။ ရှက်စရာကောင်းလိုက်သောဘဝ။ မိန်းကလေး တစ်ယောက် ၏ဘဝတွင် အဖိုးတန်ဆုံးအရာက ဘယ်အရာနည်း။ လွန်ခဲ့သောတစ်ရက်က မေသော်ကစားခဲ့သော Dream Game အစတွင်ဖြည့်စွက်ခဲ့ရသည့် မေးခွန်းတစ်ကြောင်း။ အဲသည်တုန်းကတော့ မေသော် ဒီလိုဖြည့်ခဲ့သည်။ သိက္ခာတရားဟု။

"နင်အားမငယ်ပါနဲ့ မေသော် သူများတွေပြောတိုင်း ငါတို့မယုံဘူးငါတို့အတန်းခေါင်းဆောင်က အဲဒီလိုမဟုတ်ဘူးဆို တာကိုငါတို့အားလုံး သိတယ်"

ဘုန်းဆက်ကမာန်ပါပါဖြင့် မေသော်အားနှစ်သိမ့်နေ သော်လည်း မေသော်အားယုံကြည်ပါသည်ဟု သူလက်ညှိုးညွှန် နေသော မိန်းကလေးအုပ်စုတွင်ပင် ... လှောင်ပြောင် အရိပ် များက အချို့မျက်လုံးပေါ်တွင် တမင်တကာ တပ်ဆင်ထားကြ လျက်သား။

မေသော် ဟက်ကနဲ ရယ်လိုက်ပါသည်။ မချိမချဉ်။

"ငါ အိုကေပါတယ် ဘုန်းဆက် ငါအိုကေသွားမှာပါ ငါမဟုတ်တာ မလုပ်တာ ငါသိနေတာပဲလေ"

ထိုနေ့က မေသော်တို့ ဆယ်တန်းအခန်းများအားလုံး စာမသင်ခဲ့ရပေ။ နံရံများပေါ်ရှိမှတ်ဆေးလက်ရာများကို ဆေးဖုံး သုတ်နေရ၍ဖြစ် သည်။

ဆရာမဒေါ်ဝေဝေဦးက ပထမအချိန်ထဲက အရုပ်ကြွ ကာ ငုတ်တုတ် မေ့နေသော မေသော့်နားကပ်လာပြီး ... ပုခုံးကို တစ်ချက် ပုတ်ကာ နှစ်သိမ့်သည်။

"ဒီနေ့တော့ သမီးပြန်လိုက်တော့နော်မေမသော် တီချယ်တို့ သမီးကို ယုံပါတယ်"

ထိုနေ့ကမေမသော် အားတင်းနိုင်သည်။ အနည်းဆုံးတော့ မေမသော်ထက်၏ သိက္ခာတရားအား ယုံကြည်သူ (၅၀)၊ မယုံကြည် သူ (၅၀)၊ ဖြစ်ရာတစ်ဝက်လောက်နိုင်သေးသည်ဟု ဆိုနိုင်သည်။

တဝက်နိုင်သေးသည်ပဲ။

ရှုံးသည်ဟု မတွေးဖြစ်အောင် ကိုယ့်ကိုကိုယ် အားတင်းထားရသည်။ ထိုစဉ်...

" ကလင်...ကလင်"

အိတ်ထဲမှ ဟန်းဖုန်းကို ထုတ်ကိုင် လိုက်လျှင် ...နံပါတ်မပါသော အဝင်ဖုန်းကောတစ်ခု။ နားထောင်လိုက် သည့်အခါ...

"အိပ်မက်ဂိမ်းက မင်းနဲ့ မတန်ဘူး ...ရပ်လိုက်"

ဟူသော အမိန့်ပေးသံတစ်မျိုးကို ထူးခြားစွာကြားလိုက်ရလေ သည်။

အိပ်မက်ဂိမ်းရှင်ကတော့ မေသော်အား ခြိမ်းခြောက်နေခဲ့ပြီဖြစ်သည်။ သို့သော် မေသော်ထက်ကကိုယ်စခဲ့သည့် အလုပ်ကိုအဆုံးထိလုပ်ရပါမှကျေနပ်မည့်သူ။ Dream Game ကို ဆက်ဆော့ဖြစ်ကာ Level 5 သို့ရောက်ခဲ့သည်။

*ဒုတိယကျောင်းနေ့၊*

သည်နေ့မသော်ကျောင်းလာတော့ ဂိတ်ဝကထဲကပင် လူတွေ၏ အကြည့်ကိုကြောက်မက်စဖွယ်ခံခဲ့ရသည်။ မနေ့က တင်ဖြစ်ပျက်ခဲ့သော အရာမို့မမေ့ကြသေးတာဟု ကိုယ့်ကိုကိုယ် ဖြေသိမ့်တွေးပေးသည်။ သို့သော် အတန်းထဲသို့ဝင်ကာ ခုံပေါ်သို့ လွယ်အိတ်ကိုချလိုက်သည်နှင့် ယနေ့သည် မသော်ထက် အတွက် ၁၀၀% အရှုံး နေ့ဖြစ်ကြောင်း သေချာ သွားခဲ့သည်။

အမြဲတမ်းသတင်းပေးသော ဝတ်ရည်သည် မသော် အားမြင်သည်နှင့် တစ္ဆေတရဲတွေ့လိုက်ရသလို ခြောက်ခြား သွားပြီး မသော့် အကြည့်ကို မျက်နှာလွှဲပစ်လိုက်သည်။ အခန်း ထဲရှိကျောင်းသား၊ ကျောင်းသူအားလုံးမှာလည်း မသော်ကို

တွေ့သည်နှင့် မျက်နှာလွှဲဖယ်လိုက်ကြသည်။ ဘာဖြစ်နေကြတာလဲ။

"ဝတ်ရည်....တခြားလူတွေကတော့ထားပါ..နင်ကတော့"

ဟု ဝတ်ရည်ဘက်လှည့်ပြောတော့ ဝတ်ရည်က သူမနှုတ်ခမ်းကိုမဲ့လိုက်ပြီး..

"တော်ပါတော့ မေသော်ထက်ရယ် နင့်ကို ယုံမိတဲ့ငါကို ကမှားတာပါ မနေ့ကအထိ နင့်ဘက်ကရန်ဖြစ်ပေးခဲ့ တဲ့ငါ့ပါးစပ်ကိုငါ အခုပိတ် ရိုက်ချင်နေတယ်"

ဝတ်ရည်ဆိုသောလူက ထိုသို့ပြောတတ်သည့် လူစားမျိုးမဟုတ်ပါ...သည်လိုစကားမျိုးတော်တန်ရုံ သူမပြောမထွက်။ အင်မတန်စာနာတတ်သည့် လူကအခုဘာကိုအထင်လွဲသွားသနည်း။ တစ်ခုခုတော့ လွဲနေ ပြီ။

"နင်ပြောတာငါနားမလည်ဘူး ဝတ်ရည်ငါတခြား လူတွေကိုမေးတာထက် နင်ပြောတာကပိုကောင်းပါတယ် နင်ဘာကိုအထင်လွဲနေတာလဲ"

မေသော်ဒီလိုပြောတော့ ဝတ်ရည်မျက်နှာသည် ပိုအခံရ ခက် ဟန်ပေါ်သွားပြီး နှုတ်ခမ်းကိုတင်းတင်းစေ့ကာ မေသော် ကိုစေ့စေ့ကြည့် လိုက်သည်။

"ငါက အထင်လွဲတယ်...အခုချိန်ထိနင်က ဖုံးကွယ်တုန်း ပဲနော် မေသော်...ဟုတ်တာပေါ့ ...ငါကလည်း တခြားလူတွေ နင့်ကို ပြောတာ ထက် ငါကပဲနင်ကိုစပြီးပြောချင်တာ.. နင်သိပ် အောက်တန်းကျလွန်း တယ် မေသော်...နင့်ကို အဲ့ဒီလိုအောက် တန်းကျတတ်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး ..မနေ့ကအထိ"

"နင်ဘာတွေ ပြောနေတာလဲ ဝတ်ရည်"

ပြဿနာတက်သည့် မနေ့ကအထိ မေသော်ဘက်ရပ် တည်ပေး ခဲ့သော ဝတ်ရည်ကိုနားမလည်။

"နင့်ရဲ့မင်းသမီးမျက်နှာဖုံးက ကွာကျသွားပြီ မေသော်.. နင် ဘီလူးမှန်း လူ ကိုင်းသိသွားကြပြီ ..ပုန်းမနေနဲ့တော့ဟာ"

မေသော်သည် ဆက်တိုက်လိုတိုက်ခိုက်ခံနေရသော ကိုယ်ကြမ္မာ ကိုယ်ပင်နားမလည်သလို ဖြစ်လာသည်။ ဘာတွေ လဲ၊ ဘာတွေဖြစ်ကုန် တာလဲ။ သည်းခံမှဖြစ်မည်။ သည်အခြေ အနေကို ဖြတ် ကျော်ရမည်။

"ဟုတ်ပြီဝတ်ရည် . . .နင်ကြိုက်သလို ငါ့ကိုပြော . . . လောလော ဆယ်တော့ နင်ဒီလိုဖြစ်သွားရတဲ့ အကြောင်းလေး ငါသိချင် တယ်"

"နင်သိရမှာပါ..ဟောဟိုမှာ...တီချယ် နင့်ကိုမေးလိမ့် မယ်"

အခန်းပေါက်ဝတွင်တော့ တီချယ်ဒေါ်ဝေဝေဦး။ သူမ မျက်နှာ သည်လည်း ဝတ်ရည်အတိုင်း။ မှောင်မဲကာရင့်ညိုနေ သည်။ တီချယ်က မေသော် ဆီလျှောက်လာပြီး လက်ထဲသို့ အိတ်တစ်အိတ်ထိုးပေးသည်။ မေသော်သည် ယောင်နနဖြင့် ဖောက်ပြီးသားစာ အိတ်ကိုလှမ်းယူလိုက်ပြီး အတွင်းမှပစ္စည်းကို လျှောတိုက်ထုတ်ကြည့်လိုက်လျှင်...ပို့စကတ်တစ်ခု။

"ဟင်"

ကိုယ်မှန်းတီးသော ကိုယ့်ကိုကိုယ်ပြန်တွေ့လိုက်ရ သည်။

ဟုတ်ပါသည်။

မေသော်ထက်သည် မင်းသားခေါင်းဆောင်းထားသော ဘီလူးမှန်း ကိုယ့်ကိုကိုယ်လည်း လက်စံပါသည်။ နာကျင်စွာ၊ ရှက်ရွံ့စွာ၊ ဝုဏ်သိက္ခာမဲ့စွာ။

မေသော် . . .ထိုနေ့ကလည်း ကျောင်းမှ စောစောပြန်ခဲ့ရပါသည်။ အိမ်အပြန်လမ်းသည် . . .နွေနေ့လည်ခင်း . . . ရော်ရွက်များ ဖြန့်ကြဲသော လမ်းပေါ်တွင် . . .ရွက်ဝါများအား တဖြောင်းဖြောင်း နင်းခြေသံများသည် သူမသိက္ခာတရား ကွဲကြေ သံများလားဟု ထင် ယောင်ထင်မှားတွေးမိပါ သည်။

"ကလင်...ကလင်..."

ဖုန်းမြည်သံ။

"ဟဲလို"

"အိပ်မက်ဂိမ်းနှင့် မင်းနဲ့ မထိုက်တန်ဘူး . . ဆက်မဆော့နဲ့ "

ကြားခဲ့ဘူးသော အမိန့်ပေးသံ။ (၀၀၀) နံပါတ်။ ထိုမျှသာ ပြောပြီးဖုန်းချသွားခဲ့သည်။ မေသော်သည် နေရောင်ကျဲကျဲ တောက်ပူနေသော ကတ္တရာလမ်းမကြီးအလယ်တွင်...ဟန်းဖုန်း တစ်လုံးကိုင်လျက်သားဖြင့် အသက်မဲ့ နေခဲ့သည်။

ထိုနေ့၊ ထိုအချိန်က ကျောပိုးအိတ်လွယ်ထားသော အဖြူအစိမ်းဝတ်ကျောင်းသူလေးတစ်ဦးသည် နေကျဲကျဲ တောက်ပူနေသောကား လမ်းမကြီးအလယ်တွင်မျက်နှာကို

လက်ဖဝါးအုပ် လျက် သားဖြင့် ရှိက်ကြီးတငင်ငိုခဲ့ကြောင်း နောက်တစ်နေ့နံနက် တွင် ပြောကြပါလိမ့်မည်။

ဘဝဟူသည် အိပ်မက်ဆန်လှသည်။

မေသော့် အာရုံတွေသည် ကျိန်စာသင့် ပိုစ့်ကတ်တစ်ခု ၏ဒဏ်ရာဟောင်းဆီ...။ ။

"ရွက်ဝါ...ငါနင့်ကို ပုစ္ဆာတစ်ပုဒ် ပေးချင်တယ်။"

***My Name is 'I',***

***My Problem is 'Love',***

***My Solution is 'You'.***

***Kyi Lin***

"မေသော်..ဒီမှာကြည့်စမ်း"

ရှက်ဝါမျက်နှာက မနက်စောစောတွင် လမင်းကြီးလို ဝင်းထိန်လျက်။ ထို့နောက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထိုးပြသော စာရွက်ဖြူလေးကို လှမ်းယူကြည့်လိုက်စဉ်တွင် မေသော့်ကမ္ဘာ သည်ပြာကျသွားပြီဟုထင်လိုက်မိသည်။

ကြည်လင်ကရှက်ဝါကို ရည်းစားစာပေးသတဲ့လား ။ ကြည်လင်လိုတည်ကြည်သောသူ၊ စိတ်မကစားသူဟု ထင်ထား သူက ရှက်ဝါကို ရည်းစားစာပေးသတဲ့လား။ ကြည်လင်ဟူသော ဆိုင်းကြောင့် သာယံ့လိုက်ရသော်လည်း "ဒါကြည်လင့်စာ "မဟုတ်ပါဟု ဖွတ်မိုတ်ငြင်းလိုက်ချင်သည်။ သို့သော် အခြေအ နေတွေက သူမမယုံကြည်ရဲသလို အမှန်တကယ်ဖြစ်လာခဲ့

"မေသော်..ဒီမှာကြည့်စမ်း"

ရှက်ဝါချက်နှာက မနက်စောစောတွင် လမင်းကြီးလို ဝင်းထိန်လျက်။ ထို့နောက် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထိုးပြသော စာရွက်ဖြူလေးကို လှမ်းယူကြည့်လိုက်စဉ်တွင် မေသော့်ကမ္ဘာ သည်ပြာကျသွားပြီဟုထင်လိုက်မိသည်။

ကြည်လင်ကရှက်ဝါကို ရည်းစားစာပေးသတဲ့လား ။ ကြည်လင်လိုတည်ကြည်သောသူ၊ စိတ်မကစားသူဟု ထင်ထား သူက ရှက်ဝါကို ရည်းစားစာပေးသတဲ့လား။ ကြည်လင်ဟူသော ဆိုင်းကြောင့်သာယုံလိုက်ရသော်လည်း "ဒါကြည်လင့်စာ "မဟုတ်ပါဟု ဖွတ်မိုတ်ငြင်းလိုက်ချင်သည်။ သို့သော် အခြေအ နေတွေက သူမမယုံကြည်ရဲသလို အမှန်တကယ်ဖြစ်လာခဲ့

သည်။ ကြည်လင် . . . နင့်ကိုငါမုန်းတယ် ။ ငါ့ကိုမချစ်တဲ့နင့်ကို ငါမုန်းတယ်။

သို့သော် မေသော့် နှလုံးသားသည် သူငယ်ချင်းအပေါ် အလွန်အကျူး သစ္စာမဖောက်ခဲ့။

ရွက်ဝါကကြည်လင့်အား မေသော်၏ ဉာဏ်အကူဖြင့် ပင် အဖြေ ပြန်ပေးခဲ့နိုင်သည်။

*"ABCDEFGHIJKLMNOPQRSTVWXYZ"*

*ကြည်လင်ပျောက်ဆုံးနေတဲ့alphabet ကိုသိလားဟင်။*

*' U ' . . .*

*' U ' ကငါ့နှလုံးသားထဲမှာ။*

သူတို့တွေ အဲဒီလိုနဲ့ ချစ်သူဖြစ်ခဲ့ကြခြင်းဖြစ်သည်။ ချစ်သူမဖြစ်ခင် . . . ရွက်ဝါအဖြေမဖြေခင် တစ်ညနေတွင်တော့ ကြည်လင်ခ နှင့် မေသော် ဆုံဆည်းဖြစ်ခဲ့သည်။

"နင်ငါ့ကိုဘာလို့လဲကြည်လင်ရယ်"

မေသော်၏ မကျေနပ်သံကို ကြည်လင်ခက မခိုးမခန့် ရယ် လိုက်ပြီး . . .

"အဟတ် . . . နင့်ကို ဘယ်တုန်းကမှ မချစ်နိုင်ခဲ့တာပါ မေသော် အဲ့ဒီအတွက် ဆောရီးပါ"

"ဘာလို့လဲကြည်လင် . . .ဟင် . . နင်ရယ်ငါရယ်က ဟိုးငယ်ငယ်လေးထဲက အတူဆော့ခဲ့ကြတယ် . . အတူကျောင်း သွားခဲ့ကြတယ် ဒါပေမယ့် နင့်သဘောအရ အဲဒါကိုဖွက်ထားပါ ဆိုလို့ ရွက်ဝါကိုတောင် မပြောဘဲ ဆယ်နှစ်လုံးလုံးငါဖွက်ထားခဲ့ တယ် နင့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်းဖြစ်လျက်နင့်တောင် အတန်းထဲမှာ တစ်ခါမှရင်း ရင်းနှီးနှီးမဆက်ဆံဖူးဘူး နင့်စိတ် တိုင်းကျ နင့်သဘောကြီးပဲ ငါဦးစားပေးခဲ့တယ် . . .အဲဒါတွေက အထင်သေးစရာဖြစ်ခဲ့တယ်ထင်တယ်နော်"

အဝေးကို ငေးကြည့်ရင်းမျက်ဝန်းထဲတွင် မျက်ရည်ဝေ့ နေသော မေသော့်အတွက်ကြည်လင်တွင် ဖြေသိမ့်ပေးစရာ စကားမရှိပါ။ သူကရွက်ဝါကို ရွေးချယ်ခဲ့ပြီးပြီ။

"ဘာလို့လဲ ဘာလို့ငါ့ကို မရွေးခဲ့တာလဲ"

အဲဒီအကြောင်းပြချက်ကိုလည်း မေသော့်အားပြောပြ ဖြစ်မည်မဟုတ်ပါ။ ကြည်လင်ခဟူသော ကောင်လေးသည်

မိဘနှစ်ပါး အက်စီးဒင့်ဖြင့်ဆုံးပါးသွားကတည်းက အမွေသန်း ပေါင်းများနှင့် ကိုယ့်ဘဝကိုယ် ကျောင်းခဲ့ရသည့် လူကြီးဖြစ်နေ သောလူငယ်ဖြစ်သည်။ မိမိရည်မှန်းချက်ကို အကောင်အထည် ဖော်ဖို့ ဘယ်သူကိုမှ ဖွင့်ဟပြောကြားမည်မဟုတ်ပါ။

"နင့်လိုဒုတိယပဲ အမြဲရတဲ့ဒုတိယလူထက် စာရင်ဘိတ် ဆုံး က ရွက်ဝါကို ရွေးခဲ့တာက အဓိပ္ပါယ်ပိုရှိတယ်မေသော်"

ထိုစကားကိုပြောလိုက်လျှင် မေသော့်မျက်ဝန်းထဲမှ မာနတန်ခိုးများ လျှံထွက်လာသည်ကို မြင်လိုက်ရသည်။

"နင်ကဟိုလူမှုရေးကူ ဒီလူမှုရေးလုပ်နဲ့ အရမ်းအားနေပုံ ရတယ် အသုံးမကျဘူး..ဒါကြောင့်လည်းငါကိုမကြောတာ အမြဲ နှစ်ပဲရတာ ငါက ငါနဲ့ Level လိုက်မယ့် မိန်းမမဟုတ်ရင်တောင် ငါ့ကို လုံးဝမလိုက်နိုင်မယ့် စပ်နုံ့နုံ့မိန်းမမျိုးကိုပဲလိုချင်တယ် ငါပုံသွင်းလို့ရတဲ့ ရွက်ဝါလိုမျိုးပေါ့...ဟား..ဟား...ဟား"

အဲဒီအချိန်တုန်းက မေသော်ထက်သည် ကြည်လင်စ အား တူးတူးခါးခါးမုန်းခဲ့သည်မှာ ဒိုင်ယာရီတွင် Equation တစ်ကြောင်းထွက် သည်အထိ။

***4Q: Show that {Love= Hate}***

***Ans; By Calculation Method ,***

***Love =not Hate ----eq(1)***

***not Love =Hate ----eq(2)***

***By eq (1)+(2)***

***Love +not love=not Hate +Hate***

***(1+not) Love= (not+1)Hate***

***So that, Love=Hate***

မေသော်ထက်၏ ဒိုင်ယာရီတွင် အမုန်းဟူသောစကား လုံးသည် ကြည်လင်နှင့် ရွက်ဝါကြောင့်စွန်းပေခဲ့ဖူးသည်။ သို့သော် ရွက်ဝါအဖြေမပေးခင် အချိန်လေးတွင်တော့ နောက်ဆုံးမျှော်လင့်ချက်ဖြင့် ကြည်လင့်ဆီ သူမပို့စ်ကတ်လေးတစ်ခု လျှို့ဝှက်စွာပေးပို့ခဲ့ပါသည်။ ပို့စ်ကတ်လေးထဲတွင်...

*"ဗျည်း ၃၃လုံးနှင့် သရ ၂၈လုံး...ပေါင်းစပ်တာတောင် နင့် အတွက် ငါပြောမယ့် စကားလုံးကပြည့်စုံမှုမရှိနိုင်ပါဘူး ကြည်လင် နင့်အိပ်မက်က ငါမဖြစ်နိုင်ဘူးလား"*

*မေသော်ထက်*

အခုတော့ ဒီပို့စကတ်လေးက မေသော်ထက်ဆိုသော ကျောင်း သူတစ်ဦး၏ဘဝ ၊ ဂုဏ်သိက္ခာ၊ အနာဂတ်အိပ်မက် အားလုံးကိုစနစ်တကျ ရိုက်ချိုးလိုက်ပြီ။

ထာဝရ ရှင်သန်သွားသလိုမျိုး

အိပ်မက်မက်ပါ။

မနက်ဖြန် သေတော့မလိုမျိုး

ရှင်သန်ပါ။

မေသော်

အခုတော့...ကွန်ပျူတာထဲက Dream Game ပင်မပြီး သေး။ မေသော်ထက်၏ ဘဝကပြီးခဲ့ပြီ။ ကျောင်းမှအနားမစံရ သော်လည်း ကျောင်းသို့သွားရဲသည့် သတ္တိမျိုးမေသော့်တွင်မရှိ။ ဘဝတွင်တစ်ခါမျှ ထိုလောက်သတ္တိမကြောင်ဖူး။ မေသော်မှားခဲ့ သည်လား။ မိန်းကလေးတစ်ယောက်၏ အိမ်မြှေစည်းလေး အနည်းငယ်ကျော်ရုံနှင့်တင် နာမည်တစ် ခုစွန်းထင်သွားနိုင် ကြောင်းဟိုတုန်းကမေသော် သိခဲ့ဖို့ကောင်းသည်။ကြည်လင်က ပါ ကိုယ့်အပေါ် လုပ် ရက်လိမ့်ဟုမတွေးဖူးခဲ့။

ကျောင်းပျက်သော မေသော်ထံသို့ ဖုန်းဆက်သတင်း မေးမည့် သူတစ်ဦးတည်းရှိပါသည်။

"နင်နေကောင်းရဲ့လားမေသော်"

"နင်အခုကျေနပ်သွားပြီလားကြည်လင်...နင်ငါ့ကိုအခုလို လုပ်လိုက်ရလို့ နင့်အတွက် ဘာအကျိုးအမြတ်ရလဲ"

"မဟုတ်ဘူး မေသော်..ငါနင့်ကိုလုပ်တာမဟုတ်ရပါဘူး ဒါကြောင့် လည်း ငါရှင်းပြချင်နေတာ နင်ငါ့နေရာကဝင်စဉ်းစား ကြည့်ပါဦး ... ငါ့မှာလည်း ချစ်သူပျောက်နေသလို တစ်ဖက်က လည်း သူငယ်ချင်းအပေါ်လူယုတ်မာဖြစ်နေတယ်...တစ်ပူကနှစ် ပူဆင့်နေတယ် ... ငါတကယ်ပြောတာပါ မေသော်ရယ်။ ငါလုပ် တာမဟုတ်ရပါဘူး"

"ဒါဆို...အဲ့ဒီပို့စကတ်က ဘယ်လိုလုပ်ပေါ်လာခဲ့တာလဲ ပို့စ်ကတ်တွေလမ်းလျှောက်တက်တယ်လို့ ငါတော့မကြားဖူးဘူး ကြည်လင်"

"ငါ့အပြစ်ကို ငါသိပါတယ်မေသော် တစ်ခုပဲ...အဲ့ဒါပြီးခဲ့ တဲ့ အပတ်ကပျောက်သွားခဲ့တာ ကျောင်းကင့်ဘီရိုထဲမှာ သော့ ခတ်သိမ်းထားခဲ့တာ နောက်နေ့ကျဘီရိုလည်းပွင့်နေပြီး စာရေး ကိရိယာအသစ်တွေပျောက် သွားလို့ ငါတောင်ရုံးခန်းတိုင်ခဲ့သေး တယ်လေ အဲ့ဒီပို့စကတ်ပါပျောက်သွားတဲ့ အကြောင်းကတော့ ငါနင့်ကို ပြောမ ထွက်လို့မပြောတာပါ"

အပြစ်ရှိသူဟုခံစားရ၍ထင်။ ကြည်လင်ဆိုသော အမျိုးသားငယ် ကစိတ်ရင်းဖြင့် တောင်းပန်နေဟန်ပေါ်သည်။ သူပြောသောဘီရို အဖောက်ခံရသည့်နေ့ကို မသော်မှတ်မိပါသည်။ မသော်ကိုယ်တိုင် ကျောင်းအုပ်ကြီးရုံးခန်းဆီ တိုင်စာသွားပို့ပေးခဲ့သည် မဟုတ်လား။

ဒါဆို . . .ဘယ်သူကမသော်ကို တစ်နေ့ပြီးတစ်နေ့ . . . တစ်ကြိမ်ပြီး တစ်ကြိမ်တိုက်ခိုက်နေခဲ့တာလဲ။ သေချာပါသည်။ အိပ်မက်ဂိမ်းရှင်တစ်ဦး တည်း။

ပြီးတော့ကြည်လင်။ သူက ကိုယ့်စာကို သိမ်းထားသည်ဟု ဆို၍ကြည်နူးမိသည်တော့ အမှန်။

ဒုတိယမြောက် ကျောင်းပျက်သော နေ့တွင်တော့ ဘုန်းဆက်က ဖုန်းဖြင့်သတင်းမေးလာခဲ့သည်။

"ဘယ်သူတွေဘာပြောပြောနင်မဟုတ်ဘူးလို့ ငါယုံတယ် မသော်"

ဘုန်းဆက်စကားက သူမကိုခွန်အားတော့ဖြစ်စေခဲ့သည်။ အဲ့ဒီတစ်ခွန်းတည်းသော အားပေးသူအား

"ကျေးဇူးတင် ပါတယ် ဘုန်းဆက်ရယ်"

ဟု တုန့်ပြန်ဆိုရင်းသူမနောင်တရမိသည်။ တကယ်ဆို သူမ၏သံယောဇဉ်ကို ကြည်လင်ထက် ဘုန်းဆက်အပေါ်သာ ထားခဲ့ဖို့ကောင်းသည်။

ဘုန်းဆက်ကပဲ အရင်ကတည်းက အစန်းခေါင်း ဆောင်ဖြစ်သောမေသော်အတွက် လိုအပ်သမျှကို ယောကျ်ား လေးပီပီအမြဲကူညီဖြေရှင်းပေးခဲ့သူဖြစ်သည်။ မေသော်ကတော့ သူ့ကိုစာရင်းတောင်မသွင်းခဲ့။ ကြည်လင့်အား သူရန်လုပ်ခဲ့ခြင်း မှာလည်း မေသော်ကနှစ်ချည်းသာ အမြဲရပြီးကြည်လင်က အဆင့်တစ်ချည်း ရနေခြင်းကြောင့်ပင်။ အရင်းစစ်လျှင် အမြစ် မြေကဆိုသလို ဘုန်းဆက်နှင့် ကြည်လင်ကြားက မကြည်လင်မှု သည် မေသော် ကြောင့်ဟုပြောလျှင်ရသည်။

ကျောင်းမသွားသဖြင့် လုံးဝအားလပ်နေသော မေသော် သည် ယခုတော့ စာတွေကိုလည်း လုံးဝကြည့်ချင်စိတ်မရှိတော့၊ လောကကြီးအားစိတ်ကုန်သွားသော မေသော်အတွက် Dream Game သည်သာ ထွက်ပေါက်ဖြစ်လာခဲ့သည်။ ကွန်ပျူတာ Screen ပေါ်က သူမအိပ်မက်ကမ္ဘာသည်သာ အောင်မြင်မှုများစွာ ဆွတ်ခူးနေပြီ။ ဂုဏ်သိက္ခာ၊ နာမည်ကောင်း၊ လူမှုရေးစသော

ခေါင်းစဉ်များတွင် ထိပ်ဆုံးရမှတ်ရနေသည်။ ထိုအရာများရယူရန် အညှိရောင်အိပ်မက်ရည်များလည်း အပြေးအလွှားစုရသေးသည်။

ပိုက်ဆံတွေလိုက် Collect လုပ်ရမည်။ ကျလာသမျှတစ်ခုလွှတ်လို့မဖြစ်။ ပြီးတော့ အောင်မြင်မှုပန်းပွင့်တွေရန်သူအခက်အခဲ များ မလာခင် ရိတ်သိမ်းသင့် ရိတ်သိမ်းရမည်။

အခုမှမေသော်သည် Dream Game Player စစ်စစ်ဖြစ်ခဲ့ပြီ။

"ကလင်..."

မေသော်ဆီဖုန်းဆက်သူရှားသော်ငြား ဘုန်းဆက်ဆီက အသံဖြစ်နေသည်။

"ဟဲ့ ...မေသော်..."

"အေး...ဘုန်းဆက်ပြောလေ"

"မင်းနောင် ကိုနှင်းသီလား အခန်းထောင့်မှာထိုင်တဲ့ကြောင်တောင်တောင် ညှင်းသိုးသိုးကောင်လေ ဒီကောင်လည်းပျောက်သွားပြန်ပြီတဲ့"

"ဘာ"

မေသော့် "ဘာ"ကပုံမှန်ထက်ကျယ်လောင်သွားပုံပင်။

"ဟုတ်တယ်မေသော် . . . ခုတလော ဟိုကျောင်းက ကျောင်းသား ပျောက်လိုက် ဒီကျောင်းက ကျောင်းသားပျောက် လိုက်ဖြစ်နေတယ် ဒီတစ်ခါတော့ နင်သိပ်ကံကောင်းသွားပြီ . . . နင်ကျောင်းတက်သည်ဖြစ်စေ ကျောင်းမတက်သည်ဖြစ်စေ ဘယ်သူမှ နင့်ကိုအာရုံမရတော့ဘူး မြန်မြန်ကျောင်းလာတက်တော့"

"ဘာလို့လဲဘုန်းဆက်"

"တစ်ကျောင်းလုံးပိုရှုပ်ကုန်ပြီ . . . ရဲတွေလည်း စစ်နေတယ် မင်းနောင်အပြင် ကိုးတန်းကငါးယောက်လည်းပျောက်သွားတယ်"

ဟန်းဖုန်းကိုင်လျက်သားဖြင့် . . . မေသော်ဘယ်နှစ်မှန်းမသိ အောင်မှင်သက်မိသည်။

"အဲ့ဒီလူတွေဂိမ်းဆော့လားဘုန်းဆက်"

"သူတို့မိဘတွေပြောကြတာပဲ အိမ်မက်ဂိမ်းဆိုလားဆော့ကြတယ်တဲ့"

# Chapter (5)

## လျှို့ဝှက်အခန်း

ဘုန်းဆက်မှ ကျောင်းလာတက်တော့ဟု ပြောသည့်နေ့က သူမ Level (6)ရောက်နေခဲ့ပြီဖြစ်သည်။ Level မြင့်လေစိတ်ဝင်စားမှုပို လေဖြစ်သော ထိုဂိမ်းကိုမသော်စွဲလန်းခဲ့ပြီ။ ဘုန်းဆက်က ကျောင်းလာတက်ပါဟု တိုက်တွန်းသော်ငြား သူမကျောင်းမတက်ချင်ခဲ့။ ဂိမ်းသာဆော့ချင်ခဲ့သည်။ ဂိမ်းထဲက အရောင်စုံစုံ မျှော်လင့်ခြင်း ဘောလုံးလေးများ အပြာရောင်အောင်မြင်မှုမိုးတိမ်များ၊ ရွှေဝါရောင်ငွေကြေးများကို သူမဆက်လက်စုဆောင်းရမည်။ ထိုသို့ဂိမ်းထဲတွင် နက်ရှိုင်းစွာကစားပြီး ..၆နာရီကျော်မျှကြာလျှင် Level(6) ကိုသူမအောင်နိုင်သွားခဲ့သည်။

Level (6) အောင်နိုင်သည့်အခနေဖြင့် Congratulation Winner ဟူသောစာတမ်းနှင့်အတူ မီးရှူးမီးပန်း Animation လေး များပေါ်လာ သည်။ ဒီဂိမ်းကို ကြာလေမသော်ချစ်လေပင်။

"Welcome from the Secret Level"

Secret level ။ လျှို့ဝှက်အခန်းပေါ့။ သည်အဆင့်ကို ရှက်ဝါ လည်း ရောက်မည်ပေါ့။ စာသားအရှိုက်ချဆင်းလာသည်။

*ဟေး...သူငယ်ချင်း...အိပ်မက်မက်ဖူးလား။*

*အိပ်မက်မက်တမ်းကို သိလား။*

*ဒါဟာ သင့်အိပ်မက်ဆီအရောက်သွားရာ*

*ဂိမ်းတစ်ခုပါ။*

*Level အားလုံးကို ကျော်ဖြတ်ပြီးSecret Level ကိုသင့် ရောက်ရှိ လာမယ်ဆိုရင် ကျွန်ုပ်ကသင့်ကို မေးပါလိမ့်မယ်။*

*"ကျွန်ုပ်ရဲ့ အိပ်မက်ကမ္ဘာဆီ သင်လာနိုင်မလား"*

*သင်က Yes လို့ဖြေခဲ့ရင်သင့်အတွက်၊ သင်၏ညှို့ဖျင်းမှု များအား လုံးအတွက်သေချာသော စကားတစ်လုံးထွက်ပေါ်လာ ပြီဖြစ်ပါ တယ်။*

*Game Over.*

*အိပ်မက်မက်တမ်းကစားကြရအောင်ပါ။*

*'Yes' လို့ဖြေခဲ့မယ်ဆိုရင်ပေါ့။*

*မေသော်'Yes' ဟုနှိပ်လိုက်သည်။*

ကိုယ်စခဲ့သော ဇာတ်လမ်းကိုယ်ပဲ အဆုံးသတ်ရပေမည်။ တကယ်တော့ အိပ်မက်ဂိမ်းအား စတင်ဖြန့်ဝေခဲ့သူမှာ . . .။

အိပ်မက်တစ်ခုစီမှာ

ပိုင်ရှင်တစ်ယောက်စီပဲ ရှိတတ်ကြတယ်။

ဒါကြောင့်လည်း

အိပ်မက်မက်သူတွေ

အထီးကျန်ကြလား၊ မပြောတတ်ဘူး။

***Erma Bom***

"နင့်အတွက်ငါ့မှာ မွေးနေ့လက်ဆောင်ပါတယ်ရှက်ဝါ"

"ဟဟ...အောင်မယ်...ပဟေဠိဖွက်မယ်ပေါ့"

"အင်းပေါ့...ငါ့လက်ထဲကဘာလဲမှန်းကြည့်လေ"

"ဟီးဟီး . . .ပေးမယ့်ဟာ ပေးလိုက်တာမဟုတ်ဘူး သူများရဲ့ပုဇွန် ဦးနှောက်ကို လာစားနေသေးတယ် . . အဲ့ဒါ . . တအုပ်ဟာ"

"လွဲတယ်...ချီးဘုရိန်း...ဟားဟား...ရော့"

"ဟင်...CD ကြီး...ဘာကြီးတုန်း"

"ဂိမ်း"

"ဘာဂိမ်းလဲမေသော်ရာ နင်ကတော့ အဆန်းထွင်ပြီ ငါ့အစထဲကဂိမ်းမဆော့တတ်ပါဘူးဆိုမှ ဒါမျိုးကြီးပေးရတယ်လို့"

"ဟဲဟဲ...ရွက်ဝါကလည်းဟယ်...ငါကဒီအပတ်မုန့်ဖိုးကို ဝတ်ရွတ်အသင်းအတွက် အကုန်သုံးလိုက်ရတာ နင်လည်း သိသားပဲ ဒါကြောင့် ဒါပဲပေးတာ အဖုံးလေးကချစ်စရာလေးဆို တော့နင်များ ကြိုက်မလားလို့"

ရွက်ဝါကဒီဇိုင်းသေချာလုပ်ထားသော ပလတ်စတစ်ကပ် ထူအဖုံးကိုစေ့စပ်စွာရှေ့နောက်လှန်လှောကြည့်လိုက်ပြီ...

"အေးလေ...သူငယ်ချင်းကမွဲတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ရည်းစားဆီကပဲ Brand ကောင်းကောင်းတောင်း ရမှာပေါ့"

"ဟဲ့ ...ရွက်ဝါနော်...စကားပြောဆင်ခြင် ..တော်ကြာ တစ် ယောက်ယောက်ကြားသွားဦးမယ်"

"ဒါနဲ့ဒီဂိမ်းကိုနင်ကဘယ်ကဝယ်လာတာလဲ"

"ဆိုင်ကပေါ့ဟဲဟဲ"

တကယ်တော့မေသော် ညာခဲ့ခြင်းဖြစ်သည်။ အဲ့ဒီဂိမ်းခွေကို ကျောင်းခန်းထဲသို့ စောစောရောက်သည့်နေ့က ကောက်ရခဲ့ခြင်းဖြစ်သည်။ သည်လိုနှင့် ရွှက်ဝါနုနုက အိမ်ထဲရောက်သွားခဲ့ရခြင်းဖြစ်သည်။

"အား"

ခေါင်းမှစူးကနည်းနာကျင်မှုက အသည်းထဲအထိ စူးနစ်သွားသလို။ နာလွန်းသောခေါင်းနေရာသို့ လက်ဖြင့်စမ်းလိုက်လျှင် စေးထန်းထန်းအရာများကို စမ်းလိုက်မိသည်။ သွေး...သွေးတွေများလား။ အမြင်အာရုံမသဲကွဲသည့်ကြားမှလက်ထဲရှိထိုစေးထန်းသော အရာများကိုကြည့်လိုက်လျှင် ...။ အညိုရောင်ခပ်ပျစ်ပျစ်ရည်များ။ အညိုရောင်ရည်။ ဒါဆို...ဟင်...အိပ်မက်ရည်တွေ...။

တစ်စုံတစ်ယောက်သည် သူမအားအိပ်မက်ရည်ပေးသွားခဲ့ပြီ။ သို့ဆိုလျှင်ဒီပွဲကို စကစားဖို့ သူမ Player ဖြစ်ပြီပေါ့။

သူမလုံးဝမသိသော နေရာတစ်ခုတွင် ပြန်လည်နိုးထ ခဲ့ရပြီး ဤသို့သောအခြေအနေကို စတင်ကြုံတွေ့နေရခြင်းဖြစ် သည်။ သူမဒီနေရာ ကိုဘယ်လိုရောက်လာခဲ့သလဲ။ဘယ်သူနဲ့ လာခဲ့သလဲ။ ဘာဆိုဘာမျှမစဉ်းစားနိုင်။ မမှတ်မိ။ နောက်ဆုံး မှတ် ဉာဏ်က Dream Gream ဟူသော ဂိမ်းတစ်ခုကစားရင်း Secret Level ကိုဖွင့်နိုင်ခဲ့သည်။ထို့နောက် သည်နေရာတွင်ခုလို နိုးထ လာခဲ့သည်။

နေရာကစွန့်ပစ်ထားသော အိမ်ဟောင်းတစ်လုံး၏ အခန်းကျယ်နှင့်တူသည်။ အဝါရောင်များမှ အမဲရောင်ဘက်သို့ သန်းလုလု အခန်းနံရံက အခန်းကိုပိုမိုအိုမင်းသွားစေသည်။ အခန်းနှင့်လိုက်ဖက်စွာ တစ်ခုထဲသောတင့်တယ်မှုက အခန်း ထောင့်တစ်နေရာမှ ခမ်းနားသောကု တင်တစ်လုံး။ အဲ့ဒီကုတင် ပေါ်တွင် နူးညံ့အိစက်ဟန် ပေါ်သော အဖြူစင်ဆုံးနတ်သမီးမွေ့ ယာ။ အဟောင်းမြင့်ဆုံး အခန်းထဲက အသန့်စင်ဆုံးမွေ့ယာမှာ သူမအိပ်စက်ရန်ထိုက်တန်ပါရဲ့လား။ ကြည့်နေရင်းတွေးနေရင်း မှာပင် သူမခေါင်းပေါ်က ဝါလုံ့လုံ့မာကျူရီမီးက တစ်စထက်တစ်စ မှေးမှိန်လာသည်။ အိပ်မက်ဆီသွားဖို့ အချိန်ကျပြီဖြစ်ကြောင်း

အသိပေးခြင်းဖြစ်သည့် အချက်ပြမှုကို ဂိမ်းထဲတွင်သိဖူးသည်။ မာကျူရီမီးက တဖြေးဖြေးမှေးမှိန် နေရာမှ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာသည်။ ထိုမှိတ်တုတ်၊ မှိတ်တုတ်ကိုကြည့်ရင်း သူမစိတ် တစ်ခုလုံးသည် တစုံတရာ(သို့)တစုံတယောက် ဆွဲယူသိမ်းငင် လိုက်သလိုခံစားလိုက်ရကာ...အခန်းဆောင့်ဆီကိုအိပ်မက်မက် နေသူ တစ်ဦးလိုစမ်းတဝါးဝါးလျှောက် သွားတော့သည်။

ဘယ်လောက်အထိ ဘယ်အချိန်အထိ နှစ်ဝင်အိပ်စက် ခဲ့သည်လဲ ... သူမ မမှတ်မိ။လေးလံသောမျက်ခွံများကို ဖွင့်ရ သည် မှာ ... အင်မတန်ခက်ခဲနေသည်။ သို့သော်နားထဲတွင် "ထတော့" ဟူ သော အမိန့်သံကို ကြားလိုက်ရသည်။ ရှက်ဝါမြေ ထောက်တွေသည် တစ်နေရာရာသို့သွားနေရပြီး ထိုနေရာမှ ခန်းမဆောင်ဆီပြန်လာ ရမည်မှန်းလည်း အလိုလိုသိနေသည် ခန်းမဆောင်တွင်းရောက်လျှင် စီတန်းထိုင်နေကြသည့် လူ ပေါင်းများစွာ ကိုတွေ့လိုက်ရသည်။ အိပ်ချင်နေသေးသော်ငြား ရှက်ဝါစိတ်တွေ ပုံမှန်ဖြစ်နေသည်။ ရှက်ဝါလည်းနောက်နားတွင် ချထား သောခုံပေါ် ထိုင်လိုက်၏။

"အားလုံးပဲ မင်္ဂလာပါ"

အပေါ်မှ နှုတ်ဆက်သူက ရှက်ဝါသိသောသူ

"ဒီနေ့အားလုံးကို မိတ်ဆက်ချင်တာကတော့ ကမ္ဘာကြီးကိုခြွင်းချက်မရှိပြောင်းလဲပေမယ့် အိပ်မွေ့ချခြင်း အနုပညာပါပဲ"

"အားလုံးပဲမကောင်းတဲ့အကျင့်တွေကို သင်တို့လာရာလမ်းများဆီမှာပစ်ချခဲ့ကြပြီးအကျင့်ကောင်းတွေနဲ့ ကမ္ဘာသစ်ကိုဖန်တီးကြရအောင်ပါ အခုဆိုရင်ဒီအခန်းထဲက လူအားလုံးဟာအိပ်မွေ့ချခံရဖို့ အသင့်ဖြစ်နေပါပြီ သင်ဟာအခု ဆိုဖာကုလားထိုင်ပေါ်မှာ သက်တောင့်သက်သာထိုင်နေတယ်...သင့်အောက်ကကူရှင်ရဲ့အိစက်ညက်ညောမှုကို သင်ခံစားနေရတယ် . . . ဒါ့အပြင်သင့်ဖိနပ်တွေနဲ့ ကြမ်းပြင်ဟာ ပြင်းထန်စွာထိကပ်နေတယ်...ကြမ်းပြင်ဟာ မာတယ် မဟုတ်လား...သင့်ကျောဟာအခုကုလားထိုင်ရဲ့အမှီ ပေါ်ကို အားပါးတရမှီထားတယ် . . . သင့် ကျောပြင်ဟာ အောက်မှီပေါ်မှာ အားပါးတမှီတွယ်ထားတယ်ကဲ..အခုဆို...လူတိုင်းစင်ပေါ်ကိုကြည့်ပေးပါဦး.. စင်ပေါ်မှာကိုယ်တစ်ယောက်တည်းရှိနေတယ် ဟုတ်တယ်မဟုတ်လား ..အခုသင်တို့ရောက်နေတဲ့နေရာဟာအလင်းဘယ်လောက်လိုတယ်ဆိုတာပြမယ် . . အားလုံးလည်း သတိထား မိပြီးသား

ဖြစ်မှာပါ…ကိုယ့်နောက်က မီးလုံးကြီးနှစ်လုံးကိုပေါ့ သင်တို့ရွေးချယ်ရမှာကတော့ တစ်ခုတည်းပါပဲ..ဒီမီးလုံးနှစ် လုံးထဲက ဘယ်တစ်လုံးက ပိုလင်းသလဲဆိုတာပါပဲ .. သင်ရွေးချယ်ပြီးတာနဲ့ တစ်ခုခုကိုသင် တွေ့ရမှာပါ"

ဩဇာသက်ဝင်သော အသံစွမ်းအင်၏ နောက်သို့ လူများစွာသည် ဆွဲငင်လိုက်ပါသွားကြပြီ ဖြစ်သည်။

လူများကို လွှမ်းမိုးပြောင်းလဲဖို့ဆိုသည်မှာ Leading ဟူသော ခေါင်းဆောင်မှုတစ်ခုတည်းဖြင့် မပြီးပါ။ စိတ်ပညာဟူသည် မာယာများသည်။ ဥပမာလူတစ်ယောက်အား "နေ့လည်စာအတူစား ကြရအောင်" အစား "ထမင်းကြော်စားမလား" "ဒန်ပေါက်စားမလား" ဟု ရွေးချယ်နိုင်းခြင်းမျိုးက ပိုမိုသိမ်းသွင်းရလွယ်ကူစေသည်။ ဤသို့ရွေးချယ်ခိုင်းထားခြင်းဖြင့် ဦးကျောက်များကို အလုပ်ပေးထားသော်ငြား စကားအနည်းငယ် ပြောခြင်းဖြင့်လမ်းကြောင်း ပြောင်းလိုက်နိုင်သည်။

"ကိုယ်ကဂဏန်းတစ်ခုပြီးတစ်ခု ရေနေတဲ့အချိန်မှာ သင့်ရဲ့မျက်လုံးတွေကလည်း ဖွင့်ရပိုခက်လာမယ် ..အခုချိန်က စပြီး နံပါတ် စရေပါ တော့မယ် ..အဲ့ဒီလို နံပါတ်ရေးတိုင်း …သင့်

တို့ရဲ့မျက်လုံးတွေကို ပိတ်လိုက်၊ ဖွင့်လိုက် လိုက်လုပ်ပေးနိုင်မလား.. OK နော်"

"ကဲအခုစပြီ..."

"တစ်...သင်တို့မျက်လုံးတွေ ပိတ်ပါ"

"နှစ်...မျက်လုံးတွေ ပြန်ဖွင့်ပြီး ပြန်ပိတ်ပါ"

"ဖွင့်"

"အခုဆိုရင် မျက်လုံးတွေလေးလာပြီ"

"သင့်မျက်ခွံတွေဟာ အတော်လေးလံလာပြီ..."

"ပိတ်လိုက်ပါ"

"သုံး...မျက်ခွံတွေဖွင့်မရတော့ဘူး...ဖြေးဖြေးပိတ်...အခုဆိုရင်သင့်မျက်လုံးတွေပိတ်သွားပြီ..သင့်ခေါင်းတွေလည်းလေးသထက်လေးလာပြီ...နောက်ဆုံးမှာတော့ သင်လုံးဝအိပ်ပျော်သွားပါပြီ"

အခုတော့..အခန်းထဲရှိ လူများအားလုံးသည် နံများပေါ်ဇက်ကျိုး ကာ အိပ်ပျော်သူများဖြစ်သွားကြသည်။

"ကဲ...အခုချိန်မှာ ကိုယ့်ခေါင်းကိုယ်မော့လို့ရမယ်လို့ထင်တဲ့လူ မော့နိုင်တယ်.. ခေါင်းကိုမော့နိုင်တဲ့ကောင်မော့လိုက်စမ်း"

ဘယ်သူမှခေါင်းမမော့နိုင်ကြ။

ရွက်ဝါသည် နဖူးမှဇောချွေးများ စိမ့်ကျလာသည်အထိ ခေါင်းမော့မရ။ ဇက်ကနိုင်နေသည်။

"အခုဆိုရင် ... သုံးကနေ တစ်အထိပြောင်းပြန်ပြန်ရေမယ် တစ်လို့အော်မှအိပ်မွေ့ချမှုပျက်ပြယ်သွားမှာဖြစ်တယ် .. သုံး ... နှစ် ... တစ် ... မျက်လုံးတွေဖွင့်ကြတော့"

ထိုသို့ပြောလိုက်သည်နှင့် စာစာကလေးတွဲ့ဖင့်နွဲ့နွဲ့သော မျက်ခွံများမှာ ဒေါင်းကနည်းပြန်ပွင့်သွားကြသည်။

"သင့်အနေနဲ့ ခန္ဓာကိုယ်ကို ဖြေလျှော့ပေးရမှာပါ.. ကဲ. ..ဟိုး နောက်မှာ ထိုင်နေတဲ့ ရွက်ဝါနုနုထွက်လာပေးပါဦး"

ရွက်ဝါနုနုကို ရွေးချယ်ခဲ့ခြင်းတွင် အကြောင်းပြချက်ရှိနိုင်သည်။ ရွက်ဝါသည် စိတ်ခုခံအားနည်းသော မိန်းကလေးဖြစ်သည်။ ဒီလိုမိန်းကလေးမျိုးကို အိပ်မွေ့ချလောကထဲ ခပ်လွယ်လွယ်ခေါ်နိုင် သည်။

"ကဲ...ဒီခုံမှာထိုင်"

ရွက်ဝါသည် စကားတစ်လုံးမျှမဆိုနိုင်ဘဲ...ချပေးသော ခုံပေါ်ထိုင်လိုက်သည်။

အိပ်မွေ့ချဆရာ၏ အသံသည် ခန်းမဆောင်တစ်ခုလုံး ကို ပဲ့တင်ထပ်သွားအောင် ဩဇာအာဏာပြည့်သည်။

"ကဲ…သင်ဟာ ခုချိန်ကစပြီးအတန်းထဲမှာအမြဲအဆင့် တစ် ရတဲ့ ကျောင်းသူဖြစ်တယ်"

ဖေတွတ်မျှအကြာ။

ရွှက်ဝါနုံ…ပေါ်မှထခုန်လိုက်သည်။

"ကျောင်းတက်မှဖြစ်မယ်။ အဆင့်တစ်ရရမယ်"

ရွှက်ဝါ၏ကြိမ်းဝါးသံက . . . မယုံနိုင်လောက်စရာ။ ထိုအရာသည် အိပ်မွေ့ချခြင်းအနုပညာ (သို့တည်းမဟုတ်) ကမ္ဘာ့သစ်ကြီး အတွက် ပြောင်းလဲခြင်းအစဖြစ်သည်။

နောက်တစ်ယောက်အလှည့်။ စီးကရက်မသောက်ရဲ သည့် မင်းနောင်။

"မင်းနောင် . . ဒီမှာထိုင် . . သင်ဟာ ခုချိန်ကစပြီး စီးက ရက်သောက်တာအရမ်းတော်တဲ့ ကျောင်းသားဖြစ်သွားပြီ"

မင်းနောင် ခုံပေါ်မှ ထသည်နှင့် . . .

"ဆေးလိပ်။ဆေးလိပ်။ဆေးလိပ်"

ထို့နောက် . . .နောက်တစ်ယောက်။ နောက်တစ်ယောက်။ နောက်တစ်ယောက်များကို သူထပ်လွှမ်းမိုးသည်။

ဒါက အိပ်မွေ့ချခြင်း၏စွမ်းအား။ လူသားများအားထိန်းချုပ်နိုင်သည့် စွမ်းအား။

ညစ်ညမ်းညှီဖျင်းမှုလူညံ့များဖြင့် ပေါက်ပြဲနေသော ကမ္ဘာကြီး အားချင်းချက်မရှိပြည့်စုံသော လူတော်များဖြင့်ပြန်လည်မွေးဖွားမည့် ကမ္ဘာသစ်ကြီးအဖြစ်ပြောင်းလဲနိုင်သည့် စွမ်းအား။

သူ့လက်ထဲတွင် ဘုရားသခင်၏ နင်ဝံရောက်နေခဲ့ပြီ။

ကမ္ဘာကြီးသည်သူ့အိပ်မက်ထဲကလို ပြည့်စုံသပ်ရပ်စွာပြောင်းလဲရမည်။

ကမ္ဘာကြီးသည် သူ့အတွက် ပျင်းစရာမကောင်းတော့။

ထိုအချိန် မေသော်ထက်မှာမူကား . . .။

ကိုယ့်ကိုကိုယ်"သိ"ရင်

သင့်အိပ်မက်ဆီရောက်နိုင်ပါတယ်၊

မေသော်သည် မျက်စိရှေ့ရှိ Screen ပေါ်တွင်ပေါ်နေသော စာလုံး များကို အဓိပ္ပါယ်မရှိဘဲကြည့်နေမိသည်။

Secret level ၏ intro စာမျက်နှာ။

စာလုံးများက မေသော်အတွက်လွယ်ကူပြီးသား Word puzzle ပုံစံနှင့်အတူ Code တစ်ခု။ ပြီးတော့ Warning စာသား။

**လျှို့ဝှက်ချက်ကို သင်ဖော်ပြီးသည်နှင့် ဤဂိမ်းအား Uninstall ပြုလုပ်ရမည်**တဲ့ ... စာညှိသည့်ရှက်ဝါနနက သည်လို Word Puzzle ကို အေးဆေးစွာ ကျော်ဖြတ်နိုင်ခဲ့သည့်ပေါ့။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| N | W | S | K | L | U | F | W | E |
| D | V | T | Y | O | N | K | A | N |
| B | A | R | D | A | Y | M | N | B |
| V | B | E | T | D | C | N | A | M |
| P | X | E | I | I | L | E | G | I |
| Y | C | T | T | M | R | A | W | G |
| A | A | I | A | E | Y | I | A | H |
| N | I | A | E | S | O | N | H | T |
| O | R | U | N | E | S | Y | A | E |
| W | B | R | X | Z | A | E | M | I |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| N | W | S | K | L | U | F | W | E |
| D | V | T | Y | O | N | K | A | N |
| B | A | R | D | A | Y | M | N | B |
| V | B | E | T | D | C | N | A | M |
| P | X | E | I | I | L | E | G | I |
| Y | C | T | T | M | R | A | W | G |
| A | A | L | A | E | Y | I | A | H |
| N | I | A | E | S | O | N | H | T |
| O | R | U | N | E | S | Y | A | E |
| W | B | R | X | Z | A | E | M | I |

BARDAY -ဗာဒေ - ဗေဒါ

CITI - စီတီး..(မြို့တော်)

EAIN -?

IILE - mile

MAHARGANAW- မဟောဂနော် - မဟောဂနီ

MIGHT -?

SEN -?

STREET (လမ်း)။

YONKAN -ရုန်ကန် = ရန်ကုန်

မဟောဂနီ၊ ရန်ကုန်မြို့တော့ရပြီ။ ပြီးဗေဒါလမ်း

ဗေဒါလမ်းက (၈)မိုင်မှာရှိတာကြားဖူးသည်။ ဒီတော့သည့်ထဲက might ကအပေါ်က IILE နှင့်တွဲလျှင်...

IILE MIGHT = 8 MILE -

ကျန် နှစ် လုံးကို တွဲခေါ်ကြည့်မယ်။

တစ်လုံး EAIN , တစ်လုံးက SEN-

EAINSEN = ဆိုတော့ စံအိမ် ။ ဟုတ်သွားပြီ။ဒါဆို မဟော်ဂနီစံအိမ်။

သူမ...ထိုနေရာသို့ တစ်ဦးတည်းသွားခဲ့သည်။

မိုက်မဲသူဟုဆိုဆို။

ရမိုင်က ဗေဒါလမ်းထဲတွင် မဟော်ဂနီအမည်ရရှေး ဟောင်းစံအိမ်ကြီး တစ်လုံး ရှိသည်။

မေသော်...သူမလည်းသူများတွေလိုအိပ်မက်ကမ္ဘာထဲ ရောက် ရမှာလား။ သူများတွေလို ဘယ်တော့မှ ပြန်မလာဘဲ ပျောက် ဆုံးသွားမှာလား။ ရွက်ဝါရေ ... နင့်ဆီငါလာနေပြီ။ ချောကလက် ကျွေးဖို့သာပြင်ထား။

ခြံဝန်းကြီးက ခြုံနွယ်ပိတ်ပေါင်းများက သစ်ကြီးဝါးကြီး ရိပ်များအုပ်မိုးထားရာ ဘေးပတ်ဝန်းကျင်မှာ ခြံကြီးထဲသို့မမြင် နိုင်အောင်ပင်...လုံခြုံလွန်းလှသည်။

မေသော်သည် ခြံတံခါးဝရောက်သည်နှင့် ထူးဆန်းသော ခြံတံခါးကိုတွေ့လိုက်ရလေသည်။ ဟောင်းနွမ်းနေဆွေးမြည့်သောခြံဝန်း၊ ခြံတံခါး၊ ပတ်ဝန်းကျင်နှင့်မှမလိုက်ဖက်။ အင်္ဂလိပ်အက္ခရာများ၊သင်္ချာဂဏန်းများဖြင့် ဖွဲ့စည်းထားသည့် ကွန်ပျူတာစနစ်သုံး Log တစ်ခုကိုတွေ့လိုက်ရသည်။ Secret Level ရောက်စဉ်က Puzzle နှင့်အတူရရှိခဲ့သည့် Code အားရိုက်ထည့်လိုက်ရာ...

"ကျွီ"

တံခါးကြီး နှစ်ဘက်က အိပ်မက်ဆန်ဆန်ပွင့်သွားကြသည်။

မေသော်သည်ကြောက်စိတ်ကိုအားတင်းကာခြံဝန်းထဲသို့ဝင်လိုက်သည်။ ကျဆုံးသွားသော သူမသိကျွာ။ ပြီးတော့ သူငယ်ချင်း သံယောဇဉ်...အဲဒါတွေ အတွက်သည်ဂိမ်းကစား၍ သူမပျောက် ကွယ်သွားမည်ဆိုလျှင်လည်းရသည်။ အနည်းဆုံးတော့သည်ဖြစ်ရပ်များ၏ ဖန်ဆင်းရှင်၊ အိပ်မက်ဂိမ်းရှင်အားတွေ့ချင်သည်။

အားလုံးကိုလက်ခံပစ်လိုက်ဖို့ ဒီမလာခင်ကတည်းက သူမဆုံးဖြတ်ခဲ့သည်။ရွက်ဝါအပေါ် ကျူးလွန်မိသလို ခံစားရသဖြင့် ရွက်ဝါတစ်ခုခုဖြစ်မည်စိုးသောကြောင့် ဘယ်သူ့မှတောင် ဂိမ်းအကြောင်းမပြောခဲ့ရ။

"ကြိုဆိုပါတယ် Player "

ဘယ်ကထွက်လာမှန်းမသိသော အသံသြသြတစ်ခုက သူမကို ကြိုဆိုပြီးနောက် ...။ မေသော်ရှေ့မှအိမ်ရှေ့တံခါးမကြီးသည် "ကျွီ" ကနည်း ပွင့်သွားပြန်သည်။ ခုထိသက်ရှိနှင့် ဆင်တူသော အရာ ဟူ၍ ပုရွက်ဆိတ် တောင်မတွေ့ရ။

အိမ်ကြီးကား အပြင်ကနှင့်မတူအောင် ခမ်းနားလွန်းလှသည် ခေါင်မိုးပေါ်မှ တွဲလောင်းကျနေသော မီးဆိုင်းကြီးများ၏ လင်း ဝင်းမှုက အိမ်တစ်ဆောင်လုံးကို နန်းတော်ကြီးသဖွယ်ခမ်းနားနေစေသည်။ မေသော်သည် မျက်စိရှေ့တွင်မြင်ရသော လျှောက်လမ်း ဟုထင်ရသည့် လမ်းကိုဖြေးဖြေးလျှောက်ရင်း မျက်စိကလည်း နံရံများဆီမှ ထူးဆန်းသော ပန်းချီကားများကို အံ့သြမင်သက်စွာ ကြည့်ရှုရင်းဖြင့် ...ဆက်လက်လျှောက်လှမ်းနေသည်။

ဟောဟိုရှေ့မှာတော့ ...Hall ထဲမှာ လူတစ်စု ...။ မလှုပ် မယှက်ထိုင်လျက်။ စင်ပေါ်တွင်တော့ အရပ်မြင့်မြင့်လူတစ် ယောက်။

"ဟင်"

"ဘုန်းဆက်..."

မေသော်၏အနားတွင် အမြဲရှိခဲ့သော။ မေသော်အားအမြဲ အားပေးခဲ့သော။ သူ က . . .လက်ပိုက်လျက်အနေအထားဖြင့် မေသော်အားပြုံးမြဲမြဲ ကြည့်သည်။

"နင်...ရွက်ဝါကို...ဒီကျောင်းသားတွေကို ...နင်က"

အံ့သြလွန်းသဖြင့် စကားလုံးတွေ ထစ်အနေသည်။ ဘုန်းဆက်ကမူ ...ခေါင်းကိုဖြည်းညင်းစွာခါရမ်းလိုက်ပြီး...

"ငါက ကယ်တင်ပေးနေတာ ပြောင်းလဲပေးနေတာ မေသော် ငါတို့ကကမ္ဘာကြီးကို ပြောင်းလဲပေးမယ့်သူတွေပဲ နင့် မျက်လုံးထဲမှာ ငါကတိရိစ္ဆာန်သာသာဖြစ်နေတယ် အဲ့ဒီမျက်လုံး ကိုပြင်လိုက်"

မေသော်သည်ဘုန်းဆက်ရှေ့တွင် ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်ကာထိုင်နေသူများကိုတအံ့တသြကြည့်မိသည်။ ဟင် ဟိုမှာရွက်ဝါ။ ရွက်ဝါလည်း...အသိစိတ်မရှိပုံပဲ။

"နင်ဂိမ်းကို Secret Level အထိဆော့ခဲ့တာဘာတွေ့လဲ မေသော်"

"ဒီအိမ်ကြီးရဲ့တံခါးမကြီးက Code ကိုဖွင့်ပြီးဝင်နိုင်သူဆိုလို့နင်တစ်ယောက်ပဲရှိသေးတယ်။အဲ့ဒါကို နင်ဘယ်လိုသိခဲ့တာလဲ"

ဟုတ်သည်။ မေသော်ခြံတံခါးဖွင့်ဖို့ Code ကို အစက Puzzle နှင့်အတူရသော Code ဖြင့်ဖွင့်ခဲ့သည်။ ထို့နောက်တံခါးမကြီးအတွက်လည်း Locker တစ်လုံးထပ်တွေ့ခဲ့ရာ စိတ်ထဲရှိနေသော Equation တစ်ကြောင်းဖြည့်စွက်နိုင်ခဲ့သဖြင့်သည်အိမ်ကြီးထဲသို့ သူမဝင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

"ပြောစမ်းပါ...နင်အဲဒါကို...ဘယ်လိုသိတာလဲ ဒါကင့်အတွက် အတော်လေးမနာလိုစရာကောင်းနေတယ် "

"ငါဂိမ်းကစားရင်း သိလာတာ ဘုန်းဆက်ကိုယ့်အိမ်မက်ပန်းတိုင်ဟာ ကိုယ့်ဘဝပဲ Dream=Life ပဲ အဲ့ဒါကိုအဲ့ဒီဂိမ်းကစားရင်း ငါသိခဲ့တယ်"

"နင်ဘယ်နှစ်ခါ ရှုံးခဲ့လဲ Secret Level ရောက်ဖို့ Level1 ကပြန်စပြီး ဘယ်နှစ်ခါဆော့ခဲ့ရလဲ"

"ဟင်းဟင်း . . .ငါပြောရင်နင်လှောင်လိမ့်မယ် ဘုန်းဆက် ဒါပေမဲ့ငါရဲ့ညှို့ဖျင်းမှုအတွက် အဲ့ဒီအခေါက်တွေကို ငါမှတ်မိနေတယ် (၈၇) ကြိမ်ပါ...ထမင်းမစားဟင်းမစားဆော့ ခဲ့ရတာ (၈၇) ကြိမ်ငါရှုံးခဲ့တယ်...(၈၈) ကြိမ် မြောက်မှငါနိုင်ခဲ့ တယ်"

ဘုန်းဆက်ပြုံးပြန်သည်။ ဘုန်းဆက်အပြုံးသည် စင်ပေါ် ရောက်နေသူပီပီမီးရောင်အောက်ကမြွေတစ်ကောင်ပြုံးပုံမျိုးနှင့် တူနေသည်။

"နင်က သူလို ချင်တဲ့သူပဲမဟုတ်လား ..ခက်တာက သူကနင့် ကိုမလို ချင်တာပဲ"

"ဘာ"

● ● ●

# အိပ်မက် = ဘဝ = ?

# *Dream=Life =?*

ညတိုင်းအိပ်မက်မက်ပါနဲ့

ရှင်သန်ရင်းနဲ့...

နေ့တိုင်း၊ အချိန်တိုင်း...

အိပ်မက်မက်သွားပါ။

"ထားပါ . . . အခုငါတို့နင့်ကို ကမ်းလှမ်းချင်တာက ငါရဲ့ ကမ္ဘာကြီးကိုပြောင်းလဲမယ့် စီမံကိန်းမှာ နင်ပူးပေါင်းပါဝင်နိုင်ဖို့ ငါကမ်းလှမ်းတယ် နင်လို Ability နဲ့ဆိုရင် လူတွေအများကြီး နင့်နောက် လိုက်မှာ . ."

"တော်စမ်းဘုန်းဆက် . . . ငါဒါတွေစိတ်မဝင်စားဘူး"

"ဘာလဲ . . . နင်ကလူတွေဒီမှာဒီလိုနေရတာကိုမတရား ဘူးလို့ ထင် နေတာလား . . သူတို့တွေ အရင်နဲ့ မတူတော့ဘူး . . ငါရဲ့ထိန်းကွပ်မှုနဲ့ သိပ်တော်သွားကြပြီဆိုတာနင်တွေ့ရမှာပါ"

"ဒါလူတွေ ဘုန်းဆက် . . . ကစားစရာ အရုပ်ကလေးတွေ မဟုတ် ဘူး . . . လွှတ်ပေးပါ . . ."

"အိုဟိုး...ကာယ်တင်ရှင်မကြီးရယ် ...ငါကလည်းလွှတ်ပေးမှာပါ..သူတို့အတွက် ပြည့်စုံလုံလောက်အောင် ငါလေ့ကျင့်ပြီး သွားရင် သူတို့ကိုငါပြန်လွှတ်မှာပါ ...အဲ့ဒီအခါကျရင် ငါရဲ့ပြည့်စုံ ထက်မြက်သော အိပ်မက်လူ တစ်စုက ကမ္ဘာကြီးကိုကယ်ဆယ်ဖို့ ...ထက်မြက်ပေးကြလိမ့်မယ်"

"နင့်ရဲ့အဓိပ္ပါယ်မဲ့တာတွေကို တော်စမ်းပါ ...ရှက်ဝါကိုအခု လွှတ်စမ်းဘုန်းဆက်"

"ဟားဟားဟား နင့်ရဲ့အမိန့်ပဲ ငါကနားထောင်ရမလား ..ငါ့အမိန့်ပဲနင်ကနားထောင်မလား ...ပြိုင်ရအောင်လေ ..."

တစ်ခန်းလုံးမီးများ အမှောင်ကျသွားပြီး ဘုန်းဆက်၏နောက် ရှိမီးလုံးကြီးနှစ်လုံးကသာ လင်းဝင်းနေတော့သည်။

"ကဲ ..အခုချိန်ကစပြီး မေသော်ထက် ...ဒီနံပေါ်ထိုင်လိုက်ပါ"

သြဇာသံဖြင့် ပြည့်ဝလေးနက်လှသော ဘုန်းဆက်အသံကိုကြားလိုက်သည်နှင့် စိတ်သည်နာခံချင်သလိုဖြစ်သွားသည်။

အဲ့ဒါအလကား။ ကိုယ့်စိတ်ကကိုယ့်ကို လှည့်စားတာ။ ဒီလောက် လူတွေအများကြီးကို သူအိပ်မွေ့ချနိုင်တာ တွေ့သွား

တော့ မေသော်စိတ်က အားငယ်သွားတာ ကိုယ့်ကိုကိုယ်အထင်သေးသွားပြီး ဘုန်းဆက်ကိုအထင်ကြီးသွားတာ။ စိတ်ထဲမှ စကားတွေအများကြီး တတွတ်တွတ်ရွတ်ရင်း ဘုန်းဆက်ပြောသမျှကို အာရုံမရောက်စေရန် အာရုံလွှဲနေရသည်။

"မေသော်ထက် . . . ငါတို့တွေရဲ့ဒီနေ့ အိပ်မက်တွေဟာ မနက်ဖြန်ဘဝတွေပါ . . . ငါတို့အတူ အိပ်မက်မက်ကြရအောင်လေ"

မေသော်သည် အိပ်မွေ့ချခြင်း လှိုင်းထဲမဝင်မိစေရန် ကိုယ့်ကိုကိုယ်ထိန်းနေရသည်။ မျက်လုံးများကိုမှိတ်ကာ နားတွေကိုလက်ဖြင့်အုပ်ကာလိုက်သည်။

"ဟားဟား . . . မကြည့်မမြင်ဘူးဆိုလျှင် အထိအတွေ့နဲ့ အိပ်မွေ့ချလို့ရသေးတယ်မေသော်ရဲ့"

"မေသော်ထက်"

အခန်းထဲမှ ဆရာမခေါ်သံလို ခပ်ဆောင့်ဆောင့်ထွက်လာသော အသံ။

"အခုဆိုရင် မေသော်ထက် ဖိနပ်တွေဟာ ကြမ်းပြင်နဲ့ နီးကပ်စွာ ထိကပ်နေကြတယ်။ မေသော်ထက်ဟာကြမ်းပြင်ကို

အားပြုပြီးမှိတ်ထွယ်ရပ် နေတယ်။ မဟုတ်လား ။ ကဲ . . . အခုဆိုရင် စင် ပေါ်ကို ကြည့်ပေးပါဦး။ စင်ပေါ်မှာ တစ်ယောက်ရှိနေတယ်။ ဟုတ် တယ်မဟုတ်လား။ အခုမေသော် ထက်ရောက်နေတဲ့ နေရာဟာ အလင်းဘယ်လောက်လိုတယ်ဆိုတာပြမယ်။"

"တော်စမ်း..တော်လိုက်စမ်း..တော်လိုက်စမ်းပါ..အလကားအိပ်မွေ့ချရင်း ရှုးနေတာ..အရှုး.. အရှုး.."

မေသော်စိတ်တွေသည် ဘုန်းဆက်စကားတွေဆီ အာရုံ ပြောလာသည်။ စိတ်ထဲတွင် ဟာလာဟင်းလင်းဖြစ်လာသည်။ လိုက်လုပ်ရမည်ဟု အမိန့်နာခံစိတ်လေး တစ်ထောင့်တစ်နေရာ မှ ပြူတစ် ထွက်လာသည်။ မခံနိုင်တော့သည့်အဆုံး...

"အား"

အစွမ်းကုန်အော်ဟစ်ပြီး ...။ ဘေးမှ ကုလားထိုင်လွတ် ကို စင်ပေါ်သို့ ပစ်လွှတ်လိုက်ရာ...

"ဒုန်း"

"အား"

ဘုန်းဆက်ကို ထိသွားခဲ့သည်။ ဘုန်းဆက်ခေါင်းမှ သွေးစီးကြောင်းအရှိုက စင်ပေါ်မှခြောက်ခြားစဖွယ် စီးကျလာ

သည်။ ဘုရားရေ . . . မေသော်မရည်ရွယ်ဘဲ လူသတ်မိပြီ လား ။ သတိရသည်နှင့် ရွက်ဝါဆီပြေးသွားပြီး...

"ရွက်ဝါ ပြေး . . .ပြေးတော့လေ"

ရွက်ဝါကိုလှုပ်နိုးသော်ငြား ရွက်ဝါမနိုးပါ ။ ရွက်ဝါဘေးမှ အခြားမိန်းကလေးတစ်ဦးကို လှုပ်နှိုးကြည့်တော့လည်း ထိုအတိုင်း။ ဒုက္ခ။ အိပ်ပျော်နေသောလူတစ်စုကို သူမဘာယ်လိုနိုးရမည်နည်း။

"နင် အဲ့ဒီလိုလုပ်လိုက်မှ သူတို့တကယ်သေမှာ မေသော်"

အသံရှင်ကိုကြည့်လိုက်တော့...

"ဟင်... ကြည်လင်.."

ငါဟာ

အိပ်မက်ကောင်းကောင်းမက်တဲ့သူဖြစ်ပြီး

အဲ့ဒီအိပ်မက်ကို

ငါ့ဘဝထဲရောက်အောင်

ဆွဲသွင်းနိုင်တဲ့ကောင်ဖြစ်တယ်

ကြည်လင်

## Chapter (6)

## ကမ္ဘာကြီးအားပြောင်းလဲချင်သူ

"တစ်နှစ်တာအထူးချွန်ဆုံးကျောင်းသား နဝမတန်း (က) မှ မောင်ကြည်လင်ခ ဆုယူရန် ကြွပါခင်ဗျာ"

သည်နေ့ကအထက(၁) ဒဂုံ၏ ဆုပေးပွဲကျင်းပသည့်နေ့ဖြစ်သည်။

ကြည်လင်အတွက်တော့ နှစ်တိုင်းထပ်တူသည်မြင်ကွင်း၊ သည်စကားလုံး၊ သည်ဖြစ်စဉ်များကိုရိုးအီနေပါပြီ။

ဆရာကြီးမိန့်ခွန်းပြောမည်။ ပြီးလျှင်တစ်နှစ်တာအကောင်းဖဆုံးကျောင်းသားဆုကြည်လင်ရမည်။ ပြီးလျှင်အတန်း

စဉ် ပထမဆုကြည်လင်ရမည်။ ကမ္ဘာ့ရာသီဥတု၊ သစ်တောဆိုင်ရာ စသောစသော စာစီစာကုံးပြိုင်ပွဲပေါင်းစုံများတွင်လည်း ပထမကြည်လင်ရမည်။ သည်ဆု ဖိတ်ခေါ်သံတွေကို တစ်ထပ်တည်းကြုံ တွေ့နေရသည်မှာ ဒီနစ်နင့်ပါဆိုလျှင် ဆယ်နစ်တောင်ရှိပြီပဲ။ ပြီးလျှင် လူတကာက "ကြည်လင်တော်လိုက်တာ" "ကြည်လင်မင်းတော်လွန်းတယ်ကွာ" "မင်းသိပ်စမတ်ကျတယ်" ဟူသော သံတူကြောင်းကွဲစကားလုံးများဖြင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ချီးကျူးကြဦးမည်။ ကြည်လင့် အတွက်တော့ အရာရာသည် အရသာမရှိ။ အားလုံးဖွယ် တယ်တယ်ရယ်သာ။ ဝတ္ထုရှားကျေအဖြစ် စင်ပေါ်ဆုတက်ယူစဉ်ကတည်းက အဲ့ဒီဗိုင်းဆုကြီးနှင့် ကိုယ့်ခေါင်းကို ရိုက်ခွဲပစ်ချင်သည့် စိတ် မကြာခဏ ပေါ်ခဲ့သည်။

ကမ္ဘာလောကကြီးဟာ ဘာလို့ဒီလောက် ငြီးငွေ့ဖို့ကောင်းရတာလဲ။ ပျင်းရိငြီးငွေ့ဖွယ်ကျောင်း၊ ပျင်းရိဖွယ်စာမေးပွဲ၊ ငြီးငွေ့စရာလူတွေ ...အားလုံးအားလုံးသည် ကြည်လင်အတွက် So easy ။ Easy going ဖြစ်နေသည်။ ဘုရားသခင်က သူ့အား ပေးအပ်ချီးမြှင့်ခဲ့သော ဉာဏ်ရည်ကသူ့ဘဝကိုငြီးငွေ့စေပါသည်။ အနည်းဆုံးသူများတွေ အာကွဲမတက်ပြဲ အော်ဟစ်ကျက်

နေသလို သူ့လည်းစာကျက်ရလျှင် အပျင်းမပြေနိုင်သည်။ စုတော့ ...သူ့အတွက်ကျောင်းစာဟူသည် မျက်စိတစ်ဖေ့ကြည့်စရာသာလို သည်။ ကျောင်းစာအတွက်သူ့တွင် အချိန်သီးသန့်ပေးခြင်းမျိုး မရှိခဲ့။ ဆရာစာသင်ချိန်တွင် တစ်ချက်စူးစိုက်လိုက်ရုံနှင့် အတန်း တင်စာမေးပွဲ ကြီးကျင်းပသည့် အချိန်အထိ အဲ့ဒီဘာသာရပ်ကို ထပ်ကျက်စရာမလို အောင်သူဉာဏ် ကောင်းခဲ့သည်။ စာမေးပွဲ တောင်သည် လောက်လွယ်နေမှတော့ . . . အရာရာသည် သူ့ အတွက်လွယ်ကူလွန်းသွားခဲ့ပြီ။

သချာသည်ကတော့....လောကကြီးသည်သူ့အတွက် ပျင်းရိ ဖွယ်ရာဖြစ်သည်။

● ● ●

"ဒီနေ့အမှတ်တွေအားလုံး ကြေညာမယ် .. နားထောင်ကြပါ"

အတန်းထဲရှိကျောင်းသူ / ကျောင်းသား အသီးသီးမှ မှတ် စုစာအုပ်လေးများကို ကိုယ်စီထုတ်ကာ ဘာသာရပ်တစ်ခုချင်းစီကို တရိုတသေလိုက် မှတ်နေကြသည်။ ပြီးလျှင် အဲ့ဒီ ဘာသာရပ် တစ်ခု ချင်း စီကိုလိုက်ပေါင်းကာ အမှတ်အများဆုံးက ဘယ်သူ၊ ဒုတိယအမှတ် အများဆုံးက ဘယ်သူလိုက်စုံစမ်းကြမည်။ ပြီးလျှင် ကြည်လင်ပဲ ပထမရ ကြောင်းပြောကြမည်ကို ကြည်လင်သိနှင့် နေသည်။

ကြည်လင်အတွက်ကတော့ Black Board ရှေ့တွင် အမှတ်ကြေညာနေသော ဒုမော်နီတာ မခေသာ်ထက်၏ အသံစူး

စူးကို နားထောင်စရာမလိုပါ။ ဘာသာရပ် ပေါင်းစုံအမှတ်ပြည့်ရမည်မှန်းသိနေပြီးသားပင်။

စားပွဲပေါ်သာ စိတ်ပျက်လက်ပျက်လက်ထောက်ရင်း အချိန်တွေကို ဘယ်လိုကုန်ဆုံးရမှန်းမသိဖြစ်နေသည်။

"ဟဲ့...နင်ဒီတစ်ခါလည်းအဆင့်တစ်ရပြန်ပြီဟဲ့..တော်လိုက်တာကြည်လင်ရာ . . . အခေါက်တိုင်း နှစ်တိုင်းနင်ချည်း အဆင့်တစ်ယူနိုင်တယ်"

အတန်းထဲမှ ရွက်ဝါနုနုဆိုသော ကောင်မလေး၏ ချီးကျူးစကား။ သည်ကောင်မလေးက အတန်းထဲတွင် စာအညံ့ဆုံးကျောင်းသူတစ်ဦးဖြစ်ပြီး ဟိုယောင်ယောင်သည် ယောင်ယောင်ဖြင့် ဘာမှဟုတ်တိပတ်တိမရှိ။ ရည်မှန်းချက်လည်းရှိပုံမရ၊ အားရင်အတန်း တကာလှည့်အတင်းတုတ်၊ စာမေးပွဲတွင် နိုးချဖြင့် ဘဝကိုဖြစ်သလို ဖြတ်သန်းသူ။ ကြည်လင့်အတွက်ကတော့ စိတ်ပျက်စရာ၊ သိတူကြောင်းကွဲကမ္ဘာလောကကြီးတွင် ကြည်လင့်အတွက် ချီးကျူးစကားဆိုတာတွေက ပျင်းစရာဖြစ်နေသည်။ So Boring ဟုသာ စဉ်တိုးတိုးညည်းလိုက်သည်။

ထိုစဉ် . . . ကြည်လင့်စားပွဲပေါ် သို့ အပြာသင်းခေါင်းဆောင် ဘုန်းဆက်က လက်ထောက်ရပ်လိုက်ပြီး...

"ကြည်လင်ခ...မင်းကဘာဆေးတွေစားလို့နှစ်တိုင်းလတိုင်း အဆင့်တစ်ရရတာလဲကွ . . ဟင် . . . လူတစ်ယောက်ဟာ အခေါက်တိုင်း အဆင့်တစ်ရရတယ်လို့ ဘယ်သူမှကြားဖူးမှာ မဟုတ် ဘူး . . သဘာဝလည်း မကျဘူး . . အဲ့ဒီတော့မင်းဟာက ရိုးရောရိုး ရဲ့လားကွ ဟင် . . "

"ဟော့ကောင် 'အဆင့်တစ်' ကောင် . . ငါမေးနေတယ်လေ . . မင်းအဆင့်တစ်အမြဲတမ်းဘာလို့ရရတာလဲ . . ဇကန္တ အတန်းပိုင် ဒေါ်ဝေဝေဦးနဲ့ ပေါင်းပြီး . . .ဟား ဟား ဟား"

ရှေ့သို့သာစိုက်ကြည့်နေသော ကြည်လင့်မျက်လုံးတွေ အထက်သို့ ဝဲပျံတက်သွား၏ ။ ပြီးမှ . . . စကားနည်းနည်းကို အဓိပ္ပါယ် ပါပါ ရေရွတ်နေ သလိုပြောသည်။

"မင်းတို့ငါ့ကိုသဘောမကျတာ ငါ့အတွက်တော့ So Boring ပဲအချိန်ကုန်တယ်သွားစမ်းကွာ"

"ဟားဟား . . .မင်းကကိုယ့်ကိုကိုယ် အထင်ကြီးနေတဲ့ ကောင်ပဲ ကောင်မလေးတွေရှေ့စမတ်ကျတဲ့ကောင်ဆိုပြီးဘဝင်

လေဟပ်နေတယ်ပေါ့ ..အေး..မင်းဘဝင်ကို သုံးစားမရအောင် လုပ်ပြမယ်...ကဲကွာ..."

အရှိန်ဖြင့်ဝင်ချလာသော လက်သီးကို ငုံ့ရှောင်ပြီး ပါးစပ်က လည်း စက်သေနတ်ပစ်သလို ပြန်ပြောလိုက်သည်။

"ငါမင်းကိုပြောပြီးပြီပဲ..ခွေးမသားရဲ့..မင်းပြောတာ လုပ်နေတာတွေက အချိန်ပဲကုန်တယ်..အကျိုးလဲမရှိဘူး.. ဒီလိုဟောင်ဖွာဟောင်ဖွာအချိန်ကုန်နေမယ့်အစား မင်းရဲ့အဆင့် ၅၁ကို ငါ့လို တစ်ဖြစ်အောင်လုပ်ပါလား..ဟိုဝိုင်းအုံကြည့် နေတဲ့လူတွေလည်းဒီလိုပဲ..ဟားဟားဟား လူအုံရင်ကြည့်ချင်ပြီ ..မျောက်ပွဲလား..ဘာ အကျင့်လဲ..သောက်ပျင်းတွေလား.. မင်းတို့လို ပျင်းတွေကြောင့် ငါတို့ နိုင်ငံ..ငါတို့မြို့တော်တိုးတက် သင့်သလောက် မတိုးတက်တာ"

ကြည်လင်လို ရိုးသားအေးဆေးသော ကျောင်းသား တစ် ယောက်ဆီမှ ထွက်ကျလာသော စကားလုံးကြမ်းကြမ်းများ ကို အား လုံးမှာ အံ့အား သင့်ကာ ငေးကြည့်နေကြသည်။

ကြည်လင်သည် ကိုယ့်ရှေ့တွင် ကြောင်စီစီဖြစ်နေသော အသာလွှတ်လာဖြသည့် ကောင်ကိုရော၊ ဝိုင်းအုံကြည့်နေသောလူ

တွေကိုပါ ထိုးဖောက်၍အခန်းပြင်ဝင်သာ အေးအေးလူလူထွက် ထိုင်နေလိုက်သည်။

ကျွတ်စ်…လူတိုင်းဟာသူတို့ရဲ့ဝါးလုံးခေါင်းလေးထဲမှာပဲ လသာနေတော့တာပဲ။ အမြဲအောက်ခြေအဆင့်ပဲရှိတာလား။ အဲ့ဒီ အောက်ခြေအဆင့်မှာပဲ လောက်ကောင်တွေလို ပျော်ပါးနေကြတာ လား။

"ဒီတစ်ခါလည်း နင်ပဲတစ်ပြန်ပြီပေါ့ လွန်တယ် ကြည်လင်"

ကြည့်လိုက်တော့..စောစောက အမှတ်စာရင်းကြေညာပေးသည့် ဒုခေါင်းဆောင်မသော်ထက်။ သည်လိုဆိုတော့ အတန်း ခေါင်းဆောင်ကမည်သူနည်း။ ဟောဒီက ကြည်လင်ခပါပဲ။ ကြည်လင်တို့ကျောင်းတွင် အမှတ်အများဆုံးအဆင့်တစ်က ခေါင်းဆောင်လုပ်လေ့ရှိရာ နှစ်တိုင်းအချောင်ဘောပိုက်ရင်း အတန်းခေါင်းဆောင်လုပ်ခဲ့ရသည်။ ကြည်လင်ကထိုင်ပေးရုံသာ။ မသော်ကအတန်းခေါင်းဆောင်တစ်ယောက်၏ တာဝန်နှင့် ဝတ္တရားကို ကျေပွန်စွာလုပ်ကိုင်သည့် လူစားမျိုးဖြစ်သည်။ သည်တော့လည်း ကြည်လင်တောက်လျှောက် အနေချောင်ခဲ့သည်ပေါ့။

"မနက်ဖြန် စနေကျူရှင် J donu't မှာ ငါ့ကို ထိုင်စောင့်ပေးပါ လား..ငါနင့်ကိုပြောစရာရှိလို့.."

ကြည်လင်စိတ်ညစ်သွားသည်။ ဒါတွေကိုအစွမ်းကုန်ပြီး ငွေ့နေပါ သည်ဆိုမှ။

"ဟဲ့...ကြည်လင် ငါပြောတာကြားရဲ့လား."

"ကြားတယ် .. ကြားတယ်.. မေသော်ရာ .. နင် ငါ့ကို ကြိုက်နေတာအကျိုးမဲ့အချိန်ကုန်တယ် .. ငါလည်း နင့်ကိုစိတ် မဝင်စားဘူး အိမ်ပြန်ပြီး ပြန်အိပ်တော့သွား .."

မေသော်ထက်မျက်ဝန်းများသည် ရှစ်မျက်နှာစလုံးမှ ရှာ သွန်းလိုက်သော မိုးဒေဝါနယ်...စိုရွှဲအိစက်သွားပြီး

"ဆောရီး...ကြည်လင်.ငါပြောတာတခြားမဟုတ်ပါဘူး နင်ပဲ...သင်္ချာ Guide စာအုပ်ကြည့်ချင်တယ်ဆိုလို့ပြမလို့ပါ.."

ကြည်လင်သည် ကိုးကွယ်ရာမဲ့သူလို ဆောက်တည် ရာမရဖြစ်ရသော မေသော်ထက် အားခပ်မြှင်းမြှင်းကြည့်ရင်း...

"လူတော်တော်များများဟာ နင့်လိုပဲ သာရေး၊ နာရေး၊ အလုပ်ရှုပ်နေကြတယ်နော်မေသော်။ ကိုယ့်ဘဝအတွက်လုပ် စရာရှိတာမလုပ်ဘဲ အချိန်ဖြုန်းနေကြတယ်။ အဲဒီထဲမှာ ငါလဲပါ တယ်"

"အားလုံးကို ငါပြောင်းလဲပစ်မယ်"

"အားလုံးကိုငါ ပြောင်းလဲပစ်မယ်"

"အားလုံးကိုငါပြောင်းလဲပစ်မယ်"

ဟုရေရွတ်လိုက်သည်။

စုတ်ပြတ်သတ်အတွေးအခေါ်တွေဖြစ်တဲ့ အချစ်တို့၊ အညစ်တို့၊ ကမ္ဘာကြီးကိုလည်း ဘာမျှအကျိုးမပြု၊ ခေါက်ရိုးကျိုးနေသော ပစ်စလက်ခတ်လုပ်ဆောင်မှုဖြင့် . . . အသက်ငွေ့ငွေ့လေးသာ ကျန်သော ဤကမ္ဘာကိုကမ္ဘာသစ်အဖြစ် ပြန်လည်ပြုပြင်ပြောင်းလဲနိုင် ရန် ကြည်လင်ရည်ရွယ် သည်။

ပြောင်းလဲမည့် ကမ္ဘာသစ်တည်ဆောက်မည့် လူသားအားလုံးအတွက်ငွေကြေးမဟုတ်၊ ဖိအားမဟုတ်သည့် အင်အားတစ်မျိုး ပေးစွမ်းနိုင်ရန် ကြည်လင်ရည်ရွယ်ခဲ့သည်။ထိုအရာကတော့ အိပ်မက်တွေမက်တတ်ကြဖို့။

အင်မတန်ညံ့ဖျင်းလှသောလူတွေကို စိတ်ပျက်လာသည့်ကြည်လင်သည်လူညံ့များညံ့ရာမှတော်စေမည့်နည်းလမ်းကိုရှာဖွေ ခဲ့သည်။ တွေ့လည်းတွေ့ရှိခဲ့သည်။

ထိုအရာကတော့ အိပ်မွေ့ချခြင်း အနုပညာ ။

ထိုအရာကိုကျွမ်းကျင်ပညာရှင်အဆင့်ရောက်ရန် ကြည်လင် လေ့ကျင့်ခဲ့သည်။ Genius ဟုအများကသတ်မှတ်သည့် သူလိုကောင် အတွက်ထိုပညာသည် ထင်သလောက် မခက်ခဲခဲ့။ Library မှ Hypnotism နှင့်ပတ်သတ်သမျှစာအုပ်တိုင်းအား လေ့လာခဲ့ရုံသာ ။ ပြီးတော့ သူ၏လှုပ်ရှားမှုများအား မပြတ်လေ့လာနေသူ ဘုန်းဆက်အား သူ့အင်ပါယာထဲသိမ်းသွင်းခဲ့သည်။

Plan 1 အနေဖြင့် Dream Game တွင်ကြည်လင်၏အိပ်မက်ကမ္ဘာဆီ သင်လာနိုင်မလားဟူသော Welcome ထည့်။ ထို Secret Level ရောက်သူကို ကြည်လင်၏ ရုံးချုပ်တစ်ဖြစ်လဲ စံအိမ်ကြီး ၏တည်နေရာကို Puzzle ဝှက်ခေါ်။ စံအိမ်ကြီးဆီ ရောက်လာလျှင်တော့ပွဲသိမ်းပြီ။ ထိုလူသည်ကြည်လင် "Changing" (ပြောင်းလဲခြင်း) လုပ်ပေးမည့်ရွေးချယ်ခံရသူဖြစ်လာမည်။

ထိုသူကို ကြည်လင်၏ အမိန့်ပေးသံများဖြင့် "ဘဝအိပ်မက်သစ်" "ပန်းတိုင်သစ်" သတ်မှတ်ပေးမည်။စံအိမ်ကြီးဆီမှ ပြန်လွှတ်လိုက်သည်နှင့် ထိုလူသည် ကြည်လင်အိပ်မွေ့ချကာ လမ်းညွှန်ခဲ့ သောအရာများ အတိုင်းဖြစ်အောင် လုပ်တော့မည် ဖြစ်သည်။

ခုဆိုလျှင် ကမ္ဘာလောကကြီးတွင် လူဖျင်းများနည်းသွားပြီ။ အိပ်မက်သစ်များဖြင့် နိုးထလာသော လူစွမ်းကောင်းအချို့ကိုသူမွေးဖွားခဲ့ပြီးပြီ။

ဘဝဟာ အတောင်ကျိုးငှက်လို

မျှော်လင့်တကြီးဆုပ်ကိုင်နား ....

ငါပိုင်ဆိုင်တာဆိုလို့ ငါ့အိပ်မက်တွေပဲရှိတယ်၊

# Final Chapter
## ပွဲသိမ်း

"ကြိုဆိုပါတယ်...မေသော်ထက်"

ကြည်လင်စူးရှသော ကြည်လင့်အသံနှင့် တခါမျှမမြင်ဖူးသော ကြည်လင့်ဟန်ကို မေသော်အကြောင်သားငေးစိုက်ကြည့်နေသည်။

"နောင်ဆယ်နှစ်ကြာရင် နှင်နဲ့ငါလမ်းမှာပြန်တွေ့ကြမယ် မေသော် .. အဲ့ဒီအခါကျရင် နှင်ဘာဖြစ်ပြီးငါဘာဖြစ်နေမလဲ"

"ငါကလူတွေကို အကျိုးပြုတဲ့တစ်ခုခုလုပ်နေမှာပေါ့ ကြည်လင် အဲဒါထားပါ . . နင်ဘယ်လိုဖြစ်လို့ဒီရောက်နေရတာလဲ"

"ဩော် . . ဒါဆိုလူတွေကိုအကျိုးပြုဖို့ဆိုတာ နင့်အိပ်မက်ပေါ့ . . နင့်အိပ်မက်က အကျိုးပြုတယ်သာဆိုတယ် . . နင့်အနာဂတ်အတွက် အကျိုးတကယ်ပြုရဲ့လား မေသော်"

"ငါတို့ယုံကြည်ရင် ငါတို့ပျော်ရွှင်ရမှာပါ ကြည်လင် . . နင်ဘာကြောင့်ဒီရောက်နေတယ်ဆိုတာ ငါ့ကို မပြောသေးဘူးနော်"

"နောင်ဆယ်နှစ်ကျလို့ နင်နဲ့ငါလမ်းမှာပြန်တွေ့ရင် ငါကရောဘာ ဖြစ်နေမယ်ထင်လဲ . . ပြောကြည့်ပါဦး . ."

ဩော် . . ကြည်လင်ရေ . . အခုတော့မေသော် သဘောပေါက်သွားပြီ။ နားလည်သွားပြီ။ ရှင်းလင်းသွားခဲ့ပြီ။ တံတွေးတစ်ချက်ကို ခါးခါးသီးသီးမြို ချရင်း ။

"နင်က ကမ္ဘာကြီးကိုပြောင်းလဲမယ့်လူပေါ့ . . ဟုတ်တယ်မဟုတ်လား . ."

"ဟားဟားဟား...ဟုတ်တယ်မေသော်..နင့်ကိုငါမရွေးခဲ့တာလဲ အဲ့ဒါကြောင့်ပဲ..နင်ကသိပ်ပါးနပ်လွန်းတယ် ငါလုပ်တာတွေ မှန်သမျှကိုလည်းလိုက်လုပ်နိုင်သလို ငါ့ကိုလည်း 'ကျော်' သွားနိုင်တယ် . . တကယ်ဆို နင်ဒီနေရာကို ရောက်မလာဖို့ ငါအတန်တန်တားခဲ့တယ်..အခုတော့ဘာမှမတတ်နိုင်တော့ဘူး ..အဲ့ဒီတော့.."

"အဲ့ဒီတော့ နင်ကနင်ကျွမ်းကျင်တဲ့ ပညာနဲ့ ငါ့ကိုသတ်ပစ်မှာလားကြည်လင်.."

"နင်ဘယ်လိုထင်လဲမေသော်.."

"ငါကတော့ တစ်ဦးတည်းသော မျက်မြင်သက်သေဖြစ်တဲ့ ငါ့ကိုနင်နဲ့ဘုန်းဆက်အရှင်ထားမှာမဟုတ်ဘူးလို့ထင်တယ်"

"ဩော်..."

ကြည်လင်၏ဩော် ကကြောက်စရာကောင်းသည်။

"အိုး သူတို့တွေ နိုးထချိန်တန်နေပြီ..နိုးရမယ်.."

"ကဲ...အားလုံးပဲ သုံးကနေတစ်အထိ ရေမယ်..တစ်လို့ပြောလိုက်တာနဲ့ မျက်လုံးတွေပြန်ဖွင့်မယ်..သုံး...နှစ်...တစ်"

စောစောကကျောက်ရုပ်တွေလို မာကျောတောင့်တင်းနေကြသည့် လူတွေအစုမှ လှုပ်လှုပ်ရှားရှားပြန်ဖြစ်သွားကြသည်။ ကြည်လင်က သူ၏ကုတ်အင်္ကျီခါးရှည်ကို နောက်သို့ တစ်ချက်ခါလိုက်ပြီး…။

"အဲ့ဒီတော့စောစောက ငါတို့စကားကို ဆက်ရအောင်လေ မေသော်.. နင့်ကိုငါသတ်မယ်ဆိုတဲ့ အိပ်မက် နင့်မှာရှိသလား..မရှိဘူးလား"

"ရှိတယ်ဆိုရင် နင်ကဘာလုပ်မှာလဲ တကယ်သတ်မှာလား"

ကြည်လင်ပြုံးသည်။ အသက် ၁၇ နှစ်မပြည့်သေးသောလူငယ်လေး၏ အသက် ၅၀ အရွယ်အပြုံး။ ကောက်ကျစ်သည်။ မာယာများသည်။ နာကျင်ဖွယ်ရာကောင်းသည်။ လေသံတိုးသက်သက်ဖြင့်…

"နင်မရွေးချယ်ရဲရင် …"

"ငါ့အိပ်မက်ရှိတယ် နင့်လိုမျိုးပဲ ကမ္ဘာကြီးကိုပြောင်းလဲဖို့ ဒါပေမဲ့နင့်လောက်တော့ မကြီးကျယ်မမြင့်မြတ်ပါဘူး ငါတတ်

နိုင် သလောက်လေးကျရာ ဇာတ်ရုပ်ကနေ အကောင်းဆုံးပံ့ပိုး မယ်ဆိုတဲ့ စိတ်ကလေး အိပ်မက်ကလေး အဲ့ဒါလောက်ပါပဲ ..နင် ငါ့ကိုသတ်မယ်ဆိုတဲ့ အိပ်မက်ကတော့ ဘယ်တုန်းကမှ မမက်ခဲ့ ဖူးတာပါ တချို့ကိစ္စတွေဟာ မက်စရာမှမလိုပဲ .. ကိစ္စတိုင်းကို အိပ်မက်အဖြစ် ပုံဖော်စရာမှမလိုပဲ "

"အဲ့ဒီတော့..."

"အဲ့ဒီတော့ ...ငါမေးချင်တာ ..နင်ကရောငါ့ကိုသတ် မယ့် အိပ်မက်မက်ဖူးလားကြည့်လင် "

"နင်ဒီအိမ်ကို စဝင်ကတည်းက နင်မသိလိုက်ခင်လေး တင် နင် ဟာငါ့ရဲ့အိပ်ငွေ့ချမှုကို ခံလိုက်ရပြီမသော် Dream = Life ဆိုတဲ့ equation ကိုနင်သိခဲ့တာငါ့ရဲ့လမ်းညွှန်မှုကြောင့်မပေါ့ မေသော်ရယ် တချို့လူတွေဟာ သူတို့ဘဝမှာ ငါရှိနေတယ်ဆိုတာ ကို သူတို့သေတဲ့အထိ သိသွားရှာမှာမဟုတ်ဘူး"

"ဒါဆိုနင်က..."

"ဟုတ်တယ်..ငါနင့်ကိုသတ်တဲ့အိပ်မက်ကို နင်အစုမြင် ရမှာနင်လည်ပင်းကိုနင့်လက်နဲ့ လှီးလိုက်မှန်းတောင်သိလိုက်မှာ

မဟုတ်ဘူး..အဲ့ဒီလောက်နာကျင်စရာမဲ့ပါတယ်။ နင်အဆင်သင့်ဖြစ်ပြီလား..ငါ'စ'တော့မယ်နော်.."

ဘုရား...ဘုရား။ တော်စမ်း ...တော်စမ်း။ စောစောလေးကတင် ဘုန်းဆက်၏စိန်ခေါ်မှုကို ခုခံခဲ့ရသောစိတ်သည် ဒီအခါတွင် လုံးဝလွှတ်ထွက်သွားနိုင်သည်။ အချိန်သိပ်မရတော့။ သူမသေရတော့မည်။

သူမအသက်ကိုရွေးချယ်မလား။

ချစ်သူကိုရွေးချယ်မလား။ ကိုယ့်ကိုကိုယ်ချစ်ဖို့တောင်သူမ တွန့်တိုခဲ့သည်။

"ကဲ...စပြီမေသော်ထက်"

ကြည်လင်၏ ဩဇာညောင်းသောအသံက ညင်သာပျော့ပျောင်းသောလှိုင်းလုံးတစ်လုံးလို ခေါင်းထဲဝင်ဆောင့်သည်။ သိစိပ် ကလေးက သုံးပုံပုံလျှင် တစ်ပုံသာကျန်တော့သည်။ သေရတော့မည် လား။

လက်ထဲတွင် ဘယ်ကရောက်လာမှန်းမသိသော ဘရိတ်ဓားတစ်ချောင်းကို ဖြတ်ကနည်းတွေ့ရသည်။ ထိန်းချုပ်ထားသော သိစိတ်နှင့် အမိန့်ကိုနာခံလိုသော မသိစိတ်တို့ကြား..

သူမ အသက်မှုတည်နေပြီ။ ကြည်လင်ခ၏ မှော်ဆရာလို ရှတာတာ မျက်လုံးများမှ လွှဲဖယ်မရ။ ရင်သည် တဒိုင်းဒိုင်းခုန်နေသည့်ကြား မှ ပိုက်ကွန်ထဲတွင်မိသော ငါးတစ်ကောင် သဖွယ်ဖြတ် ဖြတ်လူး နေသည်။ အိုး...သူ့ မျက်လုံးတွေထဲ...ပျော်နေမိသည် ပဲ။

အား...ဖောက်ထွက်ပစ်လိုက်။

ဟိုး...နောက်လာမယ့်ဆယ်နှစ်မှာ စာသင်ခန်းမှာ စာသင်နေတဲ့ ဆရာမလေးတစ်ယောက်။ ဟုတ်တယ်။ အဲ့ဒါ မေသော်ထက်ရဲ့အိပ်မက်။ စိတ်ကလွှတ်သွားပြီ။

"ခွမ်း"

ဖြစ်ရပ်ကမြန်ဆန်လွန်းသည်။သူမနှင့် အနီးဆုံးရှိရာ ဓာတ်ဆီပုလင်းများနှင့် ကြည်လင့်ကို သူမကြောက်လန့်တကြား ပစ်ပေါက် သည်။

ဓာတ်ဆီများရွှဲရွှဲစိုနေသော ကြည်လင်မျက်နှာတွင် သိမ် မွေ့သည့် ပညာရှင်တစ်ဦး၏ တည်ငြိမ်မှုမျိုးတော့ ပျောက်မသွား။ စင်အလယ်တွင် ခပ်တောင့်တောင့်သာရပ်ရင်းမေသော့်ကို စိုက် ကြည့်နေသည်။ လာမကြည့်နဲ့။ အဲ့ဒီအကြည့်ကို ငါမုန်းတယ်။ ကိုယ်ကိုကိုယ် ယုံကြည်မှု သိပ်ရှိတဲ့ အဲ့ဒီအကြည့်ကို ငါမုန်းတယ်။

ထို့နောက်…

မင်းနောင်၏ မီးခြစ်ခြစ်သံ။ စီးကရက် မီးညှိသံ။

"ဖောက်" "ဒုန်း" "ဂလွမ်း" "အား"

တိုးတိုးဖွဖွ အသက်လုထွက်ပြေးကြသော အိပ်မက်ဆန် သည့် လူတစ်စု။

ထိုအထဲတွင် ဘုန်းဆက်မပါ။ ကြည်လင်ခမပါ။

စံအိမ်ကြီးတစ်ခုလုံး မီးလောင်ကျွမ်းခဲ့ရသည်။

ကြည်လင်ခ၏ ညွှန်ပြမှုဖြစ်သော အိပ်မက်မက်တမ်းထဲတွင် ကြည်လင်ခကိုယ်တိုင် အဆုံးသတ်ရလိမ့်မည်ဟု ဘယ်သူထင် ခဲ့မလဲလေ။

တချို့လူတွေဟာ

အိပ်မက်ကောင်းတွေပဲ မက်တတ်ပေမယ့်

သူ့အိပ်မက်ဆိုးတော့ သူမမြင်နိုင်ပါဘူး။

ကြည်လင်ဝေဟာ သူ့ရဲ့တစ်ခုတည်းသော

အိပ်မက်ဆိုးဖြစ်တဲ့ မေသော်ထက်ကို

တစ်ခါမှ မမက်ခဲ့ဖူးဘူး။ ၊

# Lost Chapter
# ထိုလေးယောက်

တစ်ချိန် အတိတ်တုန်းက ဖြစ်သည်။

"မေသော်…နင်ဘဝရဲ့အိပ်မက်ကဘာလဲဟင်"

"မသိဘူးလေ"

"ဟင်…အသက်ပဲ အတော်ကြီးပဲ နင့်မှာအိပ်မက် မရှိဘူးလား"

"နိုး"

"ဘယ်လိုကြီးလဲ"

"ဒီလိုကြီးပဲပေါ့ ကြည်လင်ရယ်။ နင့်မှာရော"

"ရှိတာပေ့ါ"

"ဘာတွေလဲ"

"တစ် ...က အိပ်မက်မက်ဖို့..."

"အဲ့ဒါဘာကိုပြောတာလဲ"

လူတစ်ယောက်ရဲ့ဘဝမှာ သူဖြစ်ချင်တာဖြစ်ဖို့ နဂိုထဲက မျှော်ရည်ထားရတဲ့ အိပ်မက်ဆိုတာရှိတယ်လေ။ အဲ့ဒါကိုပြောတာ။

"ငါ့အိပ်မက်အတိုင်းတကယ်ဖြစ်လာဖို့ငါအမြဲမျှော်လင့်တယ်"

"ဒါဆို နှစ်ကရော..."

"ဒါလည်းအိပ်မက်မက်ဖို့ပဲ"

"ဟင်...ဘယ်လိုချည်းလဲ"

ကြောင်တောင်တောင် ဖြစ်သွားသော မေသော်ကို ကြည့်ကာကြည်လင့်က တဟားဟားရယ်နေလေသည်။ ပြီးမှ..

"ဘဝဆိုတာ ရှိလာကိုစတော စီးရသလိုပါပဲ မေသော်ရာ နိမ့်လိုက်မြင့်လိုက်၊ တက်လိုက်၊ ကျလိုက်ပေ့ါ။ အော်မှာလား၊ ပျော်

မှာလား ကိုယ့်ရွေးချယ်မှုက အဓိကပဲ။ ငါကတော့ ငှါဘဝကို အိပ်မက်တွေနဲ့ ပျော်ပျော်ကြီးတည်ဆောက်သွားမယ်။ ဒါပဲ"

ထိုသို့ပြောနေစဉ်တွင် ကြည်လင်၏ မျက်လုံးတွေသည် စိတ်တက်ကြွမှုဖြင့် အရောင်တစ်မျိုးကွန့်မြူးနေသည်။ မေသော်က–

"နင့် ဒိုင်ယာလော့ဒ်တွေက သိပ်မြင့်တယ် ..ငါ့အရပ်က ပုနေတယ် နည်းနည်းပုပြောပေးလို့မရဘူးလား"

မေသော်နောက်တောက်တောက် ပြောတော့ ကြည်လင် မပြုံး။

"မနောက်နဲ့ မေသော်နောက်တာ ငါမကြိုက်ဘူး ..ငါ့ဒိုင်ယာလော့ခ်တွေပုပေးဖို့ထက် နင့်အတွေးအခေါ် မြှင့်ပေးတာက ပိုကောင်းမယ်ထင်တယ်"

"အော်...နင်ကလည်း ပြောခွင့်ရတုန်း ပြောတဲ့သဘောပဲနော်"

"ဒီမှာ မေသော် . . . ငါတို့ဝန်းကျင်က လူတွေကလေ Wortless ပဲ ..နင်လည်းအဲဒီထဲမပါစေနဲ့ ...လက်ဖက်ရည်ဆိုင်

လေး ထိုင်လိုက်၊ အင်တာနက်ကဖေးမှာတော့ခ် (Talk) လိုက် ဖေ့စ်ဘုတ် ကြည့်လိုက်နဲ့လေနေကြတာ . . အလုပ်တွေများနေ တယ်လို့ ပြောကြပြီး တကယ်ကျ အဲ့ဒီနေရာတွေမှာဝင် အချိန် ဖြုန်းနေကြတာ ငါတော့ နမြောလို့ မဆုံးဘူး"

မမသော် . . . ပါးပါးလျလျ ပြုံးသည်။ ကြည်လင့်မျက်နှာ ကတော့နေဝင်ခါနီး အပေါ်မေးတင်နေသည့် နေမင်းကြီးလို ကြည့် ကောင်းသော်ငြားလွမ်းစရာဖြစ်နေသည်။ နီရဲရဲစိုမြမြအ ပြုံး။ ကြည်လင်ဆိုတဲ့ကောင်ဟာ လူတစ်ယောက်ထက် စက်ရုပ် တစ်ရုပ် နှင့်ပါဆင်တူသည် ဟုထင်မိသည်ပင်။ သူမေးသည်ကို ဖြေရမည်ပေါ့လေ။

"ငါ့ရဲ့အိပ်မက်က နင်ပဲပေါ့ ကြည်လင်ရယ်"

ကြည်လင်ခေါင်းခါခဲ့သည်။ မမသော်နည်းနည်းရှက် သွားသည်။ ကြည်လင်က . . .

"တစ်ချို့အိပ်မက်တွေက ပြုပြင်ပြောင်းလဲလို့ရပါတယ် တစ်ချို့ကတော့ ကိုယ့်စိတ်အတိုင်းမဖြစ်ဘူး . . အကယ်၍များ နင့်အိပ်မက်က ငါဖြစ်ခဲ့တယ်ဆိုရင် အိပ်မက်ဆိုးလို့ သတ်မှတ်ပြီး

တစ်ခါတည်းမေ့ပစ်လိုက်ပါ . . အိပ်မက်ဆိုးဆိုတာက တကယ် မမက်ခင် အချိန်လေးမှာပဲမေ့ပစ်ဖို့ အခွင့်အရေးရှိတာလေ. . အခွင့်အရေးရှိတုန်းငါ့ကိုမေ့ပစ်မေသော်. .အကျိုးမရှိတဲ့အိပ်မက် ကိုမေ့ပစ်"

မေသော် . . .ပြုံးပြန်သည်။

"နင်ရဲ့အိပ်မက်မက်ဖို့ဆိုတဲ့ ပန်းတိုင်မှာ ငါကတစ်စိတ် တစ်ပိုင်းလေးတောင် မပါတာလားကြည်လင်"

ကြည်လင် . . .မေသော်မျက်လုံးတွေဆီ . . .စူးရှနက်ရှိုင်း စွာကြည့်လိုက်သည်။

"ငါပြောပြီးပြီးပဲမေသော် . . . အကျိုးမရှိတဲ့အိပ်မက်တွေ ငါမမက်ဘူးမက်လည်းမမက်တက်ဘူး. ."

"နင့်ဘဝအတွက် အချစ်နဲ့ပတ်သတ်တဲ့ အိပ်မက်က ဘယ်တော့မှ ဖူးပွင့်မလာဘူးလို့ဆိုလိုတာလားကြည်လင် . . ."

သည်မေးခွန်းကိုတော့ မျှော်လင့်ချက်ပျတ်သုဉ်းသူတစ် ဦးလို အားလျော့စွာ မေသော်မေးလိုက်ခြင်းဖြစ်သည်။

"ဟားဟားဟား . . .အရူးမ မေသော်ထက်ရယ် . . .နင်တို့ မိန်းကလေးတွေဟာလေ . . . အပျိုလေးဖြစ်ပြီဆိုတာနဲ့ ရည်းစား

ထားဖို့ "စ" ကြည့်ပြီ။ ဘေးဘီဝဲယာက သူငယ်ချင်းတွေ ယောက်ျားလေးတွေကိုလည်းအလွတ်မပေးတော့ဘူး..ငါပြော ပြီးပြီးလေ ...မက်စရာမလိုတဲ့ အိပ် မက် မက်ကိုမမက်ဘူး"

ဩော်...ကြည်လင်အတွက်မေသော်ထက်က မက်စရာ မလိုသော အိပ်မက်ဖြစ်သည်။

"ဟောဟိုမှာ ...နှင့် သူငယ်ချင်း လာနေပြီ.."

မေသော်နောက်သို့ လှည့်ကြည့်တော့ မေသော်နှင့် ကြည်လင်စကားပြောနေရာ Hall ခန်းအတွင်းသို့ ဦးတည် လျှောက်လာသည့် ရွက်ဝါနနကို တွေ့လိုက်ရသည်။ တနွဲ့နွဲ့ လျှောက်လာပုံက လေပြည်ရိုင်းထဲက နှင်းဆီတစ်ပွင့်လို။ ရွက်ဝါ ၏အလှကို ဒီကျောင်းမှာ ပုရိသများအားလုံး အသိအမှတ်ပြု ထားရသည်။ ရွက်ဝါက လက်တစ်ဖက်ကို ထောင်ပြပြီး မေသော် ကိုနှုတ်ဆက်သည်။

"ဟေး..."

မေသော်ပြန်နှုတ်ဆက်လျှင် ဘေးမှကြည်လင်သည် "ပိုရန် ဂေါ" ဟူသော အကြည့်ဖြင့် နှာခေါင်းရှုပ်ရင်းမျက်နှာလွှဲ သွားသည်။

"ကြည်လင် . . . နင့်နဲ့ ရွက်ဝါကို ဒီတစ်ခါတော့ ငါမိတ်ဆက်ပေးမယ်လေ . . . ဟာ . . . ခနော်။ နင်ပြီးရင် ငါ့အိပ်မက်က သူပဲ နင်အားရင်သူ့ကိုစာပြပေးပါလား . . . ပြီးတော့ . . . နင်တို့နှစ်ယောက်စလုံးက ငါ့သူငယ်ချင်းတွေဖြစ်တာ ဆယ်နှစ်ရှိပြီ။ တစ်ခါမှငါက မိတ်မဆက် ပေးခဲ့ရဘူး . ."

ကြည်လင့်မျက်နှာတွင်စိတ်ရှုပ်ထွေးသော အရိပ်အခြေများပေါ်ပေါက်လာဆဲပင် . . . ရွက်ဝါက မေသော်တို့နားသို့ရောက်လာခဲ့သည်။

"ဟဲ့ . . . မေသော် . . . အဆင့်တစ်နဲ့ ဘာတွေလေပေါ်နေတာလဲ"

ဘေးမှဆယ်တန်း (A) ၏မင်းသားလေးကြည်လင်ခကို မျက်စောင်းထိုးကာ မေးလိုက်ခြင်းဖြစ်သည်။ ကြည်လင်မှာမူကား "ပျင်းစရာကောင်းလိုက်တာ" ဟူသောအကြည့်ဖြင့် ရွက်ဝါကို ခေတ္တကြည့်ပြီးနောက်ချာခနဲ ထွက်သွား၏။ ရုတ်တရက်လုပ်လိုက်သောကြည်လင့် အပြုအမူကြောင့် မေသော်ရော၊ ရွက်ဝါပါကြောင်အကုန်ကြသည်။ မေသော်သည် . . . ကြည်လင်ကျောကုန်းကိုကြည့်ပြီး တဖုန်းဖုန်းထုရိုက်ချင် စိတ်များတဖွားဖွားပေါ်လာလေသည်။ ရွက်ဝါ ရှေ့မှာမို့လို့သာ စိတ်ထိန်းနေ ရခြင်း။

ရွှက်ဝါကမူ တစ်စက်ကလေးမှ လည်ပြန်မကြည့်သော ကြည်လင့်ကျောပြင်ကို ငေးငေးလေးစိုက်ကြည့်နေသည်ကို တွေ့ ရသည်။

"နင်သိလားမေသော်။ ရွှက်ဝါနုနုဆိုတဲ့ ငါ့ကိုအဲ့ဒီလို ကျောပြင်ပဲ လက်ဆောင်ပေးတဲ့လူ တစ်ယောက်ယောက်မှမရှိ သေးဘူး။ ငါစာညံ့ပေမယ့် အလှမှာမညံ့ဘူးမေသော်။ နင်သိ ပါတယ်။"

မေသော်သည်ရွှက်ဝါကို တောင်းပန်သလိုကြည့်ရင်း ဘဝင်မြင့်လှသောကြည်လင်ခအားလည်းအတော်မြင်ပြင်းကပ် မိသည်။

"သူဟာဒီလိုပါပဲဟာ။ ငါတောင်ဒုအတန်းခေါင်းဆောင် မို့ မပြောမဖြစ်ပြောရတာ . . ငါနဲ့ စကားမပြောရင် ဘယ်သူက သူ့တာဝန်တွေလုပ်ပေးမလဲ . ."

"အေး . . . ငါသိတယ် မေသော်။ အတန်းခေါင်းဆောင်နဲ့ ဒုအတန်းခေါင်းဆောင်နဲ့ကတော့ စကားပြောမှဖြစ်မှာပေါ့ . . နင့် ဒုက္ခကိုငါနားလည်ပါတယ်..ငါ့ကြောင့် နင်တို့စကားပြတ်သွားရင် ခွင့်လွှတ်..."

"ဟာ ... မဟုတ်တာ ရွက်ဝါရ ... ကဲ ... ရှုပ်ပါတယ် ... မုန့်စျေးတန်းပဲသွားရအောင်ဟာ ... လာပါ"

နောက်ဆုံးတော့ ကြည်လင်ခဏ်ရိုင်းပျသော အပြုအမူအတွက်မေသော်ကသာ တာဝန်ယူခဲ့ရသည်။ ကြည်လင်ခဆိုသာ လူ ကတစ် ဖက် သား ဘယ် လို ဖြစ် ကျန် ခဲ့ မည် ဆို သည် ကို ဘယ်တုန်းကမှစိတ်မဝင်စားခဲ့သူဖြစ်သည်။ အဲသည်လို... သူများခံစားချက်တွေကိုဂရုမစိုက်တက်ခြင်းက သူများကသူ့ကိုဂရုစိုက်စေဖို့ ဖန်တီးခဲ့ သည်လား ... မေသော် ... မပြောတတ်။ သို့သော်နောက်တစ်နေ့ ကျောင်းတက်ချိန်တွင်တော့ ... မေသော် ထိုအရာကိုကြုံလိုက်ရသည်။

"မေသော် ... ငါကြည်လင့်ကို ချစ်တယ်"

အနားနားသို့ တိုးကပ်စွာ ပြောလိုက်သော လေသံကို ... ကြားမိ၍ မေသော့် တစ်ကိုယ်လုံး ... အေးစက်သွားသလိုခံစားလိုက်ရ၏။ ဘာလို့လဲ။ ဘာလို့များ မေသော့်နှလုံးသားထဲက အိပ်မက်ကိုမှ။

"ဟုတ်တယ် မေသော် ... အဲ့ဒီလိုပြောရင် နင်အံ့သြသွားမယ် ဆိုတာ သိပါတယ် .. ဒါပေမယ့် အဲဒါတကယ်ပါ .. ဟိုးတစ်နေ့

က ငါ့ကိုကျောခိုင်းထွက်သွားတဲ့ သူ့ကျောပြင်ကို ခံစားမိပြီးက
တည်း က ငါသူ့ကို မမေ့နိုင်တော့တာ"

မသော် . . . ပါးစပ်တွေ ဟောင်းလောင်းဖွင့်လျက်
ရွက်ဝါကိုကြည့်နေမိ၏။ ကြည့်ကောကြည့်၏ မမြင်ဆိုသလိုရွက်ဝါ
မျက်နှာကို မြင်ရမည့်အစား စက်ရုပ်ဆန်သော ကြည်လင်ခ
မျက်နှာကိုသာ တဖန်တလဲလဲ မြင်ယောင်မိသည်။ သေတော့
မှာပဲ . . . မိရွက်ဝါရယ်။ နင်အဲ့ကောင်ကို ချစ်မိလို့ကတော့သေမှာ။
အဲဒါသိရဲ့လား။ ငါတောင် . . . ငါတောင် . . . ကိုယ်နှလုံးသားကိုယ်
မနည်းဆွဲထုထား ရတာ။

"မသော်ရယ် . . . ငါ့ကို သူနဲ့ မိတ်ဆက်ပေးပါလားဟာ
နင်မိတ်ဆက်ပေးရင်တော့ သူငါ့ကို အဖက်လုပ်မှာပါ"

မိန်းကလေးတန်မဲ့တောင်းဆိုနေသော ရွက်ဝါကိုကြည့်
ရင်းမသော် . . . ဘာလုပ်ရမှန်းမသိတော့ချေ။

အဲဒီကောင်ရဲ့နှလုံးသားထဲမှာ မိန်းမဆိုသည့်အရာ၊
အချစ်ဆိုသည့် အရာဘာမှမရှိပါဟု လွယ်လင့်တကူ ပြောပစ်ရ
မည်လား။ ကြည်လင်ခ ဘယ်လိုလူစားမှန်းရှင်းလင်းစွာ သိလျက်
သားနှင့် ရွက်ဝါကို ထိုးကျွေးရမည်လား။ မဖြစ်နိုင်လိုက်တာ။

"အဲဒီ ခံစားချက်ကို မေ့လိုက်ပါ ရွှက်ဝါ"

မေသော်အဲ့ဒီလို ပြောတော့ ရွှက်ဝါ မျက်လုံးတွေဝိုင်းကျယ်သွားကြသည်။

"ဘာလို့လဲ...မေသော် နင်ကဘာလို့ မကူညီပေးချင်ရတာလဲ"

"ငါ မကူညီချင်တာ မဟုတ်ဘူးဟဲ့ . . အဲ့ဒီကောင်အကြောင်းသိလို့ ပြောနေတာ"

မေသော်အသံက မာကြောစပြုလာပြီ။

မေသော်စကားဆုံးသည်နှင့် ရွှက်ဝါသည် မေသော်ကိုမကျေနပ်သလို တစ်ချက်ကြည့်ရင်း . . . ခပ်ရှောင်ရှောင် ရယ်သည်။

"ဟားဟား...ငါနားလည်ပြီ မေသော်..နင်ကြည်လင်ခကိုကြိုက်နေတာ.."

"မဟုတ်ဘူး"

ခါးသီးစွာငြင်းဆိုခြင်းဖြစ်သည်။

"မဟုတ်ဘူး..နင်ထင်သလို မဟုတ်ဘူး ရွှက်ဝါ..နင့်အတွက် ငါတားနေတာ..ငါ့အတွက်ငါတားနေတာမဟုတ်ဘူး.."

ရွက်ဝါက အခင်မတန်လှပသော သူမ၏နှုတ်ခမ်းစိုအိအိ လေးကို ဖိကိုက်ရင်း...

"ငါ နှင့်နှလုံးသားကို ခုလေးတင် လှမ်းမြင်လိုက်တာပါ မေသော်ရယ်။ နှင်နဲ့ငါပေါင်းလာတာ ဘယ်နနှစ်ရှိပြီလဲ..တကိုပဲ စိတ်ဝင်စားတဲ့ နှင်ကငါလိုပဲ ယောကျ်ားတစ်ယောက်ကို စိတ်က စားတတ်တာ အံ့ဩစရာပေါ့..ဟုတ်ဘူးလား..ငါတို့နှစ်ယောက် ပြိုင် ဖက်ဖြစ် သွားကြပြီလား... မေသော်"

မေသော်... သက်ပြင်းကို အရှည်လျားဆုံးချပစ်လိုက်သည်။ မေသော့် ပတ်ဝန်းကျင်မှလေထုသည် ချလိုက်သော သက် ပြင်းကြောင့် နွေးထွေးသွားသလို။ ပြီးမှတစ်လုံးချင်း ပြောလိုက် သည်။

"ပြိုင်ဘက်ဆိုတာ ပြိုင်ပွဲရှိမှ ဖြစ်တာပါ ရွက်ဝါရယ်... ပြိုင်ပွဲ ဆိုတာ မရှိရင် ပြိုင်ဘက်ဆိုတာလည်း ပေါ်လာစရာမှမရှိပဲ နှင်နဲ့ ငါဟာသူငယ်ချင်းတွေပါ..ကစားဖော်၊ ကစားဖက်၊ စာ ကျက်ဖော်၊ စာကျက်ဖက်၊ ထမင်းခိုးစားဖော်၊ ခိုးစားဖက်။ ဒါပေမယ့် ပြိုင်ဖက်တော့မဟုတ်ဘူး"

မသော်စကားကိုရွက်ဝါလည်းနက်ရှိုင်းစွာနားထောင်ခံစားနေသလို.နှစ်ဦးသားထိုင်ခုံပေါ်တွင်မှောက်အိပ်လျက်သားဖြင့်အသဲကွဲလိုက်ကြသည်။ဩော်…မိန်းကလေးတွေဟာလေ.တစ်ဖက်ကဖြင့် မေတ္တာမပြောနှင့်၊ စေတနာတောင် မဖူးပွင့်သေး။ အသည်းတစ်ဝက်ကွဲ နှင့် ပြီးသူများဖြစ်ကြသည်။

"မသော်…နေမကောင်းဘူးလား"

မုန့်စားဆင်းချိန်းမှာတောင် အောက်မဆင်းဘဲ စားပွဲခုံပေါ်မှောက်အိပ်နေသည့် မသော်ကို တစ်စုံတစ်ဦးက မေးလာခြင်းဖြစ်သည်။

"ရှေ့ဒီမှာ…ဒိန်ချဉ်လေးသောက်လိုက်ပါလား"

ကြည့်လိုက်တော့ အပြောအသင်းခေါင်းဆောင်ဘုန်းဆက်ဖြစ်သည်။

"ရတယ် ဘုန်းဆက် ..ဒီမှာ မယ်ရွက်ဝါကို နိုင်အောင်ပြောနေရတာနဲ့"

မသော်စားပွဲနှင့် မျက်နှာကိုဖိကပ်ကာ မှောက်အိပ်လျက် သားဖြင့်ပင်ပြန်ဖြေသည်။ ရွက်ဝါကမူဆက်ခနဲ ကောက်ထိုင်လိုက်ပြီး…လက်ပိုက်ကာဘုန်းဆက်ကိုစူးစူးရဲရဲကြည့်လျက်

"ဒီနှစ်ယောက် အိပ်နေတဲ့အထဲက တစ်ယောက်ကိုပဲ သတင်းမေးတာကတော့ လုံးဝမတရားတာနော် ဘုန်းဆက် ငါလည်းနေမကောင်းဘူး ဒိန်ချဉ်တစ်ဗူး ရမလား..."

ဟုစပ်တည်တည် မေးလိုက်လျှင် ဘုန်းဆက်မျက်နှာ တစ်ပြင်လုံး မီးဟပ်လိုက်သဖွယ် ရဲရဲနီဖြာသွားသည်။ ခေါင်းကြီး ကုတ်ကာ မေသော်ကို မျက်နှာချင်းမဆိုင်ဘဲ တဟီးဟီးရယ်နေ တော့သည်။

သေချာသည်..ဒီကောင် မေသော်ကို...။

ရွှက်ဝါရော၊ မေသော် သဘောပေါက်သိရှိကာ ပြိုင်တူ ရယ် မောလိုက်ကြသည်။

"ဟားဟားဟား"

ဘုန်းဆက်ကတော့ ပုခုံးတွန့်ကာ ထွက်ပြေးသွားခဲ့ပြီ။

ဘုန်းဆက်သည် လက်ထဲရှိ ဒိန်ချဉ်ဘူးကို ကိုင်ရင်းပြုံး စိစိဖြစ်နေသည်။ သည်တစ်ဘူးကဟိုမယ်မင်းကြီးမ ...ရွှက်ဝါနုနု အတွက်ဖြစ်သည်၊ ရွှက်ဝါပါးစပ်ကို လုံအောင်မပိတ်နိုင်ပါက သူ၏ မေသော်အပေါ်ထား ရှိသော မေတ္တာအားတစ်တန်းလုံး သိအောင် ဖွမည့်သဘောရှိသည်။ ထို့ကြောင့် ဒိန်ချဉ်နောက်

တစ်ပုံး ထပ်ဝယ်ကာ ဒင်းအားမျက်နှာ လုပ်ရန် ကြံစည် နေခြေင်း ဖြစ်သည်။ ထိုအခိုက် ခါးကို လက်ကလေး တစ်ခုလာတို့၏။

"အစ်ကို ...ဟိုအစ်ကိုက ပေးခိုင်းလို့ဗျ"

လေးတန်းကျောင်းသားလေးက ဘုန်းဆက်လက်ထဲသို့ စာတစ်စောင်ထည့်ပေးရင်း စာပေးလိုက်သူကိုလည်း လက်ညှိုးဖြင့် ညွှန်ပြသည်။ ညွှန်ပြရာကြည့်လိုက်လျှင် မုန့်စားတန်း၏ အမှောင်ကျကျတစ်နေရာတွင် လက်ပိုက်လျက်သား အနေအထားဖြင့်နံရံကိုမှီလျက်ရပ်နေသည့်ကြည်လင်ခကိုတွေ့လိုက်ရသည်။ အဆင့်တစ် ကောင် ဟု စိတ်ထဲမှ ကျိန် ဆဲလိုက်သည်။

စာကိုဖွင့်ဖတ်လိုက်လျှင် ...

*"ဘုန်းဆက် . . . ယောက်ျားဆိုတာ အိပ်မက်ကြီးကြီး မက်ရတယ်ကွ . . မင်းမက်ချင်ရင်ကမ္ဘာကြီးကို ပြောင်းလဲမယ့် အိပ်မက် ငါ့မှာရှိတယ် ကျောင်းလွှတ်ရင် . . . ဘောလုံးကွင်းကို လာခဲ့ပါ"*

*ကြည်လင်ခ*

အင်းလေ…နှစ်ယောက်ထဲတွေတော့ပိုထိုးလို့ကောင်း တာ ပေါ့ဟု ဘုန်းဆက်တွေးမိသည်။ ဒီကောင်က သူချစ်သော မိန်းကလေး၏ နှလုံးသားကို အပြည့်အဝသိမ်းပိုက်ထားသူ ဖြစ် မှန်းသိနေသည့် ခံစားချက်က အဲသည်နေရာကိုမရောက်ရောက် အောင်သွား စေခဲ့သည်။

ကျောင်းဆင်းသည်နှင့် ဘောလုံးကွင်းထဲ ဘုန်းဆက် ရောက်ခဲ့သည်။ ကွင်းထဲရှိ တစ်ပင်တည်းသော သစ်ပင်အောက် တွင်တော့ X (A) ၏ မင်းသားကြည်လင်ခကို ၎င်း၏ အချိုးမပြေ သောပုံစံအတိုင်း လှမ်းမြင်ရ သည်။

"မင်းလာတာ ကျေးဇူးတင်တယ် ဘုန်းဆက်"

"မလိုပါဘူး . . သိပ်အားနေလို့လာတော့ မဟုတ်ဘူး မင်းဆီ က တစ်ခုသေချာချင်လို့ လာခဲ့တာ"

"အိုကေ…ပြောကြည့်လေ…"

လက်ပိုက်လျက်သားပုံစံဖြင့် ပုခုံးတွန့်ပြောလိုက်သော ကြည်လင်ခ၏ မျက်နှာကိုသူရွဲ့တင်တင် ဖြစ်သွားသည်။ သို့သော် ပြောစရာရှိသည်တော့ ပြောထားရမည်။

"ငါက မေသော်ထက်ကို ချစ်တယ် .. မင်းဝင်မပါဘူး မဟုတ်လား"

"ဟားဟားဟား"

ရှောင်ပြောင်ရယ်မောနေသော ကြည်လင်ခကို ဘုန်းဆက်မျက်နှာလွှဲလိုက်သည်။ နှလုံးသားမရှိသည့် သည်လိုကောင်စားမျိုးဆီကမှ မိန်းကလေးတွေက မတန်တဆမျှော်လင့်တတ်ကြလွန်းသည်ဟု တွေးမိသည်။

"ဘုန်းဆက် ... ငါကမင်းလိုမဟုတ်ဘူး၊ ငါ့အတွက် အဲ့ဒီကိစ္စတွေက အရေးမပါဘူး .. ဟားဟား"

ဘုန်းဆက် ... အခုမှ စိတ်အေးသွားပုံဖြင့် ပခုံးပြန်တွန့်လိုက်ပြီး ...

"အိုကေ ... ဒါဆို ငါတို့ နားလည်မှုရသွားပြီပေါ့ .. ငါဒိုးပြီ"

"ခဏနေဦး ... မင်းကို ဒီချိန်းခဲ့တာ မင်းလိုချင်တာ ပေးဖို့ချည်းပဲမဟုတ်ဘူးလေ။ ငါလိုချင်တာလည်း မင်းဆီက ရရမယ် .. ရမှဖြစ်မယ် .."

ဘုန်းဆက် ... မျက်ခုံးတွန့်ချိုးသွားပြီး ...

"မင်းက ငါ့ဆီက ဘာလိုချင်တာလဲ ကြည်လင်"

"လူ"

"ဘာ"

"ဟုတ်တယ် ... ဘုန်းဆက် ..မင်းကသူငယ်ချင်းများ တယ်။ ဟိုးသူငယ်တန်းကနေ ကိုးတန်းထိ အသက်အရွယ်မရွေး သူငယ်ချင်းတွေ မင်းဆီမှာ အများကြီးပဲ ... ငါ ..အဲဒီလူတွေလို တယ်..ခဏ ပေါ့ကွာ Period(အချိန်)တစ်ခုပဲ"

"ဘယ်လို"

ဘုန်းဆက်၏မျက်နှာမှလျှံကျလာသော အံ့သြမှုများကို ကြည်လင်ခ တမြုံ့မြုံ့ခံစားရင်း ...

"ဟုတ်တယ် ... ဘုန်းဆက် ... ငါတို့ ယောက်ျားတွေ အိပ်မက် ကြီးကြီးမက်ရအောင် ကမ္ဘာကြီးကိုကိုယ့်ဘဝနဲ့ရင်းပြီး ပြောင်းလဲပစ်ရအောင်"

"မင်းဘာကိုဆိုလိုတာလဲ ကြည်လင်ခ ..မင်းပြောတာ တွေ တစ်ခုမှကို နားမလည်တာ"

"မင်းသေချာနားထောင် ဘုန်းဆက်၊ ကမ္ဘာကြီးကို ပြောင်းလဲပစ်မယ့်အစီအစဉ် ငါ့မှာရှိတယ်။ အဲဒီအတွက် ပေးဆပ် ရမှာတော့ များတယ်။ ဒါပေမယ့် ငါလုပ်မယ် ..ငါ့အတွက်ပါတနာ

တစ်ယောက်လိုတယ်..အဲဒီပါတနာအဖြစ်မင်းကိုရွေးထားတယ်..မင်းကတစ်ဆင့်ကမ္ဘာကြီးကိုပြောင်းလဲပေးမယ့်လူတွေကိုငါတို့ခေါင်းဆောင် ရွေးချယ်ကြမယ် . . ငါတို့နှစ်ယောက်ရဲ့စွမ်းအားနဲ့ကမ္ဘာကြီးကို ပြောင်းလဲပစ်မယ့်လူတွေကို မွေးဖွားကြမယ်"

မှင်သက်နေသော ဘုန်းဆက်ကို ကြည်လင်ခ ပခုံးတစ်ချက်ပုတ်ရင်း...

"မင်းရင်ထဲမှာ ရှိနေတဲ့ ချစ်အိပ်မက်ကိုလွှင့်ပစ်လိုက်တော့ ဘုန်းဆက်။ အဲ့ဒါက ဘာမှ အကျိုးမပေးဘူး။ ငါနဲ့အတူကမ္ဘာကြီးကို ပြောင်းလဲပေးတာကမှ . . . နောင်အနာဂတ် ငါတို့ကမ္ဘာအတွက် အကျိုးရှိတာ"

ဘုန်းဆက်သည် ကြားနေရသောစကားတွေကို လုံးစေ့ပတ်စေ့နားမလည်။ နားလည်သလောက်လေးကိုသာ မေးခွန်းထုတ်မိသည်။ ငါတို့နှစ်ယောက်ထဲနဲ့ ကမ္ဘာကြီးကို ဘယ်လိုပြောင်းလဲနိုင်ပါ့မလဲ"

"ဟားဟားဟား . . . သိပ်ပြောင်းလဲနိုင်တာပေါ့ဘုန်းဆက်ရာ...ဒီမှာကြည့်...ငါတို့အစီအစဉ်ရဲ့မဟာဗျူဟာ"

ကြည်လင်ဖြန့်ခင်းပြသော စာရွက်ကို ကြည့်ကာ ဘုန်းဆက်သည် သူ၏တာဝန်ဝတ္တရားများကို အနည်းငယ်နားလည်လိုက်သည်။

သူက ကြည်လင်ခ၏ ပထမအဆင့်ဖြစ်သော Dream Game ကို ပျံ့နှံ့အောင်လူရွေးချယ်ကာ ပေးအပ်ရမည်။ အဲ့သည်နောက်အဲသည်လူတွေပျောက်သွားသည်နှင့် Dream Game ကိုအစဖျောက်ခြင်း လုပ်ဆောင်ရသည်။ ပြီးတော့ ကြည်လင်ခ သင်ပေး သည့် Hypotism (အိပ်မွေ့ချ)ပညာကို လေ့လာကာ လမ်းညွှန်ပေးရမည်။ လမ်းညွှန် မှုပြီးသည်နှင့် Player တွေ အိမ်ပြန်နိုင်ပြီ။ လုပ်ရမည် က ဒီလောက်သာ။

ဘုန်းဆက်သည်...အပြောင်းအလဲအတွက်ရင်ခုန်သွားမိသည်။ အချစ်ဖြင့်သာ ရင်ခုန်ခဲ့သော သူ့ရင်သည် အတွေးအကြုံဆန်းတွင် အိပ်မက်မက်ရန် ပိုမိုရင်ခုန်ခဲ့ရာ...သူ့အိပ်မက်ဟောင်းမေသော်ထက်ကို မေ့သွားခဲ့သည်။

အဲသည်နောက်ကြည်လင်ခနှင့် ဘုန်းဆက်သည် လှပသောဂိမ်းတစ်ခုကို မိမိတို့ရွေးချယ်ထားသူများထံ ပေးပို့ခဲ့သည်။

ဂိမ်းက Dream Game အား Source code ထုတ်ယူကာ အနည်း ငယ်ပြောင်းလဲခဲ့သည့် ဂိမ်းဖြစ်သည်။ ဂိမ်းမှတဆင့် ကြည်လင်ခ ၏ အိပ်မက်ပန်းတိုင် အကြောင်း အရာများကိုစွဲမြဲစွာ ကစားပြီး Secret Level အား ဖြတ်ကျော်ကာ မပေ်ာဂနီ အိမ်ကြီးဆီသို့ ရောက်ရှိလာ နိုင်လျှင်ကို ထို Player က သားကောင်ဖြစ်ပြီ။

ဂိမ်းမှတဆင့် မိတ်ဆက်ခဲ့သော အိပ်မွေ့ချနည်းများ စွမ်း အင်ရရှိစေသော အိပ်မက်ရေည်များ၊ မာကျူရီမီးများဖြင့် အိပ်မက် မက်တတ်စေရန် ဆွဲဆောင်နိုင်ခဲ့ကြသည်။ Player အများစုမှာ ကြည်လင်မျှော်လင့်သည့် အတိုင်း အိပ်မွေ့ချသားကောင်များ ဖြစ်ခဲ့ သည်။

သူတို့၏ အစီအစဉ်အောင်မြင်လာသည်နှင့် အမျှ ဘုန်း ဆက်သည် ကြည်လင်ခ အပေါ် ယုံကြည်မှုပိုမိုပြင်းထန်လာခဲ့ သည်။ အိပ်ပျော်နေသော Player များကိုတွေ့တိုင်း ဘုန်းဆက် ကိုယ်တိုင်ပါ အိပ်မွေ့ချခံထားရပြီလားဟု ကိုယ့်ကိုကိုယ် တွေးမိ သည်။ သို့သော် လုပ်ရပ်တွေကိုရပ်လို့လည်းမရ။ အခုတော့ ကြည်လင်ခသည် ဘုန်း ဆက်၏ ဆရာတစ်ပါးဖြစ်ခဲ့ပြီ။

"ဘုန်းဆက်...မင်းငါ့ကိုယုံလား"

တည်ငြိမ်စွာ စိုက်ကြည့်လျက်ပြောနေသော ကြည်လင်စအား ဘုန်းဆက်ဘာမှမတုန့်ပြန်။ ကြည်လင်ကမူ အဝေးတစ်နေရာကို လှမ်းမျှော်ကြည့်ရင်း...

"မနက်ဖြန် ငါသိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ချစ် ရေးဆိုမယ်ကွ မေသော်က သူ့ကိုသိပ်တော်စေချင်တယ်လေ"

ဟု ဆွေး ဆွေးမြေ့မြေ့ဆိုလိုက်လေတော့သည်။"

ငါတို့ သူငယ်ချင်းအဖြစ်
အတူရှိတဲ့အချိန်တွေကို
သတိရပေးပါ။



တစ်လခန့်မျှအကြာ...

မေသော်လည်း ပုံမှန်အတိုင်း ကျောင်းပြန်တက် နိုင်ခဲ့ပြီ ဖြစ် သည်။

လွယ်အိတ်ကို ခုံအောက်ထိုးသွင်းလျှင် ဘေးက ရွှက်ဝါက

"ဟဲ့...နင်ဒီနေ့နောက်ကျတယ်"

ဟု ခပ်သွက်သွက်နှုတ်ဆက်၏။

မေသော်သည် အဲ့ဒီလိုမနှုတ်ဆက်သည်မှာ ကြာပြီဖြစ် သော ရွှက်ဝါမျက်နှာကို အကြာကြီးငေးမိရာ. . .

"ဟဲ့...မျက်နှာလည်းပေါက်ထွက်ဦးမယ်"

ဟုရွှက်ဝါက ခပ်ရွှတ်ရွှတ်ဆိုလေသည်။

"ဒီမှာ နင့်အတွက် ငါစာတွေကူးပေးထားတယ်။ ဒီမှာ အင်္ဂလိပ်စာလည်း ရှင်းပြရဦးမယ်နားထောင်။"

မေသော်မျက်လုံးများ ဝိုင်းစက်နေဖြစ်သွားရသည်။ ရွက်ဝါ ပြောင်းလဲသွားပြီ။

"နင်အံ့ဩသွားသလား။ ငါစကားတစ်ခွန်းပြောရင် နင်ရယ် မှာပဲမေသော်။ ဒါပေမယ့် ငါနင့်ကိုပြောပြချင်ပါတယ်။"

"အင်း"

"ဒီတစ်ခါလပတ်စာမေးပွဲမှာ အဆင့်တစ်နေရာကို ငါယူမယ်မေသော်။"

ပိုင်နိုင်သေချာလှသော ရွက်ဝါအပြုံးကို ငေးရင်းထိုသို့ ယုံကြည်မှုပြင်းထန်သည့် တစ်စုံတစ်ဦးကို အသည်းအသန်သတိရမိသွားသည်။

"မေသော်...ငါပြောရင် နင်စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောချင်ပေမယ့် ကြည်လင်ဟာ အားလုံးပြောသလို လူဆိုးတစ်ယောက်မဟုတ်ဘူးဆိုတာတော့ ငါပြောချင်တယ်မေသော် ။ သူက ငါတို့တွေကို ခဏ Training ပေးခဲ့တာမျိုးပေါ့။ အချိန်တန်

ရင်သူပြန်လွှတ်ပေးမှာ။ ရလဒ်ဟာဘာဖြစ်လာမယ်မှန်း သူ့ဦးနှောက်ကသိလျက်နဲ့ သူ့ဒိပ်မက်ကို သူအကောင်အထည်ဖော်ခဲ့တယ်။ သူ့ရည်မှန်းချက်က တအားအိပ်မက်ဆန်နေလို့သာလူ့လောကနဲ့ဘောင်မဝင်ခဲ့တာ။ ငါ့တုန်းကလည်း နှင့်ကိုလုပ်သလိုသတ်မလိုစမ်းသပ်ခဲ့ဖူးတယ်။ သူက Psycho man လေ။ လူတွေကိုအမြဲတမ်း Psycho Test လုပ်ရမှကျေနပ်တဲ့သူ"။

မေသော်အားတင်းပြုံးကြည့်သည်။ မရ။

ရင်ဘတ်ထဲက အောင့်ကာနာနေသဖြင့် နှုတ်ခမ်းကအပြုံးသည် ဖွယ်တယ်တယ်ကြီးဖြစ်နေသည်။ ဘယ်သူက ဘယ်သူ့ကို အိပ်မက်ပေးခဲ့တာလဲ။ ချစ်ခဲ့တာလဲ။ မုန်းခဲ့တာလဲ။

"သူကသူနဲ့ပတ်သတ်တဲ့သူတွေကိုချည်း သူ Player အဖြစ်ခေါ်ခဲ့တာ။ ငါ့ကိုချစ်သူအဖြစ်ရွေးခဲ့တာလည်းအဲ့ဒါကြောင့်ပဲဖြစ်မှာ"

"နှင်ငါ့ကို လက်ဆောင်ပေးခဲ့တဲ့ ဂိမ်းခွေကလည်း သူ့အတွက်တစ်ခုပေါ့ဟာ။ နှင်မြင်ခဲ့တဲ့နေရာမှာ ချထားရင် ဂိမ်းမဆော့တဲ့နှင်က ငါ့ကို လက်ဆောင်ပေးမှာ သူကြိုသိမှာပေါ့ရှက်ဝါ"

"အင်းပေါ့မေသော်ရယ်။ ငါတို့ အဆုံးမသတ်လည်း ကိုး တန်းဘက် မိဘတွေဆီမှာ အိမ်မက်ဂိမ်းခွေကရှိနေပြီ။ ဆရာမ ဒေါ်ဝေဝေဦးကလည်း နင်Uninstall မလုပ်ခဲ့တဲ့ဂိမ်း Puzzle ကို ဖော်ပြီးလိုက်လာနိုင်တာ။ အဲ့ဒီနေ့တင်ပဲ သူ့ကို လာ ဖမ်းကြတော့ မှာ"

"ဪ"

"ဒါနဲ့...အဲဒီနေ့ ငါ့အကျီထဲကထွက်လာတာရှိတယ်။ နင့် အတွက်ကဗျာလေးတစ်ပုဒ်ပါ ကြည်လင်က တစ်ခုခုကိုကြိုသိနေ. သလိုပဲ။ ဘာလို့နင့်ကို မပြောသွားတာလဲ မသိပါဘူးမေသော် ရယ်"

မေသော်သည် For May Thaw ဟုရေးထားသည့် စာရွက်ခေါက်လေးကို ရှက်ဝါလက်ထဲမှ လှမ်းယူလိုက်သည်။ သူမတို့နှစ်ဦးစလုံးတိတ်ဆိတ်မှုကြားမှ လွမ်းဆွတ်နေကြပါ သည်။

# *After me*

*When I will not be here*

*When I will be gone forever*

*When I will be dead ,*

*just come to my grave,*

*Don't cry . . .*

*Just put some wild flowers beside me*

*Sit along the yard for few moment,*

*Talk to me ,*

*Cheer me up . . .*

*Remember the times when we were together ,*

*When we were friends ,*

*Listen to my quiet reply . . .*

*Enjoy those moments,*

*Try to understand the unsaid words & consider ,*

*How much you still mean to me . . .*

# ငါမရှိတဲ့နောက်

ငါဒီနေရာမှာ မရှိနိုင်တဲ့အချိန်
ငါထာဝရထွက်သွားရတဲ့အချိန်
ငါသေဆုံးသွားတဲ့အချိန်
ငါ့အုတ်ဂူကို လာရုံလေးလာပါ။
မငိုပါနဲ့။
ပန်းရိုင်းလေးတွေကို ငါ့နံဘေးနားလာထားပေးပါ။
ငါလဲလျောင်းရာမြေပေါ် နင်ခဏထိုင်ပေးလို့
ငါ့ကို စကားပြောပေးပါ။အားပေးပါ။
ငါတို့ သူငယ်ချင်းတွေအဖြစ် အတူရှိခဲ့စဉ်အချိန်တွေကို
သတိရပေးပါ။
ငါ့ရဲ့ဆိတ်ငြိမ်သော စကားသံကိုလည်း
နင်နားထောင်ပေးပါနော်
ဒီအချိန်လေးကို မျှော်ပေးပါဟာ...
ဖွင့်မပြောခဲ့တဲ့ စကားလုံးတွေကို နားလည်ပေးဖို့ ကြိုးစားရင်း
နင်ဟာ ငါ့အတွက် ဆိုတာ ဘယ်လောက်တောင်အဓိပ္ပါယ်
ရှိခဲ့သလဲကွယ်။

ကြည်လင်စ

ဘဝမှာအိပ်မက်တွေက    များလွန်းတယ်နော်

ကြည်လင်။

နင်နဲ့ ငါနဲ့ ဒီနေရာမှာ စကားပြောခဲ့တယ်။ တွေ့ခဲ့တယ်။ ရှိခဲ့ တယ်။ အခုတော့ ဒီနေရာမှာ နင်မရှိတော့ဘူး။

ဒီလိုပါပဲဟာ...ငါတို့တွေရဲ့ဘဝတွေလည်းခွေးအမှျပါ...

ကြည့်ရင်းကြည့်ရင်း ပျောက်...ပျောက်သွားမှာ....

ကြည့်ရင်းကြည့်ရင်းနိုး....နိုး....သွားမှာ...

ဒါမှမဟုတ်...

ကြည့်ရင်းကြည့်ရင်း ...အိပ်ပျော်သွားမှာပါ။

ဘ၀ဆိုတာ အိပ်မက်ဆန်လွန်းတယ်ဆိုရင်...

တစ်ဖက်လူက နင့်ကိုချစ်နိုင်မယ့် အခွင့်အရေးလေး တော့ပေးသင့်ပါတယ် ကြည်လင်ရယ်။

ယနေ့အိပ်မက်ဟာ မနက်ဖြန်အတွက်ပန်းတိုင် ဖြစ်ခြင်း ကို သင်သိစေလို၍ ဂိမ်းကစားစေခဲ့ခြင်းကို နားလည်ပါပြီလား။

ရှုံးနိမ့်မှုများ၊ သီးခံမှုများ၊ နာကျင်မှုများဖြင့်၊ အိပ်မက်ဆီ အရောက်သွားမည့်အကြောင်းများကို ဂိမ်းကစားရုံဖြင့် သင် တကယ်နားလည်နိုင်ပြီလား။ မီးခိုးလုံးများဖြင့်မှိုင်း၀နေသော ကျွန်ုပ်တို့၏ ကမ္ဘာ၊ လောဘများနှင့်မှိုင်းဝေနေသော ကျွန်ုပ်တို့၏ စာရိတ္တများကို ပြောင်းလဲရန်...

သင့်အိပ်မက်တွေက တစ်ထောင့်တစ်နေရာမှ ပါ၀င် ဖြည့်စွက်နေသည်ကိုသိပါရဲ့လား။

သင်တစ်ယောက်တည်းနှင့်တော့ ကမ္ဘာကြီးကို မပြောင်းလဲနိုင်ပါ။

လူပေါင်းများစွာ၏ ရည်မှန်းချက်မဲ့သော အိပ်မက်များမှ သည် ရည်မှန်းချက်ရှိသော ဘ၀များဆီ...

ဦးတည်ရာမဲ့သော အိပ်မက်များမှသည်...

ပြည့်စုံသော အိပ်မက်များဆီ...

ပြောင်းလဲနိုင်ပါသည်။

အရေးကြီးသည်က သင့်အိပ်မက်ဖြင့် သင့်ဘဝကို ပြောင်းလဲဖို့ပင် ဖြစ်သည်။ ။

***Dream = Life = Change.***

***End with love;***

***Kyalyilinsix***